# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက် | ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၁၀ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၉)၊ အမှတ် (၃၄၃)


## ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနေ့တွင် ပြည်တွင်းနှင့်နိုင်ငံတကာ သတင်းမီဒီယာများ သတင်းရယူခွင့်ရှိကြောင်း အသိပေးကြေညာခြင်း

၁။ အထွေထွေရွေးကောက်ပွဲကျင်းပမည့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် သတင်းမီဒီယာများအနေဖြင့် သတင်းရယူမှုကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာများအတွက် ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်များနှင့်အညီ လွတ်လပ်စွာ သတင်းရယူခွင့်ရှိပါသည်။

၂။ သတင်းရယူလိုသည့် ပြည်တွင်းမီဒီယာများကို အထွေထွေရွေးကောက်ပွဲကျင်းပမည့် ခရိုင်တစ်ခုချင်းစီအတွင်းရှိ သက်ဆိုင်ရာမြို့နယ်များတွင် မီဒီယာတစ်ခုလျှင် (၄) ဦးနှုန်းဖြင့် သတင်းရယူခွင့်ပြုသွားမည်ဖြစ်ပါသည်။

၃။ သတင်းမီဒီယာသမားများသည် ရွေးကောက်ပွဲနေ့ သတင်းရယူခွင့် သက်သေခံကတ်ပြားများ လျှောက်ထားရာတွင်–

(က) ပြည်တွင်းသတင်းမီဒီယာသမားများသည် မိမိကိုယ်စားပြုသည့် ပြည်တွင်းသတင်းမီဒီယာအဖွဲ့အစည်းမှ ရွေးကောက်ပွဲသတင်းရယူရန် တာဝန်ပေးစေလွှတ်ထားသူဖြစ်ကြောင်း အထောက်အထားစာကိုတင်ပြ၍ သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံတွင် လျှောက်ထားရမည်။ ခရိုင်တစ်ခုထက်ပို၍ သတင်းရယူလိုပါက သတင်းရယူလိုသည့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံတွင် ထပ်မံလျှောက်ထားရမည်၊

(ခ) ပြည်တွင်းပုဂ္ဂလိက သတင်းမီဒီယာသမားများသည် ကိုယ်တိုင်ရေး လျှောက်လွှာတွင် မိမိနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းသတင်းမီဒီယာ အဖွဲ့အစည်း၏ ထောက်ခံချက်စာကို တင်ပြ၍ သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်။ ခရိုင်တစ်ခုထက်ပို၍ သတင်းရယူလိုပါက သတင်းရယူလိုသည့် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများထံတွင် ထပ်မံလျှောက်ထားရမည်၊

(ဂ) နိုင်ငံတကာသတင်းမီဒီယာများသည် ပြန်ကြားရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနက စိစစ်ထောက်ခံပေးသည့် နိုင်ငံတကာသတင်းမီဒီယာအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များကိုသာခွင့်ပြု၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိအမှတ်ပြုကတ်ပြားများ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၄။ သတင်းမီဒီယာသမားများသည် ရွေးကောက်ပွဲနေ့ သတင်းရယူခွင့် သက်သေခံကတ်ပြားများ လျှောက်ထားခြင်းကို ၂၃–၁၀–၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ထိုင်းနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၆၀ အား မြန်မာသံရုံး ဗန်ကောက်မြို့မှ စီစဉ်သည့် (၇) ကြိမ်မြောက် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ (ယာပုံ)

ထို့ပြင် အီဂျစ်နိုင်ငံ၌ အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၂၈ ဦးအား မြန်မာသံရုံး၊ ကိုင်ရိုမြို့မှ စီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)

*စာမျက်နှာ ၁၂ ကော်လံ ၁* ❐




**အဏ္ဏဝါပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်လာစေသော ပိုင်ရှင်မဲ့(စွန့်ပစ် / ပျောက်ဆုံး) ငါးဖမ်းကိရိယာများ ဆက်လက်မဖြစ်ပေါ်စေရေး** (စာ ➤ ၆)

**ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ထည်ဝါခံ့ညားပြည့်အင်အား ပဲခူးမြစ်ကူးတံတားများ** (စာ ➤ ၈၉)

**ကူးစက်မှုနှုန်းတိုးလာမှုတွေနဲ့အတူ တစ်ကျော့ပြန် စည်းကမ်းတင်းကျပ်လာတဲ့ အစွရေး** (စာ ➤ ၂၁)





# လူကုန်ကူးမှု တိုက်ဖျက်ရေး အမျိုးသားရေးတာဝန်

လူကုန်ကူးမှုသည် အများအားဖြင့် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုဖြစ်ပြီး ကမ္ဘာ့နေရာအနှံ့အပြားတွင် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားနေကြသည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးကို ကမ္ဘာ့နိုင်ငံအသီးသီးက ဆောင်ရွက်နေကြသည့်တိုင် လျော့နည်းပပျောက်သွားခြင်းမရှိဘဲ တိုးလာနေသည်ဟုသာဆိုသည်။ ယင်းသို့ တိုးလာနေရသည့် အဓိကအကြောင်းရင်းခံကလည်း ရှိနေသည်။ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ခြင်း၊ လက်နက်မှောင်ခိုရောင်းဝယ်ခြင်းတို့နည်းတူ လူကုန်ကူးခြင်းမှရရှိသည့် အကျိုးအမြတ်ပမာဏကြီးမားခြင်းက ရာဇဝတ်ဂိုဏ်းများအတွက် ဆွဲဆောင်မှုဖြစ်သလို လူကုန်ကူးမှု၏ သားကောင်များအရေအတွက် တိုးလာနေခြင်း၏ အကြောင်းရင်းလည်း ဖြစ်သည်။

မြန်မာနိုင်ငံအပါအဝင် အရှေ့အာရှနှင့် ပစိဖိတ်ဒေသအတွင်း လူကုန်ကူးခံရသူများကို ကြည့်ပါက အမျိုးသမီး ၄၈ ရာခိုင်နှုန်းနှင့် အမျိုးသား ၂၉ ရာခိုင်နှုန်းဖြစ်ပြီး ကျန် ၂၃ ရာခိုင်နှုန်းမှာ ကလေးများဖြစ်သည်။ ကလေးများတွင်လည်း ၁၉ ရာခိုင်နှုန်းမှာ မိန်းကလေးများဖြစ်ပြီး ၄ ရာခိုင်နှုန်းမှာ ယောက်ျားလေးများ ဖြစ်သည်ဟု ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုခင်းဆိုင်ရာရုံး၏ ၂၀၁၈ ခုနှစ် အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ လူကုန်ကူးခံရမှု အမျိုးအစားတွင်လည်း လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု ၆၀ ရာခိုင်နှုန်း၊ လုပ်အားခေါင်းပုံဖြတ်မှု ၃၈ ရာခိုင်နှုန်းနှင့် အခြားလူကုန်ကူးမှု ၂ ရာခိုင်နှုန်း ပါဝင်သည်။ လူကုန်ကူးမှုများတွင် စိစစ်ဖော်ထုတ်ချက်အရ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် လူကုန်ကူးမှု တရားခံအများစုမှာ အမျိုးသမီးများဖြစ်ကြရာ လူကုန်ကူးမှုတွင် သားကောင်များရော ကျူးလွန်သူများပါ အများစုမှာ အမျိုးသမီးများပင် ဖြစ်သည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ ပြီးခဲ့သည့် ဩဂုတ်လအတွင်း လူကုန်ကူးမှု ၁၆ မှု ဖော်ထုတ်အရေးယူခဲ့ရာတွင် တရားခံ ၄၈ ဦးကို ဖမ်းဆီးခဲ့ရာ အမျိုးသမီးတရားခံမှာ ၃၇ ဦးဖြစ်ပြီး အမျိုးသားတရားခံမှာ ၁၁ ဦးဖြစ်သည်။ လူကုန်ကူးမှု ကျူးလွန်ခံရသူ ၁၇ ဦးစလုံး အမျိုးသမီးများဖြစ်ပြီး ယင်းအနက်မှ ခုနစ်ဦးမှာ ကလေးများဖြစ်သည်။ အဆိုပါလူကုန်ကူးမှု ၁၆ မှုအနက် ၁၂ မှုမှာ တရုတ်ပြည်သို့ ပို့ဆောင်အဓမ္မလက်ထပ်မှုဖြစ်ပြီး ကျန်လေးမှုမှာ ပြည်တွင်း၌ အဓမ္မပြည့်တန်ဆာပြုမှု သုံးမှုနှင့် အဓမ္မလက်ထပ်မှု တစ်မှုတို့ ဖြစ်သည်။

လူကုန်ကူးမှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို ကျူးလွန်ခံရသူများ၏ ရှုထောင့်မှကြည့်ပါက ဆင်းရဲမွဲတေခြင်း၊ လူမှုစီးပွားဘဝနိမ့်ကျခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ရင်ဆိုင်ကြုံတွေ့ရခြင်းကဲ့သို့သော အကြောင်းတရားများကြောင့် ဖြစ်သည်ကို တွေ့ရသည်။ ယင်းအခြေအနေများမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် ပြည်ပနိုင်ငံများသို့ တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ အလုပ်လုပ်ကိုင်ရန် သွားရောက်ကြရာမှ လူကုန်ကူးသူများ၏ သားကောင်ဘဝသို့ ကျရောက်ကြရခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် ပြည်သူလူထုအကြား၊ ကျောင်းသားကျောင်းသူလူငယ်များအကြား လူကုန်ကူးမှုအန္တရာယ်ကို ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် လိုအပ်လျက်ရှိသလို လူကုန်ကူးမှုသတင်းများကို သက်ဆိုင်ရာသို့ ဆက်သွယ်ပေးပို့နိုင်ရေးအတွက်လည်း ပိုမိုလွယ်ကူလျင်မြန်သည့် နည်းလမ်းများ ပြည်သူလူထုက အလွယ်တကူသိရှိနိုင်ရန် လိုအပ်လျက်ရှိသည်။

လူကုန်ကူးမှုများ လျော့နည်းပပျောက်ရေးအတွက် အသိပညာပေးရေး၊ လူကုန်ကူးခံရမည့် အလားအလာရှိသူများကို ကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးသူများကို ဖော်ထုတ်ရေး၊ လူကုန်ကူးခံရသူများအား ကယ်ဆယ်ရေးနှင့် ပုံမှန်ဘဝ အခြေအနေများပြန်လည်ရရှိအောင် ထူထောင်ရေးတို့တွင် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံသားကောင်းတစ်ဦး၏ အမျိုးသားရေးတာဝန်ကို ကျေပွန်နိုင်ကြပါစေကြောင်း။ ။

## ၁၀-၈-၂၀၂၀ ရက်နေ့မှစ၍ ပြည်တွင်းလေကြောင်းခရီးစဉ်များဖြင့် ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ လိုက်ပါခဲ့သူများ နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ မိမိအသိစိတ်ဖြင့် ချက်ချင်းသတင်းပို့ရန် တိုက်တွန်းနှိုးဆော်

**နေပြည်တော် စက်တင်ဘာ ၉**

၁၀-၈-၂၀၂၀ ရက်နေ့မှစ၍ ပြည်တွင်းလေကြောင်း ခရီးစဉ်များဖြင့် ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ လိုက်ပါခဲ့သူများစာရင်းကို မြန်မာ့အလင်းနှင့် ကြေးမုံ နေ့စဉ်ထုတ်သတင်းစာများ၌ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် အချပ်ပိုစာမျက်နှာများဖြင့် ထည့်သွင်းဖော်ပြခဲ့ပါသည်။

ကာယကံရှင်များအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ မိမိအသိစိတ်ဖြင့် ချက်ချင်းသတင်းပို့၍ ကျန်းမာရေးစစ်ဆေးမှု ခံယူရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတိပေးနှိုးဆော်ပန်ကြားထားသဖြင့် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **သတင်းစဉ်**

## နေပြည်တော်ကောင်စီသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းများ လာရောက်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုပေးနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် အလှူရှင်များက နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး ဧည့်ခန်းမ၌ ကျင်းပသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်**

လှူဒါန်းပွဲတွင် LASER iT & Mobile Tech Co., Ltd မှ နှာခေါင်းစည်း အခုရေ ၁၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးအောင်မြင်ထွန်း၊ ဗိုလ်မှူးကြီးမင်းနောင်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယခုလှူဒါန်းသည့် နှာခေါင်းစည်းများအား ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုပေးနိုင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်စွာ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်မင်းလွင်(ခရိုင်ပြန်/ဆက်)**

## လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး လုပ်ငန်းကော်မတီ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေး Virtual Meeting(Zoom)ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး လုပ်ငန်းကော်မတီ၏ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် video conferencing စနစ်ဖြင့် ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်က လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ၂၀၂၀-၂၀၂၃ ကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၀ ရက်တွင် နိုင်ငံတော်သမ္မတရုံးမှ အတည်ပြုခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် စီမံချက်ပါ လုပ်ငန်းတာဝန် (၁၀)ရပ်ကို စတင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်တစ်ရပ်ရေးဆွဲကာ ဆောင်ရွက်နေသည်ကို အများပြည်သူ သိရှိနိုင်ရေးအတွက် သတင်းထုတ်ပြန်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ လုပ်ငန်းစီမံချက်တွင် ပါဝင်သည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်အတွက် လုပ်ငန်းအလိုက် ကော်မတီများဖွဲ့စည်းကာ စံလုပ်ငန်းစဉ်များ ချမှတ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီအတွင်းရေးမှူး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက ဆဋ္ဌမအကြိမ်မြောက် လုပ်ငန်းကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNICEF တို့အကြား Multi Year Work Plan အောက်မှ Phone Operator သင်တန်းများ၊ IEC Materials များ ထုတ်လုပ်ပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ရန်၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းအတွက် ကော်မတီဖွဲ့စည်းရေးနှင့် လုပ်ငန်းတာဝန်ရေးဆွဲရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်ကြသူများက ရှေ့လုပ်ငန်းစဉ်များအတွက် အကြံပြုဆွေးနွေးခဲ့ကြသည်။

“လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ” ကို အစိုးရက ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၉**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၀) ကို ယနေ့ နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီ၏ အစည်းအဝေး အမှတ်စဉ် (၉/၂၀၂၀)တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### လိုအပ်သည်များ ဆောင်ရွက်လုပ်ကိုင်ပေးလျက်ရှိ

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက မိမိတို့ ကော်မတီအနေဖြင့် ယနေ့အထိ အစည်းအဝေး ရှစ်ကြိမ်ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက် ၁၀၂ ချက် ချမှတ်ကာ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဤသို့ ဆောင်ရွက်နိုင်မှုကြောင့် စီးပွားရေးအရ သက်ရောက်မှုများအပေါ် လိုအပ်သည့် ကုစားဆောင်ရွက်မှုများ အချိန်မီဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်နေသည့် သက်ရောက်မှုများနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့်လည်း ဘက်စုံ၊ ထောင့်စုံမှ လိုအပ်သည်များ ဆောင်ရွက်လုပ်ကိုင်ပေးလျက်ရှိပါကြောင်း။

### ကျပ် ၁၉၀၈ ဒသမ ၀၈၅ ဘီလီယံ လျာထား

၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၄ ရက်အထိ စာရင်းများအရ နိုင်ငံတော်က ဆောင်ရွက်ပေးမှုအနေဖြင့် ဝင်ငွေနည်းပါးသည့် အိမ်ထောင်စုများသို့ ပထမအကြိမ် ထောက်ပံ့ကြေးအဖြစ် ငွေကျပ် ၇၁ ဒသမ ၁၀၃ ဘီလီယံ၊ ဒုတိယအကြိမ်အဖြစ် ငွေကျပ် ၂၁၈ ဒသမ ၁၁၂ ဘီလီယံ၊ တတိယအကြိမ်အဖြစ် ငွေကျပ် ၁၁၃ ဒသမ ၅၃၅ ဘီလီယံ ၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတစ်ဆင့် ထောက်ပံ့ဆောင်ရွက်ငွေကျပ် ၉၂ ဒသမ ၆၁၂ ဘီလီယံ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ စစ်ဘေးရှောင်စခန်းများရှိ ပြည်သူများနှင့် မသန်စွမ်းပုဂ္ဂိုလ်များအပါအဝင် အခြားထောက်ပံ့သင့်သည့် ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတစ်ဆင့် ထောက်ပံ့ငွေကျပ် ၃၅ ဒသမ ၉၂၃ ဘီလီယံ၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသုံးပြုရန် ငွေကျပ် ၂၆၇ ဒသမ ၉၀၃ ဘီလီယံ၊ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များသို့ ထုတ်ချေးငွေကျပ် ၁၀၀ ဘီလီယံ၊ အသေးစားချေးငွေလုပ်ငန်းများသို့ ထုတ်ချေးငွေကျပ် ၁၀၀ ဘီလီယံ၊ မိမိတို့ကော်မတီက တာဝန်ယူဆောင်ရွက်သည့် COVID–19 Fund မှ ထုတ်ချေးငွေကျပ်ဘီလီယံ ၂၀၀၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများသို့ ထုတ်ချေးငွေကျပ်ဘီလီယံ ၆၀၀၊ ၂၀၂၀ ပြည့်နှစ် ဧပြီ၊ မေလနှင့် ဇွန်လများအတွက် လျှပ်စစ်ဓာတ်အားခများအတွက် ထောက်ပံ့ငွေကျပ် ၁၀၇ ဒသမ ၃၇၉ ဘီလီယံနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် လျှပ်စစ်ဓာတ်အားခ ထောက်ပံ့ငွေကျပ် ၁ ဒသမ ၅၁၈ ဘီလီယံ၊ စုစုပေါင်းငွေကျပ် ၁၉၀၈ ဒသမ ၀၈၅ ဘီလီယံ လျာထားသတ်မှတ်ကာ ထောက်ပံ့ဆောင်ရွက်ပေးခဲ့ပါကြောင်း ဆွေးနွေးပြောကြားသည်။

### ချေးငွေထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်

ဆက်လက်၍ တက်ရောက်လာကြသူများက ဒုတိယအကြိမ် ချေးငွေများ ထုတ်ပေးခြင်းကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း ပြီးပြတ်အောင် စိစစ်ထုတ်ပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာလုပ်ငန်းများသို့ သီးခြားအစီအစဉ်ဖြင့် ချေးငွေထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပါအဝင် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ပြောင်းလဲဖြစ်ပေါ်လာသည့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုအခြေအနေများအပေါ် ကုစားဆောင်ရွက်နိုင်ရေးအတွက် အစီအစဉ်များ လိုအပ်သလို ရေးဆွဲဆောင်ရွက်ရေးဆိုင်ရာကိစ္စများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများက တင်ပြလာသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

### လစာနှစ်လစာအတိုးမဲ့ ကြိုတင်ချေး

ယင်းနောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက အခွန်ဆိုင်ရာ ဖြေလျှော့မှုများအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း သုံးလတစ်ကြိမ် ပေးဆောင်ရမည့် ဝင်ငွေခွန်နှင့် လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်တို့နှင့်စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်အထိ ကာလတိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအတွက်လည်း လစာနှစ်လစာအတိုးမဲ့ ကြိုတင်ချေးငွေကို ဆိုင်းငံ့ကာလ ခြောက်လ၊ ပြန်လည်ပေးဆပ်ရမည့် ကာလတစ်နှစ် သတ်မှတ်ကာ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှစတင်၍ ထုတ်ချေးပေးရန်လည်း စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ကိုဗစ်-၁၉ ရန်ပုံငွေမှ ဒုတိယအကြိမ် ချေးငွေပေးအပ်ရန် သတ်မှတ်ထားသည့် စီးပွားရေးကဏ္ဍများသို့ ချေးငွေထုတ်ပေးနိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၇ ရက်တွင် လျှောက်လွှာများကို စတင်လက်ခံခဲ့ပြီး ချေးငွေများဆောလျင်စွာ ထုတ်ပေးနိုင်ရန် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထုတ်ပေးထားသည့် ချေးငွေများအပေါ် လုပ်ငန်းရှင်များက သုံးစွဲဆောင်ရွက်မှုအခြေအနေများကိုလည်း ယခုလအတွင်း လုပ်ငန်းအဖွဲ့က စိစစ်တင်ပြပေးစေလိုကြောင်း၊ ကိုဗစ်-၁၉ ပြန့်ပွားမှုသည် ဩဂုတ်လမှစတင်၍ ထပ်မံဖြစ်ပေါ်လျက်ရှိသဖြင့် ထပ်မံပေါ်ပေါက်နိုင်သည့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများနှင့် ပတ်သက်၍ ကြိုတင်သုံးသပ်ကာ အချိန်မီကုစားဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရှိရန် တိုက်တွန်းလိုကြောင်း ဆွေးနွေးပြောကြားသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ ဂေဟာ/ရိပ်သာများသို့ ထောက်ပံ့ငွေများပေးအပ်ခြင်းကို အွန်လိုင်းအခမ်းအနားဖြင့် ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ် (CERP)အရ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ အတွင်းရှိ ဂေဟာ/ရိပ်သာများသို့ ထောက်ပံ့ငွေများ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ Online စနစ်ဖြင့် ကျင်းပသည်။ (အောက်ပုံ)

### လိုက်နာဆောင်ရွက်

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးစိုးအောင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းရပ်များတွင် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများက တာဝန်ယူဆောင်ရွက်နေသော လုပ်ငန်းများ စနစ်တကျနှင့် ပိုမိုခိုင်မာအားကောင်းစွာ ရေရှည်ရပ်တည်နိုင်စေရေး ပါဝင်ပါကြောင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ တည်ထောင်ခွင့်ပြုမိန့် မှတ်ပုံတင်ရေး၊ ထောက်ပံ့ရေး လုပ်ငန်းလမ်းညွှန်နှင့် ဂေဟာ/သင်တန်းကျောင်းများတွင် အနိမ့်ဆုံးရှိရမည့် ပြုစုစောင့်ရှောက်ခြင်းနှင့် အကာအကွယ်ပေးခြင်းဆိုင်ရာ စံချိန်စံညွှန်းများအား ထုတ်ပြန်ပြီးဖြစ်သည့်အတွက် ပရဟိတဂေဟာများအနေဖြင့် လိုက်နာဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

### ထောက်ပံ့ခြင်းအစီအစဉ်များ

ဝန်ကြီးဌာနအနေဖြင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကို ဆန်ဖိုးငွေ၊ စားစရိတ်၊ ဝတ်စရိတ် ထောက်ပံ့ကြေးများ နှစ်စဉ်ထောက်ပံ့ပေးရာတွင် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျပ်သန်းပေါင်း ၃၂၄၇ ဒသမ ၃၄၁ ကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ ကိုဗစ်-၁၉ ကာလအတွင်းတွင်လည်း ပရဟိတဂေဟာ/ ရိပ်သာများတွင် လက်ခံစောင့်ရှောက်ထားသူများ၏ အာဟာရပြည့်ဝစေရန် စားနပ်ရိက္ခာအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP)အရ ဂေဟာ/ရိပ်သာများရှိ လူဦးရေအလိုက် တစ်ရက်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် တစ်လစာအတွက် ငွေကြေးတစ်ကြိမ် ထောက်ပံ့ပေးခြင်း ဖြစ်ပါကြောင်း၊ (CERP) အစီအစဉ်အရ ထောက်ပံ့ပေးရာတွင် ပရဟိတဂေဟာနှင့် ရိပ်သာများသာမက အသက်(၈၀)နှင့် (၈၅)နှစ်ကြား အဘိုး/အဘွားများကိုလည်း တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် တစ်ကြိမ်ထောက်ပံ့မှုကို လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ခြင်းအစီအစဉ်တွင် မပါဝင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုရှိ ကိုယ်ဝန်ဆောင်မိခင်များအား ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် တစ်ကြိမ်ထောက်ပံ့သည့် ငွေဖိုက်အစီအစဉ်ကို လည်းကောင်း၊ နေရပ်စွန့်ခွာသူများနှင့် တိုက်ပွဲရှောင်မိသားစုများအား ထောက်ပံ့ခြင်းအစီအစဉ်များကို လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### တစ်ဖက်တစ်လမ်းမှ ပံ့ပိုး

ယခုကဲ့သို့ ထောက်ပံ့ခြင်းများကို မိမိတို့ ဝန်ကြီးဌာနအပြင် အခြားသော ဝန်ကြီးဌာနများမှလည်း (CERP) အစီအစဉ်အရ ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းသည် နိုင်ငံအတွင်း ငွေကြေးစီးဆင်းမှုများကို လည်ပတ်နိုင်စေရန် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးဆောင်ရွက်ပေးခြင်းပင် ဖြစ်ပါကြောင်း၊ ယခု ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေအရလည်း ကူးစက်မှုများကို ထိန်းချုပ်ဟန့်တားနိုင်ရေးနှင့် ကာကွယ်နိုင်ရေးအတွက် ပရဟိတဂေဟာ/ ရိပ်သာများမှ တာဝန်ရှိသူများ အနေဖြင့်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နေ့စဉ် ထုတ်ပြန်ကြေညာသည့် ပန်ကြားချက်များ၊ မေတ္တာရပ်ခံချက်များကို တိတိကျကျလိုက်နာပြီး ရောဂါကာကွယ်ရေးအစီအမံများ စီစဉ်ထားကြရန် အလေးအနက်ထား ပြောကြားလိုပါကြောင်း၊ အစိုးရနှင့် ပြည်သူလူထု ပူးပေါင်း၍ ကိုဗစ်-၁၉ ကပ်ရောဂါကို ကျော်လွှားနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါကြောင်း ပြောကြားသည်။



### ထောက်ပံ့ငွေများ ပေးအပ်

ယင်းနောက် ကရင်ပြည်နယ်ရှိ ဂေဟာငါးခုအတွက် ငွေကျပ်သန်းပေါင်း ၃ ဒသမ ၆ သန်းကို လည်းကောင်း၊ ချင်းပြည်နယ်အတွင်းရှိ ဂေဟာ/ရိပ်သာ ၁၁ ခုအတွက် ငွေကျပ်သန်းပေါင်း ၄ ဒသမ ၄၈၅ သန်းကိုလည်းကောင်း သက်ဆိုင်ရာ ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးများက ဂေဟာ/ရိပ်သာများသို့ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ရာ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကော့ဝန်းပရဟိတဂေဟာမှ ဂေဟာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစောအုန်းတင်က လည်းကောင်း၊ ချင်းပြည်နယ် ဟားခါးမြို့ ဗေသလဘိုးဘွားရိပ်သာ ဂေဟာမှူး ဒေါ်ဖျက်ချင်းက လည်းကောင်း ဂေဟာရိပ်သာများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၉**

(၅၃) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနား၊ (၅၃) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့နံနက် ၇ နာရီခွဲတွင် video conference ဖြင့် ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။ **(ယာပုံ)**





(၅၃) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ဗီယက်နမ်အနုပညာရှင်များ၏ အာဆီယံသီချင်း သီဆိုခြင်းဖြင့် စတင်သည်။ ထို့နောက် အာဆီယံ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Nguyen Xuan Phuc က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Pham Binh Minh က အဖွင့်မိန့်ခွန်း ပြောကြားသည်။

(၅၃) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Pham Binh Minh က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်းထူထောင်ရေး၊ ၂၀၂၀ ခုနှစ် အာဆီယံ၏ ဦးစားပေးလုပ်ငန်းများနှင့် (၃၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၊ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်တွင် ပြင်ပနိုင်ငံများက ပါဝင်လက်မှတ်ရေးထိုးမည့်ကိစ္စရပ်များ၊ ဒေသတွင်း ဗိသုကာပုံစံနှင့် အာဆီယံပြင်ပဆက်ဆံရေးကိစ္စရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များ၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင်မှ တင်ပြသည့် ကိစ္စရပ်များနှင့် (၅၃) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက် အတည်ပြုရေးကိစ္စရပ်များကို လည်းကောင်း၊ အာဆီယံဆွေးနွေးဖက်နိုင်ငံများနှင့် သီးခြားစီ ကျင်းပပြုလုပ်မည့် နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးများ၊ (၂၁) ကြိမ်မြောက် အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၁၀) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၂၇) ကြိမ်မြောက် အာဆီယံဒေသတွင်းဖိုရမ်နှင့် (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို လည်းကောင်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အရှေ့တောင်အာရှ နျူကလီးယား လက်နက် ကင်းမဲ့ဇုန်ဆိုင်ရာ ကော်မရှင်အစည်းအဝေး၊ (၂၇) ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီအစည်းအဝေး၊ ဒေသခွဲဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အထူးအစည်းအဝေး၊ အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့နှင့် သီးခြားစီ ကျင်းပပြုလုပ်သည့် နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးများ၊ (၂၁)ကြိမ်မြောက် အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၁၀)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့သို့ အခြားအာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

ဒေသခွဲဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အာဆီယံပူးပေါင်းညှိနှိုင်းမှုကောင်စီ အထူးအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံ စီးပွားရေးအသိုက်အဝန်း၊ အာဆီယံလူမှု–ယဉ်ကျေးမှုအသိုက်အဝန်း၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အာဆီယံနှင့် အရှေ့အာရှဒေသ စီးပွားရေးသုတေသနအဖွဲ့တို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့နှင့် သီးခြားစီ ကျင်းပပြုလုပ်သည့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့တွင် နိုင်ငံခြားရေးဝန်ကြီးများက အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့် အခြေအနေများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

(၁၀)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်၊ ရုရှား၊ အမေရိကန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် အရှေ့အာရှထိပ်သီးအစည်းအဝေး၏ ပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ပြီး အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးများက ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ကျင်းပပြုလုပ်မည့် (၁၅) ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကိစ္စရပ်များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သစ်တောဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၉

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် သစ်တောဦးစီးဌာနမှ Video Conferencing ဖြင့် ကျင်းပသည်။** (အောက်ပုံ)





အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ယခုအစည်းအဝေးကို Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ Video Conferencing စနစ်ဖြင့်ကျင်းပခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် အထူးသဖြင့် တရားမဝင် သစ်ဖမ်းဆီးရာတွင် အသက်အန္တရာယ် မထိခိုက်စေရေးအတွက် ဂရုပြုဆောင်ရွက်ရန် လိုကြောင်း၊ ဝန်ထမ်းများ ကိုဗစ်ကာလအတွင်း စားဝတ်နေရေး အခက်အခဲကိုလည်း တတ်နိုင်သမျှ ကူညီဖြေရှင်း ဆောင်ရွက်ပေးရန် လိုကြောင်း၊ သစ်တောဦးစီးဌာနတွင် ဝန်ထမ်းအင်အား မပြည့်စုံသည့်အတွက် သစ်တောသယံဇာတများ ထိန်းသိမ်းကာကွယ်ရာတွင် ဝန်နှင့်အား မမျှသည်ကို သိရှိပါကြောင်း၊ ဝန်ထမ်းစည်းကမ်းစည်းမျဉ်းနှင့်အညီ လိုက်နာဆောင်ရွက်ရန် အထူးကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ သစ်တောဦးစီးဌာနတွင် ဖွဲ့စည်းပုံအရ လက်ရှိခန့်ထားသည့်အင်အားမှာ (၅၀ ရာခိုင်နှုန်း) ခန့်သာ ခန့်ထားနိုင်ကြောင်း၊ တာဝန်မကျေပွန်မှု၊ မသမာမှုများကြောင့် ဝန်ထမ်းများ အပြစ်ပေးအရေးယူခံရမှု လျော့နည်းသွားစေရေး ကြပ်မတ်ရန်လိုကြောင်း။

ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများ ပြန်လည်ဖြည့်စွက်ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ ၂၀၁၆–၂၀၁၇ မှ ၂၀၂၅–၂၀၂၆ ခုနှစ်အထိ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသော တတိယ (၁၀)နှစ် စီမံကိန်းကို (၅)နှစ်တစ်ကြိမ် ပြန်လည်ပြင်ဆင်ရာ၌ လက်ရှိသစ်တောဖုံးလွှမ်းမှု၊ မြေအသုံးချမှုအခြေအနေ၊ ဝန်ထမ်းအင်အား နိုင်ငံတော်မူဝါဒများနှင့်အညီ လိုက်လျောညီထွေဖြစ်စေရေး ကြိုးကြပ်ရန်လိုကြောင်း၊ FAO မှ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သော ကမ္ဘာ့သစ်တော သယံဇာတ အခြေအနေ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ စုစုပေါင်း၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းဖြစ်၍ နှစ်စဉ် ကမ္ဘာ့သစ်တောပြုန်းတီးမှု အဆင့်ပြဇယား၌ အဆင့်(၇)တွင် ရှိကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်းအစီရင်ခံစာ (FRA 2015) အရ မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုမှာ ကမ္ဘာ့သစ်တောပြုန်းတီးမှုအဆင့်ပြဇယား အဆင့်(၃)တွင် ရှိခဲ့သဖြင့် ကမ္ဘာ့အဆင့် သစ်တောပြုန်းတီးမှုအဆင့် လျော့ကျခဲ့ကြောင်း။

မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်း MRRP ကို ၂၀၁၇–၂၀၁၈ ခုနှစ်မှ ၂၀၂၆–၂၀၂၇ ခုနှစ်အထိ (၁၀)နှစ် စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့ရာ နိုင်ငံပိုင်သစ်တောစိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်းတွင် (၁၀)နှစ် စီမံကိန်း လျာထား ဧက ၂၁၅၇၂၅ အပေါ် (၄)နှစ် ကာလအတွင်း ၈၇၃၈၅ ဧက ၄၀ ဒသမ ၅ ရာခိုင်နှုန်း စီမံကိန်း လျာထားချက်များအတိုင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကျေးရွာထင်းစိုက်ခင်းကို တိုင်းဒေသကြီး/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ စီမံကိန်းလျာထားဧက ၆၉၈၂၅ တွင် (၄)နှစ်တာကာလအတွင်း ဧက ၁၄၀၈၀ ၂၀ ရာခိုင်နှုန်းသာ ပြီးစီးသဖြင့် တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးများ အနေဖြင့် စီမံကိန်းပါ လျာထားချက်အတိုင်း ပြည့်မီစွာ ဆောင်ရွက်နိုင်ရန် ရန်ပုံငွေနှင့် မြေနေရာရရှိရေး ဆက်စပ်ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန် လိုကြောင်း၊ သစ်တောဦးစီးဌာနအနေဖြင့် သစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်းနှင့် သစ်တောသယံဇာတများ ထုတ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုရှင်းလင်းလွယ်ကူစေရန်အတွက် လုပ်ငန်းစဉ်အဆင့်အလိုက် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ မြို့နယ်ဦးစီးဌာနမှူးများက သေချာစွာဖတ်ရှုမှတ်သားပြီး ဝန်ထမ်းများနှင့် တစ်လတစ်ကြိမ် တွေ့ဆုံရာတွင် နားလည်သဘောပေါက်အောင် ရှင်းလင်းဆွေးနွေး ဆောင်ရွက်သွားရန် တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးများအနေဖြင့် ကြီးကြပ်ဆောင်ရွက်သွားရန် လိုကြောင်း။

တရားမဝင် သစ်ဖမ်းဆီးဆောင်ရွက်ရာတွင် သစ်တောဝန်ထမ်းများအနေဖြင့် ရန်ပြုတိုက်ခိုက်ခံရခြင်းများနှင့် ပတ်သက်၍ လုံခြုံရေးအထူးဂရုပြုရန်လိုကြောင်း၊ တရားမဝင်သစ်ခိုးထုတ်မှုများအား ထိန်းချုပ်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့များသို့ တင်ပြဆောင်ရွက်သွားရန် လိုကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပတ်သက်၍ သဘာဝထိန်းသိမ်းရေး နယ်မြေများ တိုးချဲ့ဖွဲ့စည်းခြင်း၊ တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်း လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနများ အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များထံ တင်ပြ၍ ကြီးကြပ် ဆောင်ရွက်သွားရန် လိုကြောင်း။

နိုင်ငံတော် အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် အင်းလေးကန် ရေဝေရေလဲထိန်းသိမ်းရေးအား နှစ်(၃၀)ရည်မှန်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ အောင်မြင်စွာ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ တည်ထောင်ခြင်းကို နှစ်စဉ်လျာထားချက်များ ချမှတ်၍ ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ အသုံးပြုသူအဖွဲ့ ၅၆၁၉ ဖွဲ့၊ အဖွဲ့ဝင်ပေါင်း ၁၄၄၅၅၃ ဦးဖြင့် ဧရိယာ ၇၄၄၀၀၆ ဧကကို ဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း၏ လျာထားချက်ဖြစ်သော ၂ ဒသမ ၂၇ သန်း ဧကအနက် ၃၃ ရာခိုင်နှုန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ နှစ်အလိုက်တည်ထောင်မည့် လျာထားချက်များနှင့်အညီ ပြည့်မီအောင်ဖွဲ့စည်းနိုင်ရေး အရေးကြီးသကဲ့သို့ တည်ထောင်ပြီးဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ အောင်မြင်ရေး စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံအဖွဲ့အစည်းများကို ဖိတ်ကြား၍ မိမိဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရင်ဆိုင်ဖြေရှင်းရသည့် အခက်အခဲများကို နားလည်သိရှိစေရေး ရှင်းလင်းပြသရန် လိုကြောင်း မှာကြားသည်။

အစည်းအဝေးသို့ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောဦးစီးရုံးချုပ် ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ Video Conferencing စနစ်ဖြင့် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

## တစ်နေ့တခြား ကူးစက်ဖြစ်ပွားမှုများပြားလာသည့် ကိုဗစ်-၁၉ ကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၉

**တစ်နေ့တခြားကူးစက်ဖြစ်ပွားမှုများပြားလာသည့် ကိုဗစ်-၁၉ ကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တစ်နေ့တခြားကူးစက်ဖြစ်ပွားမှုများပြားလာသည့် ကိုဗစ်-၁၉ ကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ဆေးရုံများမှ ဆေးပညာအထူးကု ဆရာဝန်ကြီးများ၊ ရခိုင်ပြည်နယ်သို့ ရောက်ရှိနေသော ဗဟိုကွင်းဆင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

### အထူးကြပ်မတ်ဆောင်ရွက်

အစည်းအဝေးတွင် လက်ရှိ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု များပြားနေသော ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များ၏ အခြေအနေများကို ခြုံငုံဆန်းစစ်သုံးသပ်မှုများနှင့် လက်ရှိ ဆေးရုံအသီးသီးတွင် ကုသမှုခံယူနေသော ကိုဗစ်-၁၉ လူနာများ၏ အခြေအနေများအား တင်ပြခြင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင်တွေ့ရှိရသော လူနာသစ်များနှင့် ထိတွေ့ခဲ့သူများအား အသွားအလာကန့်သတ်ထားရှိရန်နေရာများ လိုအပ်နေမှုကို တင်ပြခြင်း၊ ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) တွင် လူနာဆောင်များ ထပ်မံတိုးချဲ့နေမှုနှင့် ဆရာဝန်၊ သူနာပြု၊ အထောက်အကူပြုပညာရှင်များနှင့် ပံ့ပိုးကူညီဆောင်ရွက်သူများ ထပ်မံလိုအပ်မှုကို တင်ပြခြင်း၊ ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) တွင် လိုအပ်ပါက ယာယီဆေးရုံ (hospital tent) များ တပ်ဆင်အသုံးပြုနိုင်ရေး အဆိုပြုတင်ပြခြင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ဆရာဝန်များ ကိုဗစ်-၁၉ ကုသရေးလုပ်ငန်းများတွင် အားဖြည့်ပါဝင်ဆောင်ရွက်နိုင်ရေး ကိစ္စကို အဆိုပြုတင်ပြခြင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှု ပိုမိုလုပ်ဆောင်နိုင်ရေး ကိစ္စရပ်များတင်ပြခြင်း၊ စက်ရုံ၊ အလုပ်ရုံများတွင် ရောဂါကူးစက်ပြန့်ပွားနိုင်ခြေများရှိနေသည့်အတွက် ကြိုတင်ကာကွယ်ရေးနှင့် လမ်းညွှန်ချက်များ တိကျစွာလိုက်နာရန် အထူးကြပ်မတ်ဆောင်ရွက်ရန် တင်ပြခြင်း။

### အထွေထွေကိစ္စရပ်များ ဆွေးနွေး

ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများတွင် သာမန်ရောဂါလက္ခဏာရှိသူများ၊ ရောဂါအခံရှိသူများ၊ ရောဂါပြင်းထန်သူများ၊ ရောဂါလက္ခဏာလည်းမရှိ ရောဂါပြင်းထန်နိုင်ခြေလည်း နည်းပါးသူများကို အုပ်စုအမျိုးအစားများခွဲခြား၍ သီးခြားထားရှိကုသရေး အဆိုပြုတင်ပြခြင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး၊ လုပ်ငန်းများနှင့် အဖျားရောဂါ ကုဌာနများတွင် မိမိဆန္ဒအလျောက်ပါဝင်လိုသူ ပုဂ္ဂလိကဆရာဝန်များ၏အင်အားကို အသုံးချနိုင်ရေးတင်ပြခြင်း၊ ရေရှည်ကာလအတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်၊ ဆေးရုံနေရာ အဆောက်အဦ၊ အသွားအလာကန့်သတ်ရန် အဆောက်အဦ၊ ဘဏ္ဍာငွေနှင့် အရင်းအမြစ်များ ပိုမိုလိုအပ်လာမည့် ကိစ္စရပ်များ၊ ရောဂါကူးစက်ဖြစ်ပွားမှု များပြားနေပြီး မိမိနေအိမ်တွင်သာ နေထိုင်ရေး (stay at home) တိုးချဲ့ ကြေညာသင့်သည့် မြို့နယ်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ အထောက်အကူပြုပညာရှင်များ၊ စေတနာ့ဝန်ထမ်းများသည် ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများအား ထောက်လှမ်းရှာဖွေခြင်း၊ အသွားအလာကန့်သတ်ခြင်း၊ လူနာများအား ကုသခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ခြင်းစသည့်လုပ်ငန်းများကို လုပ်ဆောင်မှုကာလ ကြာမြင့်လာသည်နှင့် အမျှ စိတ်ရော၊ ကိုယ်ပါပင်ပန်းနွမ်းနယ်နေမှုများ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ လျင်မြန်စွာကူးစက်ပျံ့နှံ့နေသော ကိုဗစ်-၁၉ ကပ်ရောဂါကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် ဆေးနှင့် ဆေးပစ္စည်းများ အချိန်နှင့်တစ်ပြေးညီဖြန့်ဝေခြင်း အလွန်အရေးကြီးသည့် အချက်ဖြစ်ပါကြောင်း၊ ထိုသို့အချိန်နှင့် တစ်ပြေးညီ ဖြန့်ဝေနိုင်ခြင်းမရှိပါက လုပ်ငန်းများ နှောင့်နှေးသွားမည်ဖြစ်ပါကြောင်း၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲအနေဖြင့် တစ်ကိုယ်ရေရောဂါ ကာကွယ်ရေး အသုံးအဆောင်များအပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ပြတ်လပ်မှုမရှိစေရေးအတွက် ဗဟိုနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ လက်ကျန်စာရင်းများကို နေ့စဉ်သုံးသပ်ကာ လိုအပ်သည်များ ကြိုတင်တွက်ချက်ဝယ်ယူ ဖြည့်တင်းထားရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊

ထိုသို့တွက်ချက်မှာကြားရာ၌ ပစ္စည်းများမှာယူသည့် အချိန်နှင့် ဆေးသိုလှောင်ရေးဌာနများသို့ ရောက်ရှိမည့် အချိန်တို့အကြား ကြာမြင့်ချိန်ကိုပါ မှန်းဆတွက်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် မထင်မှတ်ဘဲကြာမြင့်နိုင်သည့် အချိန်များကိုလည်း ကြိုတင်မှန်းဆစဉ်းစားထားရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ပစ္စည်းများကို လိုအပ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးသို့ ပို့ဆောင်ခြင်းဖြင့် မပြီးသေးဘဲ အချိန်မီရောက်ရှိခြင်း ရှိ၊ မရှိကိုလည်း စောင့်ကြပ်ကြည့်ရှုရမည်ဖြစ်ကြောင်း၊ ကုသရေး ပညာရှင်များအကြား Video conferencing ဖြင့် ဆွေးနွေး တိုင်ပင်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်စေလိုပြီး ကုသရေးပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ချက်ချင်း ဆောင်ရွက်ကြစေလိုကြောင်း၊ အခြားလိုအပ်သည့် ကိစ္စရပ်များကို ဗဟိုမှ ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ မူဝါဒရေးရာနှင့် ပတ်သက်သည့် ကိစ္စရပ်များကိုသာ မိမိတို့ဗဟိုသို့ တင်ပြရန်လိုအပ်ကြောင်း။

### ချက်ချင်းပံ့ပိုးပေးရမည်

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနရှိ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများအနေဖြင့် တက္ကသိုလ်များ ပိတ်ထားသည်ဖြစ်၍ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်နေသည့် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့သို့ တာဝန်ချထားကာ ပံ့ပိုးစေလိုပါကြောင်း၊ ကိုဗစ်-၁၉ လူနာများအား စေတနာပြည့်ဝစွာဖြင့် ကုသမှုပေးနေသော ကျန်းမာရေးဝန်ထမ်းများထံ ရောဂါကူးစက်မှုမရှိစေရေးအတွက် မိမိတို့အတွက် အထူးအရေးကြီးသည့် အချက်တစ်ခုဖြစ်ပါကြောင်း၊ ဆေးရုံများ၌ ရောဂါကူးစက်မှုကာကွယ်ရေး လုပ်ငန်းလမ်းညွှန်များကို အလေးထားလိုက်နာကျင့်သုံးမှုရှိစေရေးအတွက် အမြဲတမ်းဆောင်ရွက်စေလိုပါကြောင်း၊ သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးများမှ လိုအပ်သည်များကို ချက်ချင်းပံ့ပိုးပေးရမည်ဖြစ်ပါကြောင်း၊ ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ခြင်း လမ်းညွှန်များကို အသွားအလာကန့်သတ် ထားရှိရာနေရာများနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင်လည်း စနစ်တကျမဖြစ်မနေ လိုက်နာကျင့်သုံးရမည်ဖြစ်ပါကြောင်း၊ ရောဂါကူးစက်ဖြစ်ပွားမှုများပြားသည့် ရခိုင်ပြည်နယ်မှ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ရောက်ရှိနေသူများ၏ (၇၀) ရာခိုင်နှုန်းကျော်ခန့်တွင် ရောဂါလက္ခဏာမရှိဘဲ ရောဂါပိုးရှိနေသူများပါဝင်နိုင်ခြေ ရှိနေသဖြင့် ၎င်းတို့မှတစ်ဆင့် ထပ်ဆင့်ရောဂါကူးစက်မှုများ ဖြစ်ပွားခြင်းများ ရှိနေနိုင်သည်ကို အထူးသတိပြုကြစေလိုပါကြောင်း။

ယခုအချိန်တွင် ကပ်ရောဂါကို ထိန်းချုပ်ရန်ဆောင်ရွက်ရာ၌ ကျန်းမာရေးရှုထောင့်မှသာမက လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး၊ ဝန်ကြီးဌာနအချင်းချင်း စုပေါင်းဆောင်ရွက်ရေး ရှုထောင့်များမှပါ ချိန်ထိုးစဉ်းစားဆောင်ရွက်ကြရသည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့၊ နီးနွှယ်ဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအားကောင်းစွာဖြင့် လုပ်ငန်းများဆောင်ရွက်နေသည်ကို တွေ့ရှိနေရခြင်းသည် ကောင်းသောလက္ခဏာတစ်ခုဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် video conferencing စနစ်ဖြင့် ပုံမှန်ဆွေးနွေးညှိနှိုင်းခြင်း၊ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများ လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အမေရိကန် CDC နှင့် နောက်ဆုံးပေါ် သုတေသနတွေ့ရှိချက်များအပေါ်အခြေခံကာ အသွားအလာကန့်သတ်သည့် ကာလကို (၂၁) ရက်မှ (၁၄) ရက်သို့ လျှော့ချရန် ဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် အခြားသတ်မှတ်ချက်များကိုလည်း နိုင်ငံတကာတွေ့ရှိချက်များနှင့်အညီ လျှော့ချသွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ ဤကပ်ရောဂါကို အမြန်ဆုံးထိန်းချုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

### အားဖြည့်ပူးပေါင်းဆောင်ရွက်ရန်

ယနေ့ အစည်းအဝေးတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ဆရာဝန်များ ကိုဗစ်-၁၉ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေးကိစ္စကို ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့ ချက်ချင်းညှိနှိုင်းဆောင်ရွက်ရန်၊ ဆေး၊ ဆေးပစ္စည်း၊ ကိရိယာလိုအပ်ချက်များကို ကြိုတင်တွက်ဆကာ ဗဟိုဝယ်ယူဖြန့်ဖြူးရေးဌာနခွဲထံ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်တောင်းယူရန်နှင့် ဆေးရုံအလိုက်ဆောင်ရွက်နိုင်သည့် အခြားလိုအပ်သည်များအား ချက်ချင်းထပ်မံအားဖြည့်ဆောင်ရွက်ရန်၊ စက်ရုံ၊ အလုပ်ရုံများတွင် ရောဂါကူးစက်ပြန့်ပွားနိုင်ခြေများရှိသဖြင့် ရောဂါကာကွယ်ရေး သတ်မှတ်ချက်များ ပြည့်မီခြင်းမရှိသည့် စက်ရုံ၊ အလုပ်ရုံများကို ပိတ်သိမ်းခြင်းနှင့် သတ်မှတ်ချက်ပြည့်မီသော စက်ရုံ၊ အလုပ်ရုံများကိုလည်း ရှောင်တခင် ကွင်းဆင်းစစ်ဆေးခြင်းများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အားဖြည့်ပူးပေါင်းဆောင်ရွက်ရန်၊ ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) တွင် လိုအပ်ပါက ယာယီဆေးရုံများ တိုးချဲ့ထားရှိနိုင်ရန်အတွက် အစီအစဉ်ပြုစုကာ အမြန်ဆုံးတင်ပြရန်၊ ဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဌာနများတွင် ကိုဗစ်-၁၉ လူနာနှင့် အနီးကပ်ထိတွေ့မှုကို ဆုံးဖြတ်ရာ၌ "ကိုဗစ်-၁၉ လူနာနှင့် အနီးကပ်ထိတွေ့မှု (close contact) အဓိပ္ပာယ် သတ်မှတ်ချက်" နှင့်အညီ ဆောင်ရွက်ရန်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အသွားအလာကန့်သတ်ရန်အတွက် အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိပ္ပံကျောင်းမှ အဆောင်များ၊ အားကစားရုံများကို အသုံးပြုနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ရန်တို့ကို ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်ရှင်ရာပြည့် အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲ MRTV မှ ထုတ်လွှင့်ပြသမည်

နေပြည်တော် စက်တင်ဘာ ၉

မြန်မာ့ရုပ်ရှင်ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရုပ်ရှင်တေးသီချင်း အပုဒ် (၁၀၀)ကို တစ်ပတ်လျှင် (၁၀) ပုဒ်ဖြင့် အပတ်စဉ် သောကြာနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ည ၈ နာရီ သတင်းများအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ စက်တင်ဘာ ၁၁ ရက် ညတွင် ပွဲစဉ် (၆) အဖြစ် LUCKY HAND တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် တူးတူး၊ တိုနီသစ်လွင်၊ ဟဲလေး၊ ဝေကြီး၊ ဂျူနီယာချစ်ကောင်း၊ ဖြူဖြူကျော်သိန်း ၊ အိုင်ရင်းဇင်မာမြင့်၊ ကေကေမိုး၊ နန်းဆုဦးနှင့် ရေချယ် တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါတင်ဆက်ခဲ့မှုကို စက်တင်ဘာ ၁၃ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲ အချိန်တွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အဏ္ဏဝါပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်လာစေသော ပိုင်ရှင်မဲ့(စွန့်ပစ်/ပျောက်ဆုံး) ငါးဖမ်းကိရိယာများဆက်လက်မဖြစ်ပေါ်စေရေး

မြတ်သီဟစော(Australian Maritime College) (DOF)

ယနေ့ကမ္ဘာကြီးရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်နေကြသော ပြည်သူများ၏ နေ့စဉ်စားသုံးသော အစားအစာများတွင် ငါးရိက္ခာစားသုံးခြင်းဖြင့် ပရိုတင်းဓာတ်များ ရရှိနေကြပါသည်။ အထူးသဖြင့် ကလေးငယ်လေးများ၏ ဉာဏ်ပညာတိုးတက်မှု၊ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးကောင်းမွန်ရန်အတွက် ငါးစားသုံးခြင်းဖြင့် အာဟာရဓာတ်များစွာရရှိပါသည်။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံအများစုသည် ပရိုတင်းဓာတ်နှင့် အခြားအာဟာရဓာတ်များရရှိစေရန်အတွက် ငါးရိက္ခာကို အဓိကအားထားနေကြပါသည်။ တိုးတက်မြင့်မားလာသော ပြည်တွင်းငါးရိက္ခာဝယ်လိုအားနှင့် နိုင်ငံခြားငွေရရှိနိုင်ရန်အတွက် ရေထွက်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ရန် ငါးဖမ်းဆီးထုတ်လုပ်မှုသည် နှစ်စဉ်မြင့်တက်လျက်ရှိနေပါသည်။ ထို့အပြင် ရေလုပ်သားများ၊ ငါးဖမ်းရေယာဉ်ပိုင်ရှင်များ၊ ရေထွက်ကုန်ပစ္စည်း ပြုပြင်ထုတ်လုပ်ရောင်းချသည့်လုပ်သားများ စသည်ဖြင့် သိန်းချီသော ပြည်သူများသည် ပင်လယ်ငါးဖမ်းလုပ်ငန်း၊ ဆက်စပ်လုပ်ငန်းများမှတစ်ဆင့် အသက်မွေးဝမ်းကျောင်းပြုနေကြပြီး စဉ်ဆက်မပြတ် ငါးဖမ်းဆီးထုတ်လုပ်နိုင်ရန် မျှော်လင့်နေကြပါသည်။

သို့သော်လည်း မြန်မာ့ပင်လယ်မှ သက်ရှိသက်မဲ့အရင်းအမြစ်တို့သည် အဆင့်မြင့်တင်ထားသော ငါးဖမ်းကိရိယာများ၊ ရေဒါများအသုံးပြုပြီး နေရာမလပ်ဖမ်းဆီးနေခြင်း၊ တရားမဝင် ငါးဖမ်းရေယာဉ်များမှ ငါးဖမ်းဆီးခြင်း၊ တရားမဝင်ကန့်သတ်ကိရိယာများ အသုံးပြုပြီး ငါးဖမ်းဆီးခြင်း၊ တားမြစ်ကန့်သတ်ဧရိယာများတွင် ငါးဖမ်းဆီးခြင်းတို့ကြောင့် နှစ်စဉ်ငါးအထိအမိလျော့နည်းလာနေပြီး အချို့ငါးမျိုးစိတ်များမှာ မျိုးသုဉ်းမည့်ဘေးကြုံတွေ့နေရလျက်ရှိပြီး အချိန်မီထိန်းသိမ်းရန် အရေးတကြီး လိုအပ်လျက်ရှိနေပါသည်။

### ပင်လယ်ထဲရောက်လာသော စွန့်ပစ်ငါးဖမ်းကိရိယာများ

မြန်မာနိုင်ငံသာမက နိုင်ငံတကာတွင်ပါ တရားမဝင် ငါးဖမ်းဆီးခြင်းသည် အရေးတကြီးဖြေရှင်းရမည့် ပြဿနာရပ်များအဖြစ် နိုင်ငံတကာက လက်ခံပြီး နိုင်ငံများ၊ အဖွဲ့အစည်းများ အချင်းချင်းအတူတကွ ဖြေရှင်းဆောင်ရွက်လျက်ရှိနေပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးနှင့် ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်မှ ထုတ်ပြန်သော အစီရင်ခံစာများအရ ပင်လယ်ထဲတွင် ငါးဖမ်းသမားများစွန့်ပစ်သော ကြီးမားကျယ်ပြန့်ပြီး အရေအတွက်များပြားသည့် ငါးဖမ်းကိရိယာများနှင့် ပျောက်ဆုံးပျက်စီးသော ငါးဖမ်းကိရိယာအမျိုးမျိုးတို့ကြောင့် အဏ္ဏဝါပတ်ဝန်းကျင် ပျက်စီးမှု၊ ပင်လယ်ကူးသတ္တဝါများအား အနှောင့်အယှက်ဖြစ်စေမှုများနှင့် ငါးမျိုးစိတ်များ မျိုးသုဉ်းပျက်စီးခြင်းနှင့် ငါးနေ ငါးထိုင်များပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်လာပါသည်။

လေ့လာသုတေသနပြုချက်များအရ တိုးတက်မြင့်မားလာသော ငါးဖမ်းဆီးမှုနည်းပညာများနှင့် တစ်ဟုန်ထိုး ငါးဖမ်းဆီးမှုများကြောင့် **ပိုင်ရှင်မဲ့(စွန့်ပစ်/ပျောက်ဆုံး)** ငါးဖမ်းကိရိယာများသည် ပင်လယ်ပြင်ကို တစ်စတစ်စ ညစ်ညမ်းပျက်စီးလာစေပါသည်။ ပင်လယ်ကူးသတ္တဝါများနှင့် အမျိုးမျိုးသော ငါးဖမ်းရေယာဉ်များသည် ပင်လယ်ပြင်ညစ်ညမ်းမှု ဖြစ်ပေါ်စေခြင်း၏ အဓိကအရင်းအမြစ်ဖြစ်သကဲ့သို့ ကုန်းမြေများမှ စွန့်ပစ်သော အမှိုက်များပင်လယ်ပြင်သို့ ဝင်ရောက်စီးဆင်းစေခြင်းသည်လည်း အဏ္ဏဝါပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်စေနိုင်ပါသည်။ **ပိုင်ရှင်မဲ့(စွန့်ပစ်/ပျောက်ဆုံး)** ငါးဖမ်းကိရိယာများသည် ရည်ရွယ်ချက်ရှိရှိ စွန့်ပစ်ခြင်းမဟုတ်နိုင်သော်လည်း၊ ဆိုးရွားသော သဘာဝဘေးများကြောင့် ငါးဖမ်းဆီးခြင်းဆောင်ရွက်နေစဉ် ပင်လယ်အတွင်း ပျောက်ဆုံးခြင်း၊ ပင်လယ်ကြမ်းပြင်နှင့် ငြိတွယ်ကျန်ရစ်ခြင်း၊ ပျက်စီးခြင်းများ ဖြစ်ပေါ်လျက်ရှိနေပါသည်။ အဏ္ဏဝါကြမ်းပြင်၊ သန္တာ



ပိုင်ရှင်မဲ့ (စွန့်ပစ်/ ပျောက်ဆုံး) ငါးဖမ်းကိရိယာများကြောင့် ထိခိုက်ပျက်စီးနေသော တနင်္သာရီတိုင်းဒေသကြီးရှိ သန္တာကျောက်တန်းများ။ ဓာတ်ပုံ – Magnus Larsson (Underwater Photographer)

**“ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပိုင်ရှင်မဲ့ (စွန့်ပစ် / ပျောက်ဆုံး)နှင့် ပတ်သက်သော သုတေသနများ ဆောင်ရွက်တော့မည်ဖြစ်။ သို့ဖြစ်၍ လုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ တာဝန်ရှိဌာနဆိုင်ရာများ၊ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် အများပြည်သူတို့အနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် လက်တွဲပြီး မိမိတို့နိုင်ငံ၏ အဏ္ဏဝါရေပြင် သန့်ရှင်းရေး၊ ရေသယံဇာတ ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့သော ငါးလုပ်ငန်းဖော် ဆောင်နိုင်ရေးတို့အတွက် ဦးတည်ကာ ဝိုင်းဝန်းကူညီ”**

ကျောက်တန်းများသာမက ပင်လယ်ပျော်ငှက်များ၊ မျိုးသုဉ်းစာရင်းဝင် ပင်လယ်လိပ်များ၊ ငါးမန်း၊ ငါးလိပ်ကျောက်အမျိုးမျိုးနှင့် နို့တိုက်သတ္တဝါများဖြစ်သော ဝေလငါး၊ ဖျံ၊ လင်းပိုင်၊ ရေဝက်များသည်လည်း **ပိုင်ရှင်မဲ့ (စွန့်ပစ်/ပျောက်ဆုံး)** ငါးဖမ်းကိရိယာများကြောင့် သေကျေပျက်စီးခြင်းများဖြစ်ပေါ်လျက်ရှိပြီး အချို့ရေနေသတ္တဝါများမှာ မသန်မစွမ်းဖြစ်ကြရပါသည်။

### ပိုင်ရှင်မဲ့စွန့်ပစ်ပစ္စည်းများ မဖြစ်ပေါ်ရေး

တိုးတက်သည့်နိုင်ငံများတွင် စီးပွားဖြစ်အသုံးပြုသည့် ငါးဖမ်းကိရိယာများအားလုံးနှင့် အပျော်တမ်း ငါးဖမ်းကိရိယာများအများစုသည် တရားဝင်မှတ်ပုံတင်ထားရပြီး မိမိတို့ကိရိယာများအတွက် တာဝန်ယူနိုင်စေရန်အလို့ငှာ သတ်မှတ်ချက်များပြဋ္ဌာန်းပြီး ထိန်းချုပ်လျက်ရှိနေကြပါသည်။ ငါးဖမ်းရေယာဉ်များအနေဖြင့် မိမိတို့အသုံးပြုသော ငါးဖမ်းပိုက်များကို မည်သည့်နေရာတွင် အသုံးပြုခဲ့သည်၊ မည်သည့်ပိုက်၊ ကိရိယာအမျိုးအစားဖြင့် အသုံးပြုခဲ့သည် စသည်တို့ဖြင့် တရားဝင်မှတ်တမ်းများ ထားရှိစေပါသည်။ ထိုသို့စနစ်တကျ မှတ်တမ်းတင်ထားခြင်းဖြင့် ငါးလုပ်ငန်းစစ်ဆေးရေးမှူးများမှ **ပိုင်ရှင်မဲ့ (စွန့်ပစ်/ပျောက်ဆုံး)** ငါးဖမ်းကိရိယာများ မဖြစ်ပေါ်စေရေးအတွက် စီးပွားဖြစ်ငါးဖမ်းလုပ်ငန်းရှင်များကို တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့ငါးလုပ်ငန်းဦးစီးဌာနတွင် ဝန်ထမ်းအင်အားနည်းပါးမှုများကြောင့်လည်းကောင်း၊ များပြားသော ငါးဖမ်းရေယာဉ်ပမာဏများကြောင့်လည်းကောင်း စသည့် အမျိုးမျိုးသော အခက်အခဲများကြောင့် တစ်နိုင်တစ်ပိုင် ငါးဖမ်းဆီးခြင်းမှ အစပြု၍ စီးပွားဖြစ်ဖမ်းဆီးကြသော ငါးဖမ်းရေယာဉ်များအားလုံးတွင် အသုံးပြုသော ငါးဖမ်းကိရိယာများကို စစ်ဆေးစေရန်အတွက် လိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိနေပါသည်။

“သုတေသနမရှိသည့်လုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်ရန် မဖြစ်နိုင်" ဆိုသကဲ့သို့ မြန်မာ့အဏ္ဏဝါပတ်ဝန်းကျင်ကို ပြန်လည်ကောင်းမွန်စေရန်အတွက် အားကိုးထိုက်သည့် သုတေသနရလဒ်များရရှိရန် ရေလုပ်ငန်းကို အမှီသဟဲပြုနေကြသော ပုဂ္ဂိုလ်တစ်ဦးချင်းစီအလိုက် တာဝန်ရှိကြပါသည်။ အထူးသဖြင့် ပင်လယ်ကြမ်းပြင်နှင့် တားမြစ်ဧရိယာများအတွင်း စည်းကမ်းမဲ့ငါးဖမ်းဆီးကြသည့် ရေယာဉ်များကြောင့် ဖြစ်ပေါ်ခဲ့သော **ပိုင်ရှင်မဲ့ (စွန့်ပစ်/ပျောက်ဆုံး)** ငါးဖမ်းကိရိယာများကို သိပ္ပံနည်းကျမှတ်တမ်းတင်သုတေသနပြုနိုင်ရန် အရေးပေါ်လိုအပ်လျက်ရှိပြီး ဝန်ထမ်းများကို ရေငုပ်သင်တန်းပေးခြင်း၊ သုတေသနပြုလုပ်ခြင်းနည်းပညာများ ဖြန့်ဝေသင်ကြားပေးခြင်း၊ လိုအပ်သော လုံခြုံရေးနှင့် ဘဏ္ဍာရေးလိုအပ်ချက်များ ထောက်ပံ့ပေးခြင်းတို့ လိုအပ်လျက်ရှိပါသည်။ သို့မှသာ မြန်မာနိုင်ငံအဏ္ဏဝါရေပြင်တွင် လက်ရှိဖြစ်ပေါ်နေသော ကမ်းရိုးတန်း၊ ရေပေါ်၊ ရေအောက်ညစ်ညမ်းမှုများကို မှတ်တမ်းတင်နိုင်မည်ဖြစ်ပြီး လုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ အများပြည်သူများနှင့် အစိုးရဌာနဆိုင်ရာများမှ အတူတကွလက်တွဲ၍ **ပိုင်ရှင်မဲ့(စွန့်ပစ်/ပျောက်ဆုံး)** ငါးဖမ်းကိရိယာများ ဆက်လက်မဖြစ်ပေါ်စေရေးကို တားဆီး ကာကွယ်လျှော့ချနိုင်မည်ဖြစ်ပါသည်။

### သန္တာကျောက်တန်းများပါ ပျက်စီးလာ

ယနေ့တိုးတက်နေသည့် အမေရိကန်နိုင်ငံတွင်ပင် **ပိုင်ရှင်မဲ့(စွန့်ပစ်/ပျောက်ဆုံး)** ငါးဖမ်းကိရိယာများကြောင့် ပင်လယ်သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး Maryland ပြည်နယ် Chesapeake ပင်လယ်အော်ဒေသတွင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးမှပြုလုပ်ခဲ့သော လေ့လာချက်များအရ ကဏန်းမြှုံးအရေအတွက် ၅၀၀၀၀၀ခန့် နှစ်စဉ်အသုံးပြုဖမ်းဆီးလျက်ရှိပြီး မြှုံးတစ်သိန်းငါးသောင်းခန့်မှာ အကြောင်းအမျိုးမျိုးတို့ကြောင့် ပျောက်ဆုံးခြင်း၊ စွန့်ပစ်ခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့အပြင် မျောပိုက်၊ တန်းပိုက်နှင့် မြှုံးများသည် **ပိုင်ရှင်မဲ့ (စွန့်ပစ်/ပျောက် ဆုံး)** ငါးဖမ်းကိရိယာများအဖြစ် အများဆုံးတွေ့ရှိရကြောင်း အရှေ့တောင်အာရှ ငါးလုပ်ငန်းဖွံ့ဖြိုးရေး ဗဟိုဌာန (SEAFDEC) ၏ သုတေသနရလဒ် များအရ သိရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် တရားမဝင် ငါးဖမ်းဆီးမှုကြောင့် ဖြစ်ပေါ်လာသော ပိုင်ရှင်မဲ့ (စွန့်ပစ်/ပျောက်ဆုံး) ငါးဖမ်းပိုက်ကြောင့် သန္တာကျောက်တန်းများ ပျက်စီးနေပုံကိုဖော်ပြပါ ဓာတ်ပုံမှတ်တမ်းတွင် တွေ့ရှိနိုင်ပါသည်။ ပိုင်ရှင်မဲ့(စွန့်ပစ်/ပျောက်ဆုံး)ငါးဖမ်း ကိရိယာများနှင့် သက်ဆိုင်သည့် အခြားသော စိတ်မ ချမ်းမြေ့ဖွယ်သာဓကများရှိနေသော်လည်း ဖော်ပြခြင်းမပြုတော့ပါ။

တရားမဝင်ငါးဖမ်းရေယာဉ်များနှင့် တရားမဝင် ငါးဖမ်းဆီးမှုများရှိနေဆဲဖြစ်သော မိမိတို့နိုင်ငံအနေဖြင့် **ပိုင်ရှင်မဲ့ (စွန့်ပစ်/ပျောက်ဆုံး)** ငါးဖမ်းကိရိယာများ မည်မျှရှိနေသည်ကို တိတိကျကျသိရှိနိုင်ရန် ခက်ခဲနေဆဲဖြစ်ပါသည်။

အချို့ NGO အဖွဲ့အစည်းများမှ သုတေသနစီမံကိန်းများဆောင်ရွက်နေသော်လည်း တာဝန်ရှိသော ဌာနဆိုင်ရာများအနေဖြင့် မှန်ကန်သော သုတေသနပြုရလဒ်များဖြစ်ပေါ်နိုင်ရန်အတွက် **ပိုင်ရှင်မဲ့(စွန့်ပစ်/ပျောက်ဆုံး)** ငါးဖမ်းကိရိယာများနှင့်သက်ဆိုင်သည့် သုတေသနများကို ဌာနဆိုင်ရာတာဝန်ရှိသူများမှ ပူးပေါင်း၍ အလျင်အမြန် ဆောင်ရွက်ရန် လိုအပ်နေသည်မှာ သံသယဖြစ်ဖွယ်မရှိပါ။ တရားမဝင်ငါးဖမ်းဆီးမှုများ ရှိနေဆဲဖြစ်သော အရှေ့တောင်အာရှနိုင်ငံများနှင့် မိမိတို့ မြန်မာနိုင်ငံတွင်ပါ **ပိုင်ရှင်မဲ့ (စွန့်ပစ်/ပျောက်ဆုံး)** ကိရိယာများနှင့် ပတ်သက်၍သုတေသနများ ဆောင်ရွက်ကြရန် အရှေ့တောင်အာရှငါးလုပ်ငန်းဖွံ့ဖြိုးရေး ဗဟိုဌာန(SEAFDEC)မှ အဖွဲ့ဝင်နိုင်ငံများကို တွန်းအားပေးတိုက်တွန်းလျက်ရှိနေပါသည်။

### လိုအပ်လာသော သုတေသနလုပ်ငန်း

မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ်မှစတင်၍ ကမ်းရိုးတန်းဒေသများရှိ ရေလုပ်သားများနှင့် ၎င်းတို့၏အသိုက်အဝန်းများ တိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် ငါးလုပ်ငန်းနှင့်ပတ်သက်၍ ခေတ်အဆက်ဆက်တွင် သုတေသနများ ပြုလုပ်ခဲ့သော်လည်း **ပိုင်ရှင်မဲ့(စွန့်ပစ်/ပျောက်ဆုံး)** ငါးဖမ်းကိရိယာများနှင့်ပတ်သက်၍ သိပ္ပံနည်းကျဆောင်ရွက်သည့် သုတေသနများမှာ နိုင်ငံတကာအဆင့်ဆောင်ရွက်ရန် လိုအပ်နေသည်ကို တွေ့ရှိရပါသည်။ လက်ရှိအနေဖြင့် သုတေသနပြုနေသော နိုင်ငံတကာအဖွဲ့အစည်းများသာမက မြန်မာ့ငါးလုပ်ငန်းဆိုင်ရာအဓိကတာဝန်ရှိသော ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် **ပိုင်ရှင်မဲ့ (စွန့်ပစ်/ပျောက်ဆုံး)**နှင့် ပတ်သက်သော သုတေသနများဆောင်ရွက်တော့မည်ဖြစ်ပါသည်။ သို့ဖြစ်၍ လုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ တာဝန်ရှိဌာနဆိုင်ရာများ၊ ဒေသဆိုင်ရာအာဏာပိုင်များနှင့် အများပြည်သူတို့အနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် လက်တွဲပြီး မိမိတို့နိုင်ငံ၏ အဏ္ဏဝါရေပြင်သန့်ရှင်းရေး၊ ရေသယံဇာတ ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့သော ငါးလုပ်ငန်းဖော်ဆောင်နိုင်ရေးတို့အတွက် ဦးတည်ကာ ဝိုင်းဝန်းကူညီ၍ သုတေသနပြုဆောင်ရွက်နိုင်ပါရန် အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

# မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ Video Conferencing စနစ်ဖြင့် ကျင်းပသည့် (၄၁) ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံ၏ ကဏ္ဍအလိုက် အစည်းအဝေးများတက်ရောက်

**နေပြည်တော် စက်တင်ဘာ ၉**

(၄၁) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံ၏ နိုင်ငံရေးရာကော်မတီအစည်းအဝေးကို ယနေ့နံနက် ၇ နာရီခွဲတွင် စတင်ကျင်းပရာ မြန်မာအဖွဲ့ခေါင်းဆောင်၊ AIPA ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်သိန်းနှင့်အတူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါက်တာသန်းဝင်းနှင့် ဦးမောင်မောင်လတ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။ (ယာပုံ)



အစည်းအဝေး၌ "Parliamentary Diplomacy for Sustainable Peace, Security and Prosperity in ASEAN" အဆိုကို ဆွေးနွေးကြရာတွင် နိုင်ငံရေးရာကော်မတီအစည်းအဝေး၏ မြန်မာအဖွဲ့ခေါင်းဆောင် ဦးဇော်သိန်း က အာဆီယံပဋိညာဉ်စာတမ်းတွင် အဖွဲ့ဝင်တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားအဖွဲ့ဝင်နိုင်ငံများက ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် ပြဋ္ဌာန်းထားကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ ပြည်တွင်းကိစ္စကို ဝင်ရောက်စွက်ဖက်သည့် မည်သည့်အဆိုမူကြမ်းစာပိုဒ်ကိုမဆို ကန့်ကွက်မည်ဖြစ်ကြောင်း၊ ယခုအဆိုမူကြမ်းတွင် ပါရှိသည့် ရခိုင်ပြည်နယ်ကိစ္စနှင့်သက်ဆိုင်သည့် စာပိုဒ်အမှတ် OP 9 နှင့် OP 10 ကို ကန့်ကွက်ကြောင်းနှင့် အဆိုမူကြမ်းမှ ပယ်ဖျက်ပေးရန် ဆွေးနွေးသည်။ ယင်းအဆိုမူကြမ်းအပေါ် အဖွဲ့ဝင်ပါလီမန်အားလုံး၏ သဘောတူညီချက် (consensus) မရရှိသည့်အတွက် အဆိုမူကြမ်းအား အတည်ပြုနိုင်ခြင်းမရှိကြောင်း သိရသည်။

**ဆွေးနွေးအတည်ပြု**

ဆက်လက်၍ စီးပွားရေးရာကော်မတီအစည်းအဝေးကို ကျင်းပရာ မြန်မာအဖွဲ့ခေါင်းဆောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်နှင့် ဦးဘိုဘိုဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် "The Role of Parliaments in Promoting ASEAN Cohesiveness and Economic Recovery post COVID-19" အဆိုကို ဆွေးနွေးအတည်ပြုသည်။

မွန်းလွဲပိုင်းတွင် လူမှုရေးရာကော်မတီအစည်းအဝေးကို ကျင်းပရာ မြန်မာအဖွဲ့ခေါင်းဆောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် အစီရင်ခံစာ (၂) နှင့် "Enhancing the role of AIPA to support the ASEAN Social-Cultural Community in responding to the COVID-19" အဆိုများကို ဆွေးနွေးအတည်ပြုသည်။

**မူကြမ်း (၁၃) ခုကို ဆွေးနွေး**

ဆက်လက်၍ AIPA ၏ အုပ်ချုပ်မှုဆိုင်ရာကော်မတီအစည်းအဝေးကို ကျင်းပရာ မြန်မာအဖွဲ့ခေါင်းဆောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းနှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် AIPA ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်သည့် အစီရင်ခံစာ (၃) ခုနှင့် အဆိုမူကြမ်း (၁၃) ခုကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ဒုတိယစုံညီအစည်းအဝေး (Second Plenary Session) နှင့် ညီလာခံပိတ်ပွဲအခမ်းအနားတို့ကို စက်တင်ဘာ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အားလုံးဝိုင်းဝန်းရမည့်အချိန်

❖ ကိုယ့်တစ်ယောက်ရဲ့
တာဝန်မဲ့ခြင်း
ပျက်ကွက်ခြင်းက
မည်မျှအဆိုးဘက်
အကျိုးဆက်များ
ရောက်ရှိသွားမလဲ
လူသားဆန်ဆန်
အသိဉာဏ်ဖြင့်
တာဝန်လည်းယူ
ဝိုင်းဝန်းကူ၍
ပြည်သူကြို့တွေ့
အချိုးအကွေ့၏
ယနေ့ကပ်ဘေး
ကင်းပျောက်ဝေးဖို့
ရေးရှုပေါင်းရုံး
အားလုံးဝိုင်းဝန်းရမည့်အချိန်။

**ဟသ်ာတမြင့်ဌေး**

## သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိ

**သီပေါ စက်တင်ဘာ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များ၊ သက်ဆိုင်ရာမြို့နယ် ဌာနဆိုင်ရာများ၊ မီးသတ်၊ ကြက်ခြေနီနှင့်ပရဟိတအသင်းများ ပူးပေါင်း၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သီပေါမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် သက်ဆိုင်ရာက ထုတ်ပြန်ထားသော လမ်းညွှန်ချက်၊ ညွှန်ကြားချက်နှင့်တားမြစ်မိန့်များကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် စက်တင်ဘာ ၈ ရက်တွင် အသံချဲ့စက်ဖြင့် လိုက်လံအသိပေးကြေညာခြင်း၊ စက်တင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် နေအိမ်ပြင်ပသို့ ထွက်ခွာတိုင်း နှာခေါင်းစည်းတပ်ဆင်ဆက်သွယ်သွားလာရေး၊ နှာခေါင်းစည်းတပ်ဆင်လှုပ်ရှားမှုပြုလုပ်ခြင်း၊ မြို့အဝင်၊ အထွက် တိုးဂိတ်များ၌ မော်တော်ယာဉ်များဖြင့် စီးနင်းလိုက်ပါလာကြသည့် ခရီးသွားပြည်သူများကို ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများ၊ ပညာပေးရေးလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း (သီပေါ)**

## နေပြည်တော်မှ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ နေပြည်တော်အတွင်းသို့ တရားမဝင်သည့် နည်းလမ်းဖြင့် မဝင်ရောက်ကြရန် လိုအပ်ပါသည်။ တခြားဒေသများမှ ပြန်လာလျှင်လည်း အသိပေးပြီး စစ်ဆေးခံကြရန် လိုအပ်ပါသည်။ ကိုဗစ်ရောဂါ စမ်းသပ်စစ်ဆေးခကို များစွာလျှော့ချထားပါသည်။

၂။ ရန်ကုန် - မန္တလေး အမြန်လမ်းနှင့် လမ်းဟောင်း တချို့နေရာများတွင် ကားပေါ်မှ ဆင်းပြီး ဆိုင်ကယ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းမှတစ်ဆင့် နေပြည်တော်သို့ ဝင်ရောက်ခြင်းများရှိသည်ကို ကြားသိနေရသည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းပြီး ကြပ်ကြပ်မတ်မတ်ထိန်းချုပ်နေသည်။

၃။ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများကို မိမိရပ်ကွက်ကျေးရွာသို့ ဝင်ရောက်လာသူများ၊ ပြန်လာသူများရှိပါက ချက်ချင်းသတင်းပို့ရန်၊ ကြပ်မတ်ရန်နှင့် Quarantine စင်တာများသို့ ပို့ဆောင်ရန် ညွှန်ကြားထားသည်။

၄။ ကုန်စည်စီးဆင်းမှုအဆင်ပြေစေရန် ဖြတ်သန်းမှုများနှင့် ပတ်သက်၍ အဝင်ဂိတ်များတွင် စလစ်များပေးပြီး အထွက်ဂိတ်ကို တောက်လျှောက်မောင်းနှင်ရန်၊ လမ်းတွင် တခြားနေရာများသို့ မဝင်ရောက်ရန်၊ အထွက်ဂိတ်တွင် စလစ်ပြန်အပ်ရန် ညွှန်ကြားထားပါသည်။

၅။ နေပြည်တော်ရှိ မြို့နယ်များ၌ Mask တပ်ဆင်ရေး၊ ကိုဗစ်ပညာပေးလုပ်ငန်းများကို အသံချဲ့စက်ဖြင့် လိုက်လံဆော်သြခြင်းနှင့် ညမထွက်ရအမိန့် လိုက်နာမှုရှိစေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး စားသောက်ဆိုင်များတွင်လည်း ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ ရန်ကုန်မြို့တွင် Quarantine ဝင်နေသူ လူဦးရေ ၆၀၀၀ ခန့်ရှိပါသည်။ ရခိုင်ပြည်နယ်မှ ပြန်လာသည့်လူဦးရေ ၁၀၀၀ ကို နှစ်ရက်အတွင်း နေရာထိုင်ခင်း ဖန်တီးပေးထားပါသည်။ ယခု Contact များလာသည့်အတွက် လူဦးရေ ၁၀၀၀ ခန့်အတွက် Quarantine Center ၇ ခု အသစ်ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးထားပါသည်။ Quarantine Center ဝင်ရောက်သူများအား ရန်ကုန်မြို့ရှိ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများအနေဖြင့် ကူညီရန် လာရောက်ဆက်သွယ်ပေးစေလိုပါသည်။

၂။ ရန်ကုန်မြို့သူ၊ မြို့သားများအနေဖြင့် Contact Tracing ကို ရှာသည့်အခါတွင် ရောဂါပိုးရှိသူနှင့် ထိတွေ့ခဲ့သူရပ်ကွက်၌ ရှိနေပြီဆိုပါက စိုးရိမ်ထိတ်လန့်မှုမရှိစေဘဲ Quarantine Center များသို့ မြန်မြန်ဆန်ဆန်ပို့ဆောင်ပေးရန် လိုအပ်ပါသည်။

၃။ Quarantine Center များသို့ ရောက်ရှိသွားပါက သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာနေထိုင်ကြစေရန်နှင့် Quarantine ဝင်ရောက်နေကြသူများအား စားသောက်ဖွယ်ရာများ ပို့ဆောင်ရာတွင် အရက်သေစာနှင့် ဆေးလိပ်တို့ကို ထည့်သွင်းပို့ဆောင်ခြင်းမပြုလုပ်ကြရန် မေတ္တာရပ်ခံလိုပါသည်။

၄။ ရန်ကုန်မြို့သူ မြို့သားများအနေဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ဝန်ထုပ်ဝန်ပိုးများလည်း များပြားပါသည်။ သို့ဖြစ်၍ Stay Home သတ်မှတ်ကာလ ၂ ပတ်၊ ၃ ပတ်ခန့်အချိန်အတွင်း မိမိတို့နေအိမ်တွင် နေထိုင်ခြင်းဖြင့် စည်းကမ်းများကို တိတိကျကျလိုက်နာကြရန်၊ မဖြစ်မနေပြင်ပသို့ သွားရောက်ရပါက Mask များ၊ မဖြစ်မနေတပ်ကြရန်၊ ရန်ကုန်မြို့သည် လူဦးရေများပြားသည့်အတွက် ယခုလို ကူးစက်ပြန့်ပွားမှု မြင့်တက်လာချိန်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအား အထူးဂရုပြုလိုက်နာကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ထည်ဝါခံ့ညား ပြည့်အင်အား ပဲခူးမြစ်ကူးတံတားများ

## ကိုတင့် (မြို့ပြအင်ဂျင်နီယာ)

ပဲခူးမြစ်သည် ပဲခူးရိုးမပေါ်ရှိ ဆင်နှာမောင်းတောင်တွင် မြစ်ဖျားခံ၍ တောင်ဘက်ရှိ ရန်ကုန်မြစ်အတွင်းသို့ စီးဆင်းသည်။ မြောက်ဘက်ပဲခူးရိုးမတွင် မြစ်ဖျားခံသော ကိုဒူကွဲချောင်း၊ လက်ပံချောင်း၊ အောင်မြချောင်း၊ ရွှေလောင်းချောင်းနှင့် စလူချောင်းတို့သည် ပဲခူးမြစ်အတွင်းသို့ စီးဆင်းပေါင်းဆုံကြသည်။ အခြားချောင်းများမှာ မဇင်းချောင်း၊ ဇလတ်ထော်ချောင်းနှင့် ဝမ်းဘောဒတ်ချောင်းတို့သည်လည်း ပဲခူးမြစ်အတွင်းသို့ စီးဆင်းကြသည်။ ပဲခူးမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့် ၃၁ ပေတွင် တည်ရှိကြောင်း သိရှိရသည်။ ပဲခူးမြစ် ဖြတ်သန်းစီးဆင်းသော မြို့နယ်များမှာ ပဲခူးတိုင်းဒေသကြီးအတွင်းတွင် ပဲခူးမြို့နယ်၊ ကဝမြို့နယ်၊ ဒါးပိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် လှည်းကူးမြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ သာကေတမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ ဖြစ်ကြသည်။

ရန်ကုန်-နေပြည်တော် အမြန်လမ်း ဖြတ်သန်းသွားသော မိုင်တိုင် ၃၉/၀ တွင် ပဲခူးမြစ်ကူးတံတား(အမြန်လမ်း) အသွား/အပြန် တံတားများကို ၂၀၀၉ ခုနှစ်က တည်ဆောက်ဖွင့်လှစ်ပြီး ဖြစ်သည်။ ရန်ကုန်- ပဲခူး တောင်ငူ- မန္တလေးကားလမ်းမှာ ပဲခူးမြို့တွင်းမှ ဖြတ်သန်းသွားခြင်းကြောင့် မြို့လယ်တွင် ယာဉ်ကြောပိတ်ဆို့မှုများ အမြဲကြုံတွေ့ရသည်။ သို့ဖြစ်၍ ပဲခူး မြို့ရှောင်လမ်းကို ၂၀၁၅ ခုနှစ်က ဖောက်လုပ်ခဲ့ပြီး ပဲခူး မြစ်ကူးတံတား (မြို့ရှောင်လမ်း)ကို ၂၀၁၆ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ပဲခူးမြို့တွင်း၌လည်း ပဲခူးတံတား (ပဲခူးမြို့) ခြောက်လမ်းသွားတံတားကြီးကို ၂၀၁၀ ပြည့်နှစ်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သည်။ ပဲခူးမြို့တွင်း ခြောက်လမ်းသွားတံတားကြီးကို တည်ဆောက်ခဲ့ခြင်းကြောင့် အမြဲတမ်းကြုံတွေ့နေရသော ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းနိုင်ခဲ့ပြီဖြစ်သည်။ ပဲခူးမြို့တွင်း၌လည်း တည်ဆောက်ပြီး ခြောက်လမ်းသွား ပဲခူးတံတားကြီးကြောင့် ပဲခူးမြို့တွင်း ယာဉ်သွားလာမှုများ အဆင်ပြေချောမွေ့နေပြီ ဖြစ်သည်။



တည်ဆောက်ပြီးစီးသည့် ပဲခူးတံတား(ပဲခူးမြို့) ကို တွေ့ရစဉ်။

### ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ဆဲ ပဲခူးမြစ်ကူးတံတား နှစ်စင်း

#### တည်ဆောက်ဆဲ ပဲခူးမြစ်ကူးတံတား (မြို့ဦးကင်း)

ပဲခူးမြို့ ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးနှင့် မြို့တွင်း သွားလာရာတွင် ယာဉ်ကြောရှုပ်ထွေးမှု လျော့နည်းစေရန် အတွက် ပဲခူးမြစ်ကူးတံတား (မြို့ဦးကင်း) တည်ဆောက်ခြင်းလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနတံတား အထူးအဖွဲ့ (၉) မှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ တည်ဆောက်ရေးလုပ်ငန်း ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။ ပဲခူးမြစ်ကူးတံတား (မြို့ဦးကင်း) တံတားအမျိုးအစားသည် သံကူကွန်ကရစ် တံတားဖြစ်ပြီး အရှည် ၅၁၈ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ နှစ်လမ်းသွားနှင့် လူသွားလမ်းအကျယ် တစ်ဖက် ခြောက်ပေစီရှိသည်။ ပဲခူးမြစ်ကူးတံတား (မြို့ဦးကင်း) သည် ပဲခူးမြို့ စိန်သာလျောင်းဘုရားလမ်းနှင့် ဥဿာ မြို့သစ်၊သမိန်ဗရမ်းလမ်းသို့ ဆက်သွယ်သွားလာနိုင်သည့် လမ်းဖြစ်သည့်အပြင် ပဲခူးမြို့ရှောင်လမ်းနှင့်ပါ ချိတ်ဆက် သွားလာနိုင်ပြီး သနပ်ပင်၊ ခရမ်း၊ သုံးခွနှင့် ရန်ကုန်တိုင်း ဒေသကြီးအထိ လမ်းပေါက်သွားမည်ဖြစ်သည်။ ပဲခူး မြို့ရှောင်လမ်းကို ဆက်သွယ်သည့်လမ်းဖြစ်သည့်အတွက် ပဲခူးမြို့တွင်း ယာဉ်ကြောကျပ်တည်းမှုများ၊ ကုန်စည် စီးဆင်းမှုများ၊ ကျောင်းသား ကျောင်းသူများ သွားလာ နိုင်ရေး ပိုမိုအဆင်ပြေလာတော့မည်ဖြစ်သည်။

#### တည်ဆောက်ဆဲ ပဲခူးမြစ်ကူးတံတား (ကဝ)

ပဲခူးမြစ်ကူးတံတား (ကဝ)ကို ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကဝမြို့ရှောင်လမ်းပေါ်တွင် ပဲခူးမြစ်အား ဖြတ်သန်း၍ တည်ဆောက်နေသည်။ ယင်းတံတားကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၉)က တာဝန်ယူ တည်ဆောက်နေခြင်းဖြစ်သည်။ တံတားမှာ နှစ်လမ်းသွား သံကူကွန်ကရစ်တံတား ဖြစ်သည်။ အရှည်ပေ ၁၀၀ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ (P.C Girder) များ ခြောက်ခန်းရှိပြီး တံတားပေအရှည် ၆၀၀ ရှိသည်။ တံတားတစ်စင်းလုံးပြီးစီးမှု ၉၅ ရာခိုင်နှုန်း ရှိပြီး မကြာမီ တံတားဖွင့်လှစ်တော့မည်ဖြစ်သည်။ လက်ရှိအသုံး ပြုနေသည့် ပဲခူးမြစ်ကူးတံတား(ကဝ)မှာ တစ်လမ်းသွား ဘေလီတံတားဖြစ်ပြီး ကဝမြို့တွင်းကို ဖြတ်သန်းသွားလာ ရသည့်အတွက် ယာဉ်ကြောကျပ်တည်းမှုများ ဖြစ်ပေါ်ကာ ယာဉ်အန္တရာယ် များပြားလာသောကြောင့် ကဝ မြို့ရှောင်လမ်းကို တည်ဆောက်ရခြင်းဖြစ်သည်။

ကဝမြို့ကြီး မြို့ပြဖွံ့ဖြိုးတိုးတက်လာမှုနှင့် ကိုက်ညီမှု ရှိစေရန် ပဲခူးမြစ်ကူးတံတား (ကဝ) သံကူကွန်ကရစ် တံတားသစ်ကြီးကို မြို့ရှောင်လမ်းပေါ် တည်ဆောက် ရခြင်းဖြစ်ကြောင်းနှင့် တံတားသစ် တည်ဆောက်ပြီးစီး ပါက ယခင်ဘေလီတံတားဟောင်းကို ဖျက်သိမ်းမည် မဟုတ်ဘဲ ယာဉ်ငယ်များ ဆက်လက်ဖြတ်သန်းခွင့်ပြုမည် ဖြစ်ကြောင်းလည်း သိရသည်။ တံတားသစ်ကြီး တည်ဆောက်ပြီးစီးပါက ရန်ကုန်-ပဲခူးခြောက်လမ်းသွား လမ်းမကြီးနှင့် ရန်ကုန်-ခရမ်း-သုံးခွ-သနပ်ပင်-ပဲခူးလမ်း မကြီးကို ဆက်သွယ်ပေးနိုင်မည့် အင်းတကော်-ထုံးကြီး- ကဝ-အုန်းနဲ့လမ်းကို ကဝတံတားကြီးမှ ဆက်သွယ်ပေး နိုင်တော့မည်ဖြစ်သည်။ ကဝမြို့နယ် ပတ်ဝန်းကျင်အနီး တစ်ဝိုက်ရှိ ကျေးရွာများဖြစ်သော ထုံးကြီး၊ ကဝ၊ အုန်းနဲ့၊ သက္ကလတို့မှ ကုန်စည်များ ရန်ကုန်မြို့နှင့် ပဲခူးမြို့သို့ တိုက်ရိုက် တင်ပို့ဖြန့်ဖြူးနိုင်တော့မည်ဖြစ်သည်။

ပဲခူးမြစ်ကူးတံတား (ဒါးပိန်-သပြု)သည် ရန်ကုန်တိုင်း ဒေသကြီး ဆားတလင်း-ဒါးပိန်-ကျွဲကူးဆိပ်လမ်းနှင့် ပဲခူး တိုင်းဒေသကြီး သပြု-ရှမ်းကံ-ကဝလမ်းကို ဆက်သွယ် ပေးမည့်တံတားဖြစ်သည်။ ၆-၄-၂၀၁၉ ရက်နေ့က တံတား စတင်ဆောက်ခဲ့သည်။ ပဲခူးမြစ်ကူးတံတား (ဒါးပိန်-သပြု) သည် အရှည် ၁၀၅၁ ပေ၊ ယာဉ်သွားလမ်း ၂၈ ပေ၊ လူသွား လမ်းတစ်ဖက်လျှင် သုံးပေသုံးလက်မစီ ပါဝင်သည့် နှစ်လမ်းသွားသံကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ရန်ပုံငွေ များဖြင့်တံတားကို တည်ဆောက်ခြင်းဖြစ်ကြောင်း သိရ သည်။ အဆိုပါတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၀)မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ တံတားပြီးစီးမှုမှာ ၈၄ ရာခိုင်နှုန်းရှိကြောင်းသိရပြီး မကြာမီ ဖွင့်လှစ်တော့မည် ဖြစ်ကြောင်း သိရသည်။

ပဲခူးမြစ်ကူးတံတား (ဒါးပိန်- သပြု) တံတားကြီး တည်ဆောက်ပြီးစီးသွားပါက ပဲခူးတိုင်းဒေသကြီးဘက်မှ သပြု-ရှမ်းကံ-ကဝလမ်းနှင့် ရန်ကုန်တိုင်းဒေသကြီးဘက်မှ လှည်းကူး-ဆားတလင်း-ဒါးပိန်-ကျွဲကူးလမ်းတို့ ဆက်စပ် သွားလာနိုင်တော့မည်ဖြစ်သည်။ ကဝမြို့နယ်နှင့် အုန်းနဲ့၊ သက္ကလ၊ သနပ်ပင်ဒေသများမှ ကုန်စည်များကို အဆိုပါ တံတားမှ ဖြတ်သန်းပြီး လှည်းကူးမြို့နယ် ရန်ကုန်မြို့တော် အဝင် အမှတ်(၂) လမ်းမကြီးမှ ရန်ကုန်တိုင်းဒေသကြီး အတွင်းသို့ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်သည်။ ပဲခူး မြစ်ကမ်းတစ်လျှောက်ရှိ နေထိုင်သော ဒေသခံ ပြည်သူများ သည် လယ်ယာထွက်ကုန်ပစ္စည်းများအား ပဲခူးမြစ်ကူး တံတား (ဒါးပိန်-သပြု)ကို အသုံးပြု၍ ရန်ကုန်တိုင်း ဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ သို့ ပေးပို့နိုင်တော့မည် ဖြစ်သောကြောင့် ကုန်စည် ပို့ဆောင်ရေးအတွက် အရေးပါလှသော တံတားကြီး တစ်စင်း ဖြစ်သည်။



ပဲခူးမြစ်ကူးတံတား(မြို့ဦးကင်း)တည်ဆောက်နေမှု တွေ့ရစဉ်။




### ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်ပြီးစီးသော ပဲခူးမြစ်ကူးသန်လျင်တံတား အမှတ် (၁)နှင့် အမှတ် (၂)

#### ရန်ကုန်-သန်လျင်တံတား (အမှတ် ၁)

ရန်ကုန်- သန်လျင်တံတားကြီးကို ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံအင်ဂျင်နီယာ များနှင့် အတတ်ပညာရှင်များ ပူးပေါင်း၍ ၁၉၈၈ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ရာ ငါးနှစ်တာကာလအချိန်ကြာခဲ့ပြီး ၁၉၉၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်ခဲ့သည်။ ရန်ကုန်-သန်လျင်တံတားမှာ ပဲခူး မြစ်ပေါ်တွင် တည်ဆောက်ခဲ့ပြီး တံတားအလယ်တွင် မီးရထားလမ်းနှင့် ဘေးနှစ်ဖက်ကားလမ်း အသွား/ အပြန် ရှိသည်။ တံတားအလျား ၅၉၇၇ ပေရှိပြီး တံတားအကျယ်မှာ ၆၇ ဒသမ ၂၄ ပေရှိသည်။ ၁၉၉၃ ခုနှစ်မှ ယနေ့အချိန် အထိ မီးရထားလမ်းနှင့် ကားလမ်းအသုံးပြုနေရဆဲ တံတားကြီးတစ်စင်းဖြစ်သည်။ ရန်ကုန်- သန်လျင်- ကျောက်တန်းဒေသ/ ခရမ်း- သုံးခွဒေသများနှင့် သီလဝါ အထူးစီးပွားရေးဇုန်များ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အတွက် အရေးပါအရာ ရောက်နေသော တံတားကြီးတစ်စင်းဖြစ်သည်။

*စာမျက်နှာ ၉ သို့*

**“ပဲခူးမြစ်ကူးတံတား (ဒါးပိန်- သပြု) တံတားကြီး တည်ဆောက်ပြီးစီး သွားပါက ပဲခူးတိုင်းဒေသကြီးဘက်မှ သပြု- ရှမ်းကံ- ကဝလမ်းနှင့် ရန်ကုန်တိုင်း ဒေသကြီးဘက်မှ လှည်းကူး- ဆားတလင်း- ဒါးပိန်- ကျွဲကူးလမ်းတို့ ဆက်စပ်သွားလာ နိုင်တော့မည်ဖြစ်သည်။ ကဝမြို့နယ် နှင့် အုန်းနဲ့၊ သက္ကလ၊ သနပ်ပင်ဒေသ များမှ ကုန်စည်များကို အဆိုပါ တံတားမှဖြတ်သန်းပြီး လှည်းကူး မြို့နယ် ရန်ကုန်မြို့တော် အဝင် အမှတ်(၂)လမ်းမကြီးမှ ရန်ကုန် တိုင်းဒေသကြီးအတွင်းသို့ သယ်ယူ ပို့ဆောင်နိုင်တော့မည်ဖြစ်”**

*စာမျက်နှာ ၈ မှ*

**ရန်ကုန်-သန်လျင်တံတားအမှတ် (၂) (ဒဂုံတံတား)**

ဒဂုံတံတားသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းနေသော ပဲခူးမြစ်ကို ဖြတ်ကျော်၍ ဆောက်လုပ်ထားသည့် ခြောက်လမ်းသွား သံကူကွန်ကရစ်တံတားကြီးတစ်စင်း ဖြစ်သည်။ ရန်ကုန်နှင့် သန်လျင်ကိုစည်းခြားထားသော ပဲခူးမြစ်ကို ဖြတ်ကျော်၍ ရန်ကုန်- သန်လျင် အမှတ်(၂) တံတားသည် ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်းတွင် တည်ရှိသောကြောင့် ဒဂုံတံတားဟု အမည်ပေးခဲ့ခြင်းဖြစ်ကြောင်း မှတ်သားရသည်။ ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည်။ သန်လျင်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်၊ သီလဝါဆိပ်ကမ်းသည် နိုင်ငံခြားတိုင်းပြည်များမှ ပို့ကုန်/ သွင်းကုန်များကို အဓိက လက်ခံဆောင်ရွက်ပေးနေသော နိုင်ငံခြားသင်္ဘောကြီးများ ဆိုက်ကပ်ရာ မြန်မာ့ဆိပ်ကမ်း ကြီးတစ်ခုဖြစ်သည်။ ရန်ကုန် မြို့တွင်း/ မြို့ပြင်သို့ သီလဝါဆိပ်ကမ်းမှ ကွန်တိန်နာကုန်ကားကြီးများ ဖြတ်သန်းသွားလာရာတွင် ဒဂုံတံတားကြီးပေါ်မှ ပေါင်းကူးသွားလာနိုင်ခွင့်ကို အထူးပေးစွမ်းလျက်ရှိသည်။

ပဲခူးမြစ်သည် ဒီရေအတက်အကျရှိနေ၍ ရေစီးအလွန်သန်သည်။ တံတားအုတ်မြစ်လုပ်ငန်း ဆောင်ရွက်ခဲ့စဉ်က Foundation Depth နက်ခြင်း၊ ရေစီးကြမ်းခြင်း၊ ဝဲကတော့များ ထိုးခြင်းတို့ကြောင့် Under Water Foundation, Bored Pile Foundation လုပ်ငန်းများကို Staging များ တည်ဆောက်၍ RCD Method ဖြင့် ဆောင်ရွက်ခဲ့ကြသည်။ Shaft Top ပေါ်တွင် Cantilever Beam များကို တည်ဆောက်ခဲ့ကြသည်။ ဒဂုံတံတားကြီး၏ Cantilever Beam များကို တည်ဆောက်ခဲ့စဉ် ငြမ်းအဖြစ် Baily Frame များကို Over Handing Method ကို အသုံးပြု၍ ရေပြင်အထက်လေထဲတွင် တစ်ဆင့်ချင်း ခက်ခဲစွာဖြင့် ငြမ်းထိုး ဆောင်ရွက်ခဲ့ကြရကြောင်း မှတ်သားရသည်။



မကြာမီဖွင့်လှစ်တော့မည့် ပဲခူးမြစ်ကူးတံတား(ကဝ) တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

**"ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းဆွေးနွေးစီမံချက်များရေးဆွဲကာ ပဲခူးမြစ်ဖြတ်သန်းရာ မြို့ရွာဒေသများရှိ လမ်းပန်းဆက်သွယ်ရေးအရ အဓိကလိုအပ်ချက်ရှိသည့်နေရာများတွင် ပဲခူးမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်း စီမံကိန်းများချမှတ်ကာ ဆောင်ရွက်လျက်ရှိ"**



ပဲခူးမြစ်ကူးတံတား(ဒါးပိန်- သပြု) တည်ဆောက်နေမှုကို တွေ့ရစဉ်။



ရန်ကုန်- သန်လျင်တံတား အမှတ်(၃) တည်ဆောက်ပြီးလျှင် မြင်တွေ့ရမည့်ပုံစံ။

ပင်မတံတားရေလယ်တိုင်ကြီးများပေါ်တွင် ပေ၁၆၀ အကျယ်ခန်းများအတွက် တစ်ခန်းလျှင် အရှည်ပေ ၁၁၀ ရှိ P.C Girder ၁၅ လုံးကို Canti-lever Beam ပေါ်တွင် တင်၍ တည်ဆောက်ထားကြောင်း သိရှိမှတ်သားရသည်။ တံတားကြီးအရှည်ပေ ၄၅၄၀၊ တံတားအကျယ် ၈၄ ပေ၊ ကားလမ်းအကျယ် ၇၂ ပေနှင့် လူသွားလမ်းအကျယ် ခြောက်ပေနှစ်ဖက် ပါရှိသည်။ ခွင့်ပြုဝန်အလေးချိန် ၇၅ တန်ရှိသော ခြောက်လမ်းသွား သံကူကွန်ကရစ်တံတားကြီးကို ၂၇- ၁၀-၂၀၀၇ ရက်နေ့က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃) တည်ဆောက်ခြင်း**

သန်လျင်ဘက်ကမ်းတွင် သီလဝါအထူးစီးပွားရေးဇုန် (SEZ) နှင့် Myanmar International Terminals Thilawa (MITT)တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြို့၏ အဓိကစီးပွားရေးနယ်မြေတွင်ပါဝင်သည့် မြို့နယ်များနှင့် သန်လျင်- သီလဝါ အထူးစီးပွားရေးဇုန်တို့ ကူးသန်းသွားလာမှုကြောင့်လည်းကောင်း၊ သန်လျင်ဒေသပတ်ဝန်းကျင်မှ ဒေသခံပြည်သူများ ခရီးသွားမှုကြောင့်လည်းကောင်း၊ လက်ရှိ ရန်ကုန်- သန်လျင်တံတားအမှတ် (၁)သည် ဖြတ်သန်းနေသည့် ယာဉ်စီးရေ များပြားလာပြီး ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိသည်။ လက်ရှိတံတား၏ အသွား/ အပြန်လမ်းယာဉ်ကြောနှင့် မလုံလောက်သဖြင့် ပဲခူးမြစ်ကူးတံတား (သန်လျင်အမှတ်-၃)ကို လေးလမ်းသွားတံတားကြီးအဖြစ် မဖြစ်မနေ တည်ဆောက်ရခြင်းဖြစ်ကြောင်း သိရသည်။

Central Business District (CBD) နှင့် သီလဝါလမ်းကြောင်းမှာ သန်လျင်တံတားအမှတ် (၂) (ဒဂုံတံတား)မှ ဖြတ်သန်းသွားလာပါက လမ်းကြောင်းမှာ ၃၈ ဒသမ ၁ ကီလိုမီတာ ရှည်လျားပြီး ယာဉ်သွားလာမှုကြာချိန်မိနစ် ၇၀ ခန့် ကြာမည်ဖြစ်ပြီး ယခုတံတားအသစ်ကို ဖြတ်သန်းပါက ခရီးအကွာအဝေး ၁၉ ဒသမ ၅ ကီလိုမီတာရှိပြီး ယာဉ်သွားလာမှုကြာချိန် ၄၅ မိနစ်သာ ကြာမည်ဖြစ်ရာ အချိန် ၂၅ မိနစ်ခန့် သက်သာမည်ဖြစ်သည်။ လေးလမ်းသွား ပဲခူးမြစ်ကူးတံတား (သန်လျင်အမှတ်- ၃) တည်ဆောက်ပြီးစီးပါက ယာဉ်ကြောပိတ်ဆို့မှု အနည်းငယ်သာဖြစ်နိုင်ပြီး တံတားကို အချိန်တိုအတွင်း ဖြတ်သန်းသွားလာ အသုံးပြုနိုင်မည်ဖြစ်သည်။

သန်လျင်တံတားအမှတ်(၃) တည်ဆောက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ အေဂျင်စီ (JICA)မှ ချေးငွေအမေရိကန်ဒေါ်လာ ၂၈၂ ဒသမ ၅၄ သန်းနှင့် ညီမျှသည့် ဂျပန်ယန်း ၃၁ ဒသမ ၀၅၁ ဘီလီယံချေးငွေရယူ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ တံတားစီမံကိန်းတစ်ခုလုံးတန်ဖိုးမှာ မြန်မာနိုင်ငံဘက်မှ ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၆၆၆ သန်းအပါအဝင် စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၂၃ ဒသမ ၂၀၆ သန်းဖြင့် ၁၃- ၂- ၂၀၁၉ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်အတွင်းတွင် တံတားကြီးပြီးစီးမည်ဟုသိရသည်။

သံလျင်တံတား အမှတ်(၃)ကို ပဲခူးမြစ်ပေါ်၌ တည်ဆောက်ရာတွင် သန်လျင်တံတားအမှတ်(၁)၏ အောက်ဘက် ၁၂၅ မီတာအကွာတွင် တည်ဆောက်ထားသည်။ သာကေတနှင့် သန်လျင်မြို့တို့ ဆက်သွယ်မည့် ယင်းတံတားအရှည်စုစုပေါင်းမှာ ၃၅၀၀ မီတာရှည်သည်။ ဂျပန်နိုင်ငံချေးငွေဖြင့် ဆောင်ရွက်ခြင်းကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ကြီးကြပ်ကာ ဂျပန်နိုင်ငံမှ တည်ဆောက်ရေး ကန်ထရိုက်တာကုမ္ပဏီများက ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သန်လျင်တံတားအမှတ် (၃) စီမံကိန်းတည်ဆောက်ရေးအတွက် လုပ်ငန်းလုပ်ကွက် Package သုံးခု ခွဲခြားထားပြီး ဂျပန်နိုင်ငံ ကုမ္ပဏီများဖြစ်သော Tokyu ကုမ္ပဏီက Package 3 ဖြစ်သည့် Flyover Bridge ကိုလည်းကောင်း၊ Sumitomo Mitsui ကုမ္ပဏီက Package 1+2 (Main Bridge) ကိုလည်းကောင်းအသီးသီး တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

တံတား၏ကိုယ်ထည်ကို ရေလယ်တွင် ၄၄၈ မီတာအရှည်ရှိသော Cable Stayed Bridge အပါအဝင် PC Box Girder, Steel Box Girder များနှင့် တည်ဆောက်သွားမည်ဖြစ်သည်။ တံတားအုတ်မြစ်လုပ်ငန်းကို Steel Pipe Sheet Pile နှင့် တည်ဆောက်မည်ဖြစ်ပြီး ယာဉ်တစ်စီး၏ ခံနိုင်ဝန်အားကို ၇၅ တန် သတ်မှတ်ထားကြောင်း သိရသည်။

**သန်လျင်တံတားအမှတ်(၃) တည်ဆောက်ခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ**

သီလဝါ အထူးစီးပွားရေးဇုန်ကို အကြောင်းပြု၍ ပြည်တွင်း/ ပြည်ပ စီးပွားရေးလုပ်ငန်းများ တိုးပွားလာမှုကြောင့် ရန်ကုန်မြို့အပါအဝင် ရန်ကုန်တောင်ပိုင်းခရိုင်မြို့နယ်များဖြစ်သည့် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာစေမည်ဖြစ်သည်။ သီလဝါ အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးလာမှုကြောင့် ရန်ကုန်မြို့တော်နှင့် သီလဝါအထူးစီးပွားရေးဇုန်အကြား မော်တော်ယာဉ်များ ပိုမိုများပြားလာမှုကြောင့် ဖြစ်ပေါ်လာသည့် ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။

အာဆီယံနိုင်ငံများအတွင်း မိမိနိုင်ငံ၏ မြို့ကြီးများ၌ နိုင်ငံတကာအဆင့်မီ တံတားများ ပေါ်ထွန်းလာခြင်းဖြင့် မြို့ကြီးများ၏ စနစ်တကျ ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အပံ့ဖြစ်စေသည်။ အဆင့်မြင့်နည်းပညာများဖြင့်ဆောက်လုပ်မည့် တံတားများဖြစ်သည့်အတွက် မြန်မာအင်ဂျင်နီယာများအနေဖြင့် တံတားပုံစံထုတ်လုပ်ခြင်း၊ တည်ဆောက်ခြင်း စသည့်ခေတ်မီနည်းပညာနှင့် အတွေ့အကြုံများရရှိနိုင်ပြီး ကျွမ်းကျင်လုပ်သားများလည်း ပေါ်ထွက်လာမည်ဖြစ်သည်။ ထို့အပြင် ပြည်တွင်းရှိ ကျွမ်းကျင်လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာမည် ဖြစ်သည်။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ နိုင်ငံတကာ ကုန်စည်စီးဆင်းမှုများကိုလည်း လွယ်ကူချောမွေ့စေခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ အလျင်အမြန် ဝင်ရောက်လာစေသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

**ထည်ဝါခံ့ညား ပြည့်အင်အား ပဲခူးမြစ်ကူးတံတားများ**

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းဆွေးနွေးစီမံချက်များ ရေးဆွဲကာ ပဲခူးမြစ်ဖြတ်သန်းရာ မြို့ရွာဒေသများရှိ လမ်းပန်းဆက်သွယ်ရေးအရ အဓိကလိုအပ်ချက်ရှိသည့် နေရာများတွင် ပဲခူးမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်း စီမံကိန်းများချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။ လိုအပ်ချက်ရှိသည့်နေရာဒေသများတွင် ပဲခူးမြစ်ကူးတံတားများ တည်ဆောက်ပေးခြင်းဖြင့် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများ အပါအဝင် ကဏ္ဍပေါင်းစုံ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေနိုင်မည်ဖြစ်ပါကြောင်း ပဲခူးမြစ်ကူးတံတားများအကြောင်း ဒေသခံပြည်သူများအတွက် ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

## (၈-၉-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု (၉-၉-၂၀၂၀) ရက်နေ့၊ နံနက် (၁၁:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 1611 | ၉ နှစ် | ကျား | သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-1321) | မရှိ | ပြည်သူ့ဆေးရုံ၊ သာစည်မြို့နယ် | တွေ့ရှိ | အသွားအလာကန့်သတ် ထားရှိသူ |
| 1612 | ၂၀နှစ် | မ | သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-1321) | မရှိ | ပြည်သူ့ဆေးရုံ၊ သာစည်မြို့နယ် | တွေ့ရှိ | အသွားအလာကန့်သတ် ထားရှိသူ |
| 1613 | ၃၀ နှစ် | မ | သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-1321) | မရှိ | ပြည်သူ့ဆေးရုံ၊ သာစည်မြို့နယ် | တွေ့ရှိ | အသွားအလာကန့်သတ် ထားရှိသူ |
| 1614 | ၂၀ နှစ် | မ | သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ သာစည်မြို့နယ် | တွေ့ရှိ | အသွားအလာကန့်သတ် ထားရှိသူ |
| 1615 | ၄၆ နှစ် | ကျား | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-1266) | မရှိ | ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့နယ် | တွေ့ရှိ | အသွားအလာကန့်သတ် ထားရှိသူ |
| 1616 | ၄၄ နှစ် | မ | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-1266) | မရှိ | ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့နယ် | တွေ့ရှိ | အသွားအလာကန့်သတ် ထားရှိသူ |
| 1617 | ၁၀ နှစ် | မ | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-1266) | မရှိ | ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့နယ် | တွေ့ရှိ | အသွားအလာကန့်သတ် ထားရှိသူ |
| 1618 | ၁ နှစ် | မ | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-1266) | မရှိ | ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့နယ် | တွေ့ရှိ | အသွားအလာကန့်သတ် ထားရှိသူ |
| 1619 | ၁၉ နှစ် | မ | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-1267) | မရှိ | ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့နယ် | တွေ့ရှိ | အသွားအလာကန့်သတ် ထားရှိသူ |
| 1620 | ၂ နှစ် | မ | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-1260) | မရှိ | ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့နယ် | တွေ့ရှိ | အသွားအလာကန့်သတ် ထားရှိသူ |
| 1621 | ၅၀ နှစ် | ကျား | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-1265) | မရှိ | ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့နယ် | တွေ့ရှိ | အသွားအလာကန့်သတ် ထားရှိသူ |
| 1622 | ၇၇ နှစ် | ကျား | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-1265) | မရှိ | ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့နယ် | တွေ့ရှိ | အသွားအလာကန့်သတ် ထားရှိသူ |
| 1623 | ၈၁ နှစ် | မ | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-1265) | မရှိ | ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့နယ် | တွေ့ရှိ | အသွားအလာကန့်သတ် ထားရှိသူ |
| 1624 | ၈ နှစ် | ကျား | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-1264) | မရှိ | ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့နယ် | တွေ့ရှိ | အသွားအလာကန့်သတ် ထားရှိသူ |
| 1625 | ၂၉ နှစ် | မ | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-1266) | မရှိ | ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့နယ် | တွေ့ရှိ | အသွားအလာကန့်သတ် ထားရှိသူ |
| 1626 | ၂၁ နှစ် | ကျား | အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-1478) | မရှိ | ကန်တော်နဒီ အထူးကုဆေးရုံ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး မန္တလေးမြို့) |
| 1627 | ၆၅ နှစ် | မ | မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး မန္တလေးမြို့) |
| 1628 | ၃၂ နှစ် | ကျား | လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တပ်မတော် အသည်းရောဂါ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (တပ်မတော်ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေး ဆေးရုံ) |
| 1629 | ၆၅ နှစ် | ကျား | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | ရှိ (Case-1114) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့) (သေဆုံး) |
| 1630 | ၅၄ နှစ် | မ | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1631 | ၂၀ နှစ် | မ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1064) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1632 | ၂၅ နှစ် | မ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1064) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1633 | ၁၉ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1634 | ၁၇ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1635 | ၂၁ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1636 | ၃၅ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1637 | ၂၀ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1638 | ၄၅ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1639 | ၄၀ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1640 | ၄၅ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1641 | ၄၃ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1642 | ၁၇ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1643 | ၁၃ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1644 | ၅၀ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1645 | ၄၈ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1646 | ၂၀ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1647 | ၃၃ နှစ် | ကျား | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အရှေ့ပိုင်းခရိုင် ပြည်သူ့ဆေးရုံကြီး) |
| 1648 | ၃၁ နှစ် | ကျား | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အရှေ့ပိုင်းခရိုင် ပြည်သူ့ဆေးရုံကြီး) |
| 1649 | ၄၀ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အရှေ့ပိုင်းခရိုင် ပြည်သူ့ဆေးရုံကြီး) |
| 1650 | ၁၈ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အရှေ့ပိုင်းခရိုင် ပြည်သူ့ဆေးရုံကြီး) |
| 1651 | ၂၉ နှစ် | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အရှေ့ပိုင်းခရိုင် ပြည်သူ့ဆေးရုံကြီး) |
| 1652 | ၅၅ နှစ် | ကျား | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အရှေ့ပိုင်းခရိုင် ပြည်သူ့ဆေးရုံကြီး) |
| 1653 | ၃၅ နှစ် | ကျား | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ သင်ကြားရေး နှင့် အထွေထွေရောဂါကု ဆေးရုံကြီး) |
| 1654 | ၃၈ နှစ် | ကျား | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ သင်ကြားရေး နှင့် အထွေထွေရောဂါကု ဆေးရုံကြီး) |
| 1655 | ၃၀ နှစ် | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ သင်ကြားရေး နှင့် အထွေထွေရောဂါကု ဆေးရုံကြီး) |
| 1656 | ၅၂ နှစ် | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ သင်ကြားရေး နှင့် အထွေထွေရောဂါကု ဆေးရုံကြီး) |
| 1657 | ၂၅ နှစ် | မ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ သင်ကြားရေး နှင့် အထွေထွေရောဂါကု ဆေးရုံကြီး) |
| 1658 | ၂၄ နှစ် | ကျား | အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အနောက်ပိုင်းခရိုင် ပြည်သူ့ဆေးရုံကြီး) |
| 1659 | ၁၈ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အနောက်ပိုင်းခရိုင် ပြည်သူ့ဆေးရုံကြီး) |
| 1660 | ၂၇ နှစ် | ကျား | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အနောက်ပိုင်းခရိုင် ပြည်သူ့ဆေးရုံကြီး) |
| 1661 | ၂၅ နှစ် | မ | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အနောက်ပိုင်းခရိုင် ပြည်သူ့ဆေးရုံကြီး) |
| 1662 | ၃၂ နှစ် | ကျား | ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အနောက်ပိုင်းခရိုင် ပြည်သူ့ဆေးရုံကြီး) |
| 1663 | ၃၃ နှစ် | ကျား | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အနောက်ပိုင်းခရိုင် ပြည်သူ့ဆေးရုံကြီး) |
| 1664 | ၃၃ နှစ် | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 1665 | ၂၃ နှစ် | ကျား | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 1666 | ၇၂ နှစ် | မ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 1667 | ၂၆ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 1668 | ၃၁ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 1077) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1669 | ၅၆ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (စစ်တွေပြည်သူ့ဆေးရုံကြီး) |
| 1670 | ၄၉ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1671 | ၃၆ နှစ် | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 505) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1672 | ၄၃ နှစ် | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 505) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1673 | ၃၃ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1674 | ၅၈ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1675 | ၂၂ နှစ် | ကျား | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1147) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1676 | ၂၄ နှစ် | ကျား | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1147) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1677 | ၂၇ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1133) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1678 | ၃၂ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1133) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1679 | ၁၉ နှစ် | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1125,1126) | မရှိ | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1680 | ၁ နှစ် | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1125,1126) | မရှိ | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1681 | ၁၇ နှစ် | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1125, 1126) | မရှိ | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1682 | ၄ နှစ် | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1125, 1126) | မရှိ | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1683 | ၅၁ နှစ် | ကျား | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1232) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1684 | ၄၈ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1232) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1685 | ၂ နှစ် | ကျား | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1232) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1686 | ၃၉ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1687 | ၅၈ နှစ် | ကျား | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်း ပြည်သူ့ဆေးရုံကြီး) |

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၁ မှ*

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 1764 | ၂၃ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1765 | ၃၁ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1766 | ၁၉ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1767 | ၂၀ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1768 | ၂၅ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1769 | ၂၄ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1770 | ၂၁ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1771 | ၂၅ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1772 | ၃၀ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1773 | ၅၂ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1774 | ၄၄ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1775 | ၃၁ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1776 | ၂၀ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1777 | ၃၃ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1778 | ၂၈ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1779 | ၂၄ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1780 | ၃၆ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1781 | ၁၉ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1782 | ၃၉ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1783 | ၂၀ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1784 | ၂၆ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1785 | ၂၀ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1786 | ၁၉ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1787 | ၃၇ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1788 | ၃၄ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1789 | ၃၄ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1790 | ၁၈ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1791 | ၃၇ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1792 | ၆၂ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1793 | ၃၄ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1794 | ၂၂ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1795 | ၂၀ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1796 | ၁၉ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1797 | ၂၀ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1798 | ၂၁ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1799 | ၄၃ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1800 | ၂၆ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1801 | ၃၁ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1802 | ၄၅ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1803 | ၄၇ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1804 | ၃၉ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1805 | ၃၄ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1806 | ၄၉ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1807 | ၃၇ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1061) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |

❒ *ရှေ့ဖုံးမှ*

ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိမည် ဖြစ်သည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် ဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ) နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ် ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှ လည်းကောင်း၊ ရပ်ကွက်အတွင်းမှ လည်းကောင်း ဝင်/ထွက်ခွင့် မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၁၀-၉-၂၀၂၀ ရက်၊ နံနက် ၈ နာရီအချိန်မှ စတင်သက်ရောက်သည်။

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး

# မြဝတီ အမှတ် (၂) တံတားမှ မြန်မာလုပ်သား ၂၄၇ ဦး ဝင်ရောက်

**မြဝတီ စက်တင်ဘာ ၉**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၂၄၇ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ယနေ့တွင် ဆက်လက်ဝင်ရောက်လာသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက် မှ ၃၁ ရက် အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ၁၅၉၉၈ ဦး၊ စက်တင်ဘာ ၁ ရက်မှ ၉ ရက်အထိ ၄၇၅၄ ဦး စုစုပေါင်း ၇၅၉၁၇ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၁၆၀၊ အမျိုးသမီး ၈၇ ဦး စုစုပေါင်း ၂၄၇ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**




မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။

# ပြင်သစ်ဝန်ကြီးချုပ် ကိုဗစ်- ၁၉ ကူးစက်ခံရသူနှင့် ထိတွေ့ပြီးနောက် အစည်းအဝေးကို ပထမဆုံးအကြိမ် အွန်လိုင်းမှ ကျင်းပ



ပြင်သစ်စက်ဘီးစီးအားကစားပွဲ စီစဉ်ကျင်းပသူ ညွှန်ကြားရေးမှူး ခရစ္စတင်း ပရွန်ဒွန်မီ(ယာ)နှင့် ပြင်သစ်ဝန်ကြီးချုပ် ဂျန်ကက်စ်တက်ဇ်ကို တွေ့ရစဉ်။

**ပါရီ စက်တင်ဘာ ၉**

ကိုဗစ် - ၁၉ ကန့်သတ်ပိတ်ဆို့မှုများ အဆုံးသတ်သွားပြီးနောက် ပြင်သစ်အစိုးရအဖွဲ့သည် စက်တင်ဘာ ၉ ရက်က အပတ်စဉ်ပြုလုပ်နေကျ အစည်းအဝေးကို ဗီဒီယိုမှတစ်ဆင့် ပြုလုပ်ခဲ့ရကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဝန်ကြီးချုပ် ဂျန်ကတ်စ်တက်ဇ်သည် ကိုဗစ်- ၁၉ ကူးစက်ခံထားရသည့် ပြင်သစ်စက်ဘီးစီးပြိုင်ပွဲ ဦးဆောင်ကျင်းပသူနှင့် ထိတွေ့ခဲ့သောကြောင့် ထိုသို့ ကျင်းပခဲ့ရခြင်းဖြစ်ကြောင်း နိုင်ငံတကာသတင်းတွင် ဖော်ပြသည်။

ပြင်သစ်ဝန်ကြီးချုပ်သည် ကနဦးကိုဗစ်- ၁၉ စစ်ဆေးမှုခံယူခဲ့ရာတွင် ကိုဗစ် - ၁၉ ကင်းစင်ကြောင်း သိရသည်။ သို့သော် တရားဝင်ညွှန်ကြားချက်များအတိုင်း ၎င်း၏ အိမ်ဂေဟာတွင် တစ်ဦးတည်း သီးခြားခွဲပြီး ခုနစ်ရက်ကြာ စောင့်ကြည့်နေထိုင်မှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးက ပြောကြားလိုက်သည်။

ဝန်ကြီးချုပ်သည် ကိုဗစ်- ၁၉ ကူးစက် ခံထားရသူ ပြင်သစ် စက်ဘီးစီးပြိုင်ပွဲ ဦးဆောင်ကျင်းပသူ ညွှန်ကြားရေးမှူး ခရစ္စတင်းပရွန်ဒွန်မီ၏ ကားပေါ်တွင် အဆင့်ရှစ်ဆင့်မြောက် စက်ဘီးစီးပြိုင်ပွဲ ကျင်းပနေမှုများကို လိုက်ပါကြည့်ရှုခဲ့ကြောင်း သိရသည်။

ပရွန်ဒွန်မီသည် ယခုအခါတွင် အသွားအလာကန့်သတ်စောင့်ကြည့်မှု ခံယူလျက်ရှိကြောင်း သိရသည်။ ဝန်ကြီးချုပ်သည် အခြေအနေ ကောင်းမွန်လျက်ရှိကြောင်း၊ သို့သော်လည်း လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာမှု ရှိရမည်ဖြစ်သဖြင့် အစိုးရအစည်းအဝေးကို အွန်လိုင်းမှတစ်ဆင့် ကျင်းပခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြလိုက်သည်။ ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က ၎င်းအနေဖြင့်လည်း လက်ဘနွန်နှင့် အီရတ်နိုင်ငံသို့ သွားရောက်ပြီးနောက် စက်တင်ဘာ ၈ ရက်က ကိုဗစ် - ၁၉ စစ်ဆေးမှုခံယူခဲ့ရာ ပိုးမတွေ့ရှိကြောင်း ပြောကြားသည်။

သက်ဆိုင်ရာအာဏာပိုင်များက ပြင်သစ်နိုင်ငံတွင် စက်တင်ဘာ ၈ ရက်က ကိုဗစ်- ၁၉ ကူးစက်ခံရသူပေါင်း ၆၅၄၄ ဦး ရှိကြောင်း ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

# အီရတ်နှင့် အာဖဂန်နစ္စတန်တို့မှ အမေရိကန်တပ်ဖွဲ့ဝင်များ ပြန်လည်ဆုတ်ခွာသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ပြော



**ဘဂ္ဂဒက် စက်တင်ဘာ ၉**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အီရတ်နှင့် အာဖဂန်နစ္စတန်တို့မှ အမေရိကန်တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၉ ရက်တွင် ပြန်လည်ဆုတ်ခွာရန် ကြေညာခဲ့သည်။ အဆိုပါနိုင်ငံများတွင် အမေရိကန်တပ်ဖွဲ့များက ပျောက်ကွယ်ပုန်းလျှိုးနေသည့် ဂျီဟတ်တပ်ဖွဲ့များကို လိုက်လံနှိမ်နင်းမှုများ ပြုလုပ်လျက်ရှိရာ အီရန်ထောက်ခံအုပ်စုများ၏ အရှိန်မြှင့်တင်တိုက်ခိုက်မှုများကို ရင်ဆိုင်နေရကြောင်း သိရသည်။

အမေရိကန်၏တည်ရှိမှုများကို တိုက်ခိုက်သွားမည်ဟု ကတိပြုထားသော တပ်ဖွဲ့များကို ထိန်းကျောင်းသွားမည်ဟု ပြောဆိုလျက်ရှိသော အီရတ်ဝန်ကြီးချုပ် မူစတာဖာ အယ်လ်ခါဒမီလည်း ဗုံးများနှင့် လက်နက်ကြီးများဖြင့် တိုက်ခိုက်မှုကို ရင်ဆိုင်နေရသည်။

ခါဒမီသည် အစ္စလမ္မစ်အုပ်စု (အိုင်အက်စ်) များကို တိုက်ခိုက်ရန် အီရတ်တွင် ၂၀၁၄ ခုနှစ် ကတည်းက ဖြန့်ကြက်ထားသော အမေရိကန်မဟာမိတ် ဦးဆောင်တပ်ဖွဲ့များ၏ အနာဂတ်ဆိုင်ရာ အပါအဝင် မဟာဗျူဟာမြောက် ဆွေးနွေးမှုပြုလုပ်ရန် လွန်ခဲ့သောလက အမေရိကန်သို့ သွားရောက်ခဲ့သည်။

ထိုအချိန်က အမေရိကန်သမ္မတထရမ့်က ခါဒမီကို အမေရိကန်တပ်ဖွဲ့များသည် အီရတ်မှ ဆုတ်ခွာသွားမည်ဟု ပြောကြားလိုက်သော်လည်း တိကျသောအချိန် တပ်ဖွဲ့ဝင်အရေအတွက်ကို ပြောကြားလိုက်ခြင်းမရှိကြောင်း သိရသည်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် စက်တင်ဘာ ၉ ရက်က တပ်ဖွဲ့ဝင်များဆုတ်ခွာရန် ကြေညာချက်ထုတ်ပြန်လိုက်သော်လည်း အသေးစိတ်အချက်အလက်များကို ဖော်ပြခြင်းမရှိသေးကြောင်း အမေရိကန်အဆင့်မြင့်အရာရှိတစ်ဦးက သတင်းထောက်များကို ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာမြောက်ဘက် ၁၅၈ ကီလိုမီတာအကွာတွင် ကူးတို့ရေယာဉ်တိမ်းမှောက်ရာ လူ ၁၀ ဦးထက်မနည်းသေဆုံး

**ဒါကာ စက်တင်ဘာ ၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ နီထရိုကိုနာပြည်နယ် ဂူမိုင်မြစ်ထဲတွင် လူအမြောက်အမြားတင်ဆောင်လာသော ရေယာဉ်တစ်စင်း တိမ်းမှောက်နစ်မြုပ်ခဲ့ရာ လူ ၁၀ ဦးထက်မနည်းသည့် အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း စက်တင်ဘာ ၉ ရက်က သတင်းဖော်ပြခဲ့သည်။ အခင်းဖြစ်ပွားသည့်နေရာသည် မြို့တော် ဒါကာမြောက်ဘက် ၁၅၈ ကီလိုမီတာအကွာတွင် တည်ရှိကြောင်းသိရသည်။

### သဲသယ်ရေယာဉ်နှင့် တိုက်မိမှုဖြစ်

ပြည်နယ်ရဲချုပ် မိုဟာမက်ဖာခူရက်ဇ်မင်းန်ဂျဝဲလ်က အမျိုးသမီးငါးဦးနှင့် ကလေးငါးဦး၏ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဆင်ဟွာသို့ ဖုန်းဖြင့်ပြောကြားခဲ့သည်။ သက်ဆိုင်ရာအရာရှိတစ်ဦး၏အဆိုအရ ရေယာဉ်သည် မြစ်ထဲတွင် သဲသယ်ရေယာဉ်နှင့် တိုက်မိမှုဖြစ်ပြီး ဒေသစံတော်ချိန် နံနက် ၁၁ နာရီခန့်တွင် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

### ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်

အဆိုပါရေယာဉ်တွင် ခရီးသည် ၃၀ သို့မဟုတ် ၃၂ ဦး တင်ဆောင်လာသည်ဟုသိရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ကယ်ဆယ်ရေးသမားများသည် ရေစီးကြမ်းတမ်းမှုများကို အန်တုကာ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ရေယာဉ်နစ်မြုပ်ပြီးနောက် ခရီးသည် ရှစ်ဦးသည် တစ်ဖက်ကမ်းသို့ ကူးခတ်သွားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

### ဝန်ပိုတင်ဆောင်လေ့ရှိ

ရေယာဉ်ကို ဆယ်ယူမှုမပြုလုပ်ရသေးကြောင်း သိရသည်။ ကူးတို့ရေယာဉ်များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးတွင် အရေးပါပြီး အများစုက ဝန်ပိုတင်ဆောင်လေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အက်စ်ထရာဇနီကား ကိုဗစ် - ၁၉ ကာကွယ်ဆေး စမ်းသပ်မှုများ ခဏတာ ရပ်ဆိုင်း

**လန်ဒန် စက်တင်ဘာ ၉**

ဗြိတိန်ဆေးထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သော အက်စ်ထရာဇနီကားက လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မတီတစ်ခုကို ကာကွယ်ဆေး၏ လုံခြုံစိတ်ချရသည့် အချက်အလက်များ ပြန်လည်သုံးသပ်စစ်ဆေးမှုများ ဆောင်ရွက်ခွင့်ပြုရန်အတွက် လတ်တလော ကိုဗစ်- ၁၉ ကာကွယ်ဆေး စမ်းသပ်နေမှုများကို ခဏတာရပ်ဆိုင်းလိုက်ကြောင်း စက်တင်ဘာ ၉ ရက်က ပြောကြားလိုက်သည်။ အဆိုပါ ကိုဗစ်- ၁၉ ကာကွယ်ဆေးကို အက်စ်ထရာဇနီကားမှ သုတေသနပညာရှင်များနှင့် အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များက စမ်းသပ်လျက်ရှိသည်။ ကာကွယ်ဆေးဆိုင်ရာ စမ်းသပ်မှုများကို ဗြိတိန်၊ အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံအပါအဝင် နေရာအတော်များများတွင် စမ်းသပ်လျက်ရှိကြောင်း သိရသည်။ ကာကွယ်ဆေး နောက်ဆုံးစမ်းသပ်မှုတွင် ပါဝင်စမ်းသပ်ခံသူတစ်ဦး မမျှော်လင့်သောဖျားနာမှု ဖြစ်ပွားပြီးနောက် ကာကွယ်ဆေးစမ်းသပ်နေမှုများကို ခဏတာရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း ကုမ္ပဏီမှ ၎င်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြလိုက်သည်။



ကိုဗစ်- ၁၉ ကာကွယ်ဆေးကို စမ်းသပ်ထိုးနှံပေးနေစဉ်။

ကာကွယ်ဆေးအမြောက်အမြား စမ်းသပ်မှုတွင် မတော်တဆ ဖျားနာမှုများ ဖြစ်ပွားလေ့ရှိကြောင်း၊ သို့သော်လည်း အဆိုပါကိစ္စကို ဂရုတစိုက် လွတ်လပ်စွာ ပြန်လည်သုံးသပ်စစ်ဆေးရမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ စမ်းသပ်စစ်ဆေးနေသည့် အချိန်အတောအတွင်း ဖြစ်ပေါ်လာသည့် ဆိုးကျိုးသက်ရောက်မှုများကို အနည်းဆုံးဖြစ်စေရန် ပြန်လည်စစ်ဆေးလျက်ရှိကြောင်း၊ ထို့အတူ ပါဝင်စမ်းသပ်ခံသူများ၏ လုံခြုံဘေးကင်းရေးကိုလည်း အပြည့်အဝ စဉ်းစားဆောင်ရွက်လျက်ရှိကြောင်း အက်စ်ထရာဇနီကားကုမ္ပဏီက ကြေညာချက်တွင် ထုတ်ပြန်ဖော်ပြထားသည်။

အဆိုပါကာကွယ်ဆေးကို အမေရိကန်၊ တရုတ်နှင့် တခြားနေရာများတွင် စမ်းသပ်လျက်ရှိကြောင်း သိရသည်။

အကယ်၍ ကာကွယ်ဆေးကို အောင်မြင်စွာ ထုတ်လုပ်နိုင်ပါက ဂျပန်အစိုးရက ကာကွယ်ဆေးကို ရရှိရန် ဥရောပနှင့် အမေရိကန် ဆေးကုမ္ပဏီပေါင်းမြောက်မြားစွာနှင့် ညှိနှိုင်းဆောင်ရွက်ထားကြောင်း သိရသည်။

အက်စ်ထရာဇနီကားကုမ္ပဏီသည် ၂၀၂၁ အစောပိုင်းတွင် လူပေါင်းသန်း ၆၀ အတွက် ကာကွယ်ဆေးသန်း ၁၂၀ ကို ထုတ်လုပ်ပေးရန် သဘောတူခဲ့သည်။ သို့သော်လည်း နိုင်ငံများက ကိုဗစ်- ၁၉ ကာကွယ်ဆေးကို အလျင်အမြန် ရရှိနိုင်ရန် ဆောင်ရွက်လျက်ရှိရာ ကျွမ်းကျင်သူများက မျှော်လင့်မထားသော မြန်နှုန်းဖြင့် အလွန်လျင်မြန်စွာ စမ်းသပ်ဆောင်ရွက်နေမှုများအပေါ် စိုးရိမ်မိကြောင်း ပြောကြားထားသည်။

အက်စ်ထရာဇနီကား ကာကွယ်ဆေးကို ဂျပန်နိုင်ငံတွင် လွန်ခဲ့သောလက စတင်စမ်းသပ်ခဲ့ပြီး အသက် ၁၈ နှစ် သို့မဟုတ် ထို့ထက်အသက်ပိုကြီးသူ ၂၅၀ ပါဝင်စမ်းသပ်ခံခဲ့ကြောင်း သိရသည်။ ပါဝင်စမ်းသပ်ခံသူတစ်ဦး ဖျားနာမှုဖြစ်ပွားလာသည့်အပေါ် ယခုလို စမ်းသပ်မှု ခဏရပ်ပြီး ပြန်လည်စစ်ဆေးမှုများ ပြုလုပ်ခြင်းသည် ကာကွယ်ဆေးစမ်းသပ်မှုများ လုပ်ဆောင်ရာတွင် ပုံမှန်လုပ်ဆောင်လေ့ရှိသည့် အလေ့အကျင့်တစ်ခုဖြစ်ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။ **အင်န်အိတ်ချ်ကေ**

# ကိုဗစ်- ၁၉ အန္တရာယ်ကြောင့် ဗြိတိန်၌ လူခြောက်ဦးနှင့်အထက် စုဝေးခြင်းကို ပိတ်ပင်မည်

**လန်ဒန် စက်တင်ဘာ ၉**

ဗြိတိန်နိုင်ငံတွင် လာမည့် စက်တင်ဘာ ၁၄ ရက်မှစတင်ကာ လူခြောက်ဦးနှင့်အထက် စုဝေးခြင်းကို ဥပဒေအရတားမြစ်ပိတ်ပင်မည်ဖြစ်ကြောင်း သိရသည်။

နေအိမ်အဆောက်အအုံအတွင်း၌ဖြစ်စေ၊ ပြင်ပ၌ဖြစ်စေ မည်သည့်နေရာတွင်မဆို လူခြောက်ဦးနှင့်အထက် စုဝေးခြင်းကို ပိတ်ပင်မည်ဖြစ်ကြောင်းအစိုးရက ပြောကြားခဲ့သည်။ သို့ရာတွင် အဆိုပါအမိန့်သည် စာသင်ကျောင်းများ၊ လုပ်ငန်းခွင်များနှင့် ကိုဗစ်- ၁၉ အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ထားသည့် မင်္ဂလာဆောင်များ၊ ဈာပနများနှင့် ကျန်းမာရေးစည်းကမ်းနှင့်အညီစီစဉ်ထားသည့် အဖွဲ့လိုက်အားကစားပွဲများတွင် သက်ရောက်မှုရှိမည်မဟုတ်ကြောင်း ဖော်ပြသည်။

တားမြစ်ချက်ကို မလိုက်နာလျှင် ယူရိုဒေါ်လာ ၁၀၀ ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ပြီး ခုခံငြင်းဆန်လျှင် ယူရိုဒေါ်လာ ၃၂၀၀ အထိ ဒဏ်ငွေချမှတ်မည်ဖြစ်ကြောင်း သိရသည်။

အသစ်ချမှတ်ဆောင်ရွက်မည့် စည်းကမ်းထုတ်ပြန်ချက်သည် လာမည့်စက်တင်ဘာ ၁၄ ရက်မှ စတင်ကာ အသက်ဝင်မည်ဖြစ်ပြီး ကင်းလွတ်ခွင့်အချို့ ပါဝင်မည်ဟု သိရသည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ယင်းထုတ်ပြန်ချက်နှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဝန်ကြီးချုပ်ရုံးတွင်ပြုလုပ်မည့် သတင်းစာရှင်းလင်းပွဲ၌ ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်က လက်ရှိတွင် ကိုဗစ်- ၁၉ ဗိုင်းရပ်စ်ဆက်လက်ပျံ့နှံ့နေခြင်းကို ရပ်တန့်စေရေး ဥပဒေချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကိုဗစ်- ၁၉ ကာကွယ်တားဆီးရေးတွင် အဓိကကျသည့် အခြေခံအချက်များကိုလည်း မမေ့မလျော့ လိုက်နာဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



# ကဘူးလ်မြို့၌ ဖြစ်ပွားသည့် ဗုံးခွဲတိုက်ခိုက်မှုမှ အာဖဂန်ဒုတိယသမ္မတ အသက်ရှင်လွတ်မြောက်

**ကဘူးလ် စက်တင်ဘာ ၉**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ဖြစ်ပွားသည့် ဗုံးခွဲတိုက်ခိုက်မှုမှ အာဖဂန်ဒုတိယသမ္မတ အမ်ရူလာ ဆာလက် အသက်ရှင်လွတ်မြောက်ခဲ့ကြောင်း ဒေသမီဒီယာတစ်ခုက ဖော်ပြသည်။

ဗုံးခွဲတိုက်ခိုက်မှုသည် ဒုတိယသမ္မတ အမ်ရူလာဆာလက် လိုက်ပါလာသည့်ယာဉ်တန်းကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းလိုက်ပါလာသည့် ယာဉ်တန်း၏နောက်ဆုံးမှ ယာဉ်များမှာ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ထိခိုက်မှုရှိခဲ့ကြောင်း အာရီယန် ရုပ်မြင်သံကြားက သတင်းဖော်ပြသည်။

ဗုံးခွဲတိုက်ခိုက်မှုအတွင်း လူနှစ်ဦး သေဆုံးပြီး ၁၂ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားခဲ့သည်။ ဗုံးခွဲတိုက်ခိုက်မှုသည် ဒေသစံတော်ချိန်နံနက် ၇နာရီခွဲတွင် တိုင်မာနီဒေသ ဆာဘီကွာရင်ပြင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုမှ မီးခိုးလုံးများ ထွက်ပေါ်လာခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောကြားသည်။

ပေါက်ကွဲမှုကြောင့် လူနေထူထပ်သည့် အဆိုပါဧရိယာအတွင်း ထိခိုက်ပျက်စီးမှုအချို့ ဖြစ်ပေါ်ခဲ့ကြောင်း ၎င်းကပြောသည်။ ပေါက်ကွဲမှုကို မည်သည့်အဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း မသိရသေးပေ။ **ဆင်ဟွာ**



ကဘူးလ်မြို့၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ်။

# ဂျပန်နိုင်ငံတွင် နှာခေါင်းစည်းတပ်ဆင်ရန် ငြင်းဆန်သည့် ခရီးသည်တစ်ဦးကို လေယာဉ်အရေးပေါ်ဆင်းသက်ပြီး ဖယ်ရှားခဲ့ရ

**တိုကျို စက်တင်ဘာ ၉**

ဂျပန်နိုင်ငံ၌ ပြည်တွင်း ခရီးစဉ်သွားရောက်မည့် လေယာဉ်တစ်စင်းပေါ်တွင် နှာခေါင်းစည်းတပ်ဆင်ရန် ငြင်းဆန်သည့် ခရီးသည်တစ်ဦးကြောင့် လေယာဉ်ခေတ္တ ဆင်းသက်ရပ်နားခဲ့ရကြောင်း သိရသည်။

စရိတ်နည်းလေကြောင်းလိုင်းမှ အဆိုပါ လေယာဉ်သည် ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုးရှိကူရှီယိုမှ ဂျပန်အနောက်ပိုင်း ကန်ဆိုင်လေဆိပ်သို့ ပျံသန်း ထွက်ခွာခြင်းမပြုမီ အမျိုးသားတစ်ဦး နှာခေါင်းစည်းတပ်ဆင်ခြင်းမရှိဘဲ လေယာဉ်ပေါ်တက်လာသည်ကို လေယာဉ်အမှုထမ်းတစ်ဦးက တွေ့မြင်ခဲ့သည်။

လေယာဉ်အမှုထမ်းက အဆိုပါခရီးသည် အမျိုးသားကို နှာခေါင်းစည်းတပ်ဆင်ရန် တိုက်တွန်းခဲ့သော်လည်း ခရီးသည်က ငြင်းဆန်ခဲ့ကြောင်း လေကြောင်းလိုင်းအာဏာပိုင်များက ပြောသည်။ လေယာဉ်စတင် ထွက်ခွာပြီးနောက်တွင် ခရီးသည်အချို့က နှာခေါင်းစည်း တပ်ဆင်ထားခြင်းမရှိသည့်လူ၏အနီးတွင် မထိုင်လိုကြောင်း ပြောဆိုခဲ့ရာ အဆိုပါအမျိုးသားက ခရီးသည်များကို အော်ဟစ်ခဲ့သည်။

ထို့ပြင် အဆိုပါအမျိုးသားသည် နှာခေါင်းစည်းတပ်ဆင်ရန်သတိပေးသည့် လေယာဉ်အမှုထမ်းကိုလည်း ခြိမ်းခြောက်ခဲ့သည်။ ထို့နောက်တွင် လေယာဉ်မှူးသည် အဆိုပါအမျိုးသားကို လေယာဉ်ပေါ်မှ ဖယ်ရှားရန် ဂျပန်ပင်လယ်ကမ်းခြေရှိ နီအီဂါတာလေဆိပ်တွင် ဆင်းသက်ရန် ဆုံးဖြတ်ခဲ့သည်။

ထိုသို့ အရေးပေါ်ဆင်းသက်ခဲ့ရမှုကြောင့် ခရီးသည် ၁၂၄ ဦးတို့မှာ ကန်ဆိုင်လေဆိပ်သို့ နှစ်နာရီကျော် နောက်ကျပြီးမှ ရောက်ရှိခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဘရာဇီးနိုင်ငံ၌ လာမည့်ဇန်နဝါရီလတွင် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးခြင်း ဆောင်ရွက်မည်

**ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၉**

ဘရာဇီးနိုင်ငံ၌ လာမည့်ဇန်နဝါရီလတွင် ပြည်သူလူထုအတွင်း ကိုဗစ်- ၁၉ ကာကွယ်ဆေး အမြောက်အမြား ထိုးနှံခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း အစိုးရက ပြောကြားခဲ့သည်။

ကာကွယ်ဆေးထုတ်လုပ်သည့် ဆေးဝါးလုပ်ငန်းများနှင့် ကန်ထရိုက်စာချုပ်ချုပ်ဆိုထားပြီဖြစ်ပြီး လာမည့်နှစ် ဇန်နဝါရီလတွင် လူထုအတွင်း စတင်ရောက်ရှိနိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ ယင်းအချိန်ရောက်လျှင် လူတိုင်းကို ကာကွယ်ဆေးထိုးပေးခြင်း စတင် ဆောင်ရွက်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး အီဒွာဒိုပါဇူလိုက အစိုးရအဖွဲ့အစည်းအဝေး၌ ပြောကြားခဲ့ကြောင်း သိရသည်။

ဘရာဇီးအစိုးရသည် ကာကွယ်ဆေးထုတ်လုပ်ရေးအတွက် အောက်စဖို့ဒ်တက္ကသိုလ်နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံပိုင် အာ့စဝါဒိုလ်ခရုစ် ဖောင်ဒေးရှင်းနှင့် သဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ သဘောတူညီထားသည့် အစီအစဉ်အရ ကိုဗစ်- ၁၉ ကာကွယ်ဆေး ၁၀၀ ဒသမ ၄ သန်းကို ကနဦး လက်ခံရရှိမည်ဖြစ်ရာ ဘရာဇီးနိုင်ငံ လူဦးရေ၏ ထက်ဝက်ခန့်အထိ ကာကွယ်ဆေးထိုးနှံပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ဒုတိယအသုတ် ကာကွယ်ဆေး ထိုးနှံခြင်းကိုမူ လာမည့်နှစ်၏ ဒုတိယနှစ်ဝက်လောက်တွင် ရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်းသိရသည်။ **ဆင်ဟွာ**




# ပါကစ္စတန်နိုင်ငံ စကျင်ကျောက်မိုင်းတွင် ကျောက်ပြိုကျမှုဖြစ်ပွား၍ ၁၁ ဦးသေဆုံး

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၉**

ပါကစ္စတန်အနောက်မြောက်ပိုင်း မို့မန်းခရိုင်မှ စကျင်ကျောက်မိုင်းတွင် ကျောက်ပြိုကျမှုဖြစ်ပွား၍ ၁၁ ဦး သေဆုံးပြီး ငါးဦးဒဏ်ရာ ရရှိခဲ့သည်ဟု ဒေသတွင်း မီဒီယာများတွင် စက်တင်ဘာ ၈ ရက်က ဖော်ပြထားသည်။

ကျောက်ပြိုကျမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ရာ အလောင်း ၁၁ လောင်း ဆွဲထုတ်နိုင်ခဲ့ပြီး ငါးဦးမှာ အပျက်အစီးများကြောင့် ဒဏ်ရာရရှိခဲ့သည်ဟု ကယ်ဆယ်ရေးအရာရှိများက ပြောသည်။ အခင်းဖြစ်ပွားရာ ဒေသမှာ ဝေးလံခေါင်ဖျားသည့်ဒေသဖြစ်ပြီး တယ်လီဖုန်းလိုင်းများ မမိသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ခဲ့ရသည်။

စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ရှာဖွေရေးလုပ်ငန်းများပြန်လည်စတင်ခဲ့ပြီး အခင်းဖြစ်ပွားရာနေရာသို့ ကယ်ဆယ်ရေးပစ္စည်းကိရိယာများ၊ စက်ကြီးများ၊ လူနာတင်ယာဉ်များ ရောက်ရှိပြီးဖြစ်သည်။

ကျောက်များကိုမိုင်းခွဲရာမှ ယခုလိုမတော်တဆမှုဖြစ်ပွားရခြင်းဖြစ်သည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြထားပြီး ပြည်နယ်အစိုးရကမူ စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဟု သိရသည်။

**ဆင်ဟွာ**

# ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ကြာသပတေး၊ စက်တင်ဘာ ၁၀၊ ၂၀၂၀


UNION ELECTION COMMISSION MYANMAR



## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၅၉ ရက် သာ**

**လိုတော့သည်။**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

**သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဓ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ၊ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။**

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ➢ သာသနာ့ဝန်ထမ်း၊
- ➢ ထောင်ဒဏ်ကျခံနေရသူ၊
- ➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- ➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- ➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

## ရွေးကောက်ပွဲများသည်-

- ➢ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➢ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➢ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

## ဖားကန့်မြို့နယ်၌ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် အရှိန်အဟုန်မြင့် ဆောင်ရွက်ပေးလျက်ရှိ

**ကာမိုင်း စက်တင်ဘာ ၉**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လီဒိုလမ်းမကြီးပေါ်ရှိ ကျေးရွာအုပ်စုများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ သစ္စာစီမံချက်ဖြင့် စက်တင်ဘာ ၅ ရက်မှ ၇ ရက်အထိ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိရေးအတွက် ဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာ၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်ပြည်သူများ ပါဝင်မဲပေးနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးသန်းထွန်း ဦးဆောင်သည့်အဖွဲ့က မြစ်ကြီးနား-တနိုင်းသွား လီဒိုလမ်းမကြီးပေါ်ရှိ ဒွန်ဘုန်းခါ၊ လဝါး၊ ဒွန်ဘန်၊ နောင်းမီ၊ ဝါရာဇွပ်ကျေးရွာအုပ်စုများနှင့် နယ်မြေခံ တပ်ရင်းတို့တွင် နေထိုင်သည့် တိုင်းရင်းသားပြည်သူများအား သစ္စာစီမံချက်ဖြင့် အမျိုးသား ၁၃၅ ဦး၊ အမျိုးသမီး ၈၈ ဦး စုစုပေါင်း ၂၂၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ဇွဲသူရအောင်(ပြန်/ဆက်)

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .**

# ဒီမိုကရက်တစ်ပါတီ(မြန်မာ)က
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၉

**ဒီမိုကရက်တစ်ပါတီ (မြန်မာ) အတွင်းရေးမှူးချုပ် ဒေါ်သန်းသန်းနု က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါတိုင်းဖြစ်ပါသည် –**



**ချစ်ခင်လေးစားရပါသော မိဘပြည်သူတိုင်းရင်းသား မောင်နှမအပေါင်းတို့ရှင်–**

ကျွန်မတို့ရဲ့ ဒီမိုကရက်တစ်ပါတီ (မြန်မာ) ဖွဲ့စည်းထူထောင်လာတဲ့ ကာလဟာ ဆယ်စုနှစ်တစ်ခုသာ ရှိသေးပေမယ့်၊ စပြီးတာထွက်ကတည်းက ကျွန်မတို့ပါတီရဲ့ အဓိကဦးတည်ချက်ဟာ "လူဖြစ်ကျိုးနပ်စေရေး" ဖြစ်ပါတယ်။

နိုင်ငံတိုင်းဟာ နိုင်ငံသူနိုင်ငံသားများဖြစ်ကြတဲ့ လူသားတွေနဲ့ ပါဝင်ဖွဲ့စည်းထားတာဖြစ်တဲ့အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟာ အဓိကအရေးအကြီးဆုံးလုပ်ဆောင်ရမယ့် အချက်ဖြစ်ပါတယ်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး ကြိုးပမ်းလုပ်ဆောင်မှုဟာ "လူဖြစ်ကျိုးနပ်စေရေး" ပဲ ဖြစ်ပါတယ်။

လူဖြစ်ကျိုးနပ်စေရေးကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့နေရာမှာ မွေးကင်းစ ကလေးငယ်ကစပြီး အစိုးရအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးဖို့ အထူးလိုအပ်ပါတယ်။ မွေးကင်းစကလေးငယ်လို့ဆိုတာထက် ကိုယ်ဝန်ဆောင်မိခင်လောင်းများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလည်း လိုအပ်ပါတယ်။ ဒီအချက်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် မြို့ကြီးတွေမှာ ခေတ်မီသားဖွားဆေးရုံ၊ ကလေးဆေးရုံနဲ့ အထွေထွေရောဂါကု ဆေးရုံကြီးတွေရှိရုံနဲ့ မလုံလောက်သေးဘဲ ကျေးလက်ဒေသတွေမှာ ဆေးခန်းတွေ၊ ကျွမ်းကျင်ဝမ်းဆွဲဆရာမတွေ၊ ဆေးဝါးအစုံအလင်နဲ့ ဆေးရုံသုံးပစ္စည်းကိရိယာ အစုံအလင်ရှိဖို့လည်း လိုအပ်ပါတယ်။ ခရိုင်ဆေးရုံမှာ အထွေထွေရောဂါကုဆရာဝန် အနည်းဆုံးတစ်ဦးလည်းရှိသင့်ပါတယ်။ ကျန်းမာသန်စွမ်းတဲ့ ကလေးဘဝကနေ လူငယ်ဘဝကူးပြောင်းလာချိန်မှာ ကျန်းမာရေးနဲ့အတူ ပညာရေးပါ ဒွန်တွဲပါဝင်လာပါတယ်။

"ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုသလို မြန်မာနိုင်ငံတော်ကြီးရဲ့ အနာဂတ်ကာလဟာ ယနေ့လူငယ်တွေရဲ့ လက်ထဲမှာရှိနေပါတယ်။ ဒါကြောင့် လူငယ်များဟာ ဗလငါးတန်ဖြစ်တဲ့ (၁) ကာယဗလ၊ (၂) ဉာဏဗလ၊ (၃) ဘောဂဗလ၊ (၄) မိတ္တဗလ၊ (၅) စာရိတ္တဗလ တို့နဲ့ ပြည့်စုံညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်ဖို့ လိုပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃ မှာ–"နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်" ဟု ထည့်သွင်းဖော်ပြထားပါတယ်။ အနာဂတ်မျိုးဆက်သစ်များကို ပါတီစုံဒီမိုကရေစီစနစ်ရဲ့ ကျောရိုးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာတတ်ဖို့နဲ့ ဥပဒေဘောင်အတွင်းက အခွင့်အရေးနဲ့တာဝန်ဝတ္တရားကို တာဝန်ယူထမ်းဆောင်တတ်အောင်သင်ယူနိုင်စွမ်းရှိဖို့ အလေးပေးဆောင်ရွက်မှုဟာလည်း "လူဖြစ်ကျိုး နပ်စေရေး" ရဲ့ တစ်စိတ်တစ်ဒေသဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့ နိုင်ငံသား စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်တွေ နိုးကြားသထက်နိုးကြားအောင် ပြုလုပ်ပေးဖို့နဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာအောင် အပတ်တကုတ်လုပ်ဆောင်ပေးတာလည်း 'လူဖြစ်ကျိုးနပ်စေရေး' ဦးတည်ချက် တစ်စိတ်တစ်ဒေသဖြစ်ပါတယ်။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးခါစအချိန်က ရှေ့တန်းခေါင်းဆောင်တစ်ဦးပြောကြားခဲ့တာကို ဖတ်ဖူးမှတ်ဖူးပါတယ်။ ဗြိတိသျှနယ်ချဲ့သမားတွေကို တော်လှန်ခဲ့စဉ်က နိုင်ငံရေးခေါင်းဆောင်တွေ ပြောဖူးတဲ့ စကားတွေအားလုံးကို စုပေါင်းကြည့်လိုက်ရင် အရေးအကြီးဆုံးအချက်တစ်ချက်ပဲ ထွက်လာပါတယ်။ အဲဒါကတော့ 'အင်္ဂလိပ်လက်အောက်ကလွတ်ရင် မြန်မာတွေချမ်းသာမယ်' ဆိုတဲ့ စကားပဲဖြစ်ပါတယ်။ နောက်ပိုင်း လွတ်လပ်ရေးရလာပြန်တော့ လွတ်လပ်ရေးရပြီ၊ ကျွန်တော်တို့ ကျွန်မတို့ ဘယ်လိုအကျိုးခံစားရမလဲလို့ ပြည်သူလူထုက မေးလာကြပြန်ပါတယ်။

အခုလည်း ၂၀၂၀ အထွေထွေရွေးကောက်ပွဲကျင်းပဖို့ အချိန်ကျရောက်လာပြန်ပါပြီ။ နိုင်ငံရေးပါတီအသီးသီးက မိမိပါတီကို ဆန္ဒမဲပေးဖို့ စည်းရုံးကြမှာဖြစ်ပါတယ်။ အဲဒီလိုစည်းရုံးတဲ့အခါ မြန်မာပြည်သူလူထု အရေးတကြီး ဘာလိုအပ်နေတယ်ဆိုတာ အစဉ်တစိုက် အလေးပေး လေ့လာနေတာကြောင့် ကျွန်မတို့ရဲ့ ဒီမိုကရက်တစ်ပါတီ (မြန်မာ) အနေနဲ့ ပြည်သူလူထု ဘာလိုအပ်နေသလဲလို့ မေးစရာမလိုသလို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ချီပြီး ပြည်သူအားလုံး တန်းတူညီမျှ အကျိုးခံစားခွင့်ပေးရမှာဖြစ်တဲ့ နိုင်ငံ့တာဝန်တွေကိုလည်း ကျွန်မတို့ပါတီအနေနဲ့ အလွယ်တကူလုပ်ပေးပါ့မယ်ဆိုတဲ့ ကတိစကားတွေ မပေးလိုပါဘူး။ ပြည်သူလူထုတစ်ရပ်လုံးကသာ နိုင်ငံသားကောင်းများ ပီပီ ဘယ်လိုတာဝန်တွေ ပါဝင်ထမ်းဆောင်ရမလဲလို့မေးကြပါ။ အဖြေက ရှင်းပါတယ်။ တာဝန်တွေအများအပြားရှိတဲ့အထဲက အရေးကြီးဆုံးတာဝန်ကတော့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကြီးကို ဥမကွဲသိုက်မပျက် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ သဘာဝသယံဇာတပစ္စည်း ကြွယ်ဝချမ်းသာတဲ့နိုင်ငံဖြစ်သလို လူ့စွမ်းအင်အရင်းအမြစ်လည်း ထည်ဝါမှုရှိတယ်လို့ ဆိုနိုင်ပါတယ်။ သဘာဝသယံဇာတပစ္စည်းကြွယ်ဝချမ်းသာမှု လူ့စွမ်းအင်အရင်းအမြစ် ထည်ဝါမှုမရှိပေမယ့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အင်အားကြောင့် ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့ နိုင်ငံတွေရှိနေတာ အားလုံးအသိပါပဲရှင်။

အဆုံးအဖြတ်တစ်ခုဟာ ကာလ၊ ဒေသ၊ ပယောဂ ဆီလျော်မှုရှိဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာ အခုလတ်တလော လိုအပ်ချက်ဟာ ပူးပေါင်းဆောင်ရွက်ရေး၊ ညီညွတ်ရေးပဲ ဖြစ်ပါတယ်။ ကျွန်မတို့ ဒီမိုကရက်တစ်ပါတီ (မြန်မာ) ရဲ့ သင်္ကေတ အမှတ်တံဆိပ်ဟာ အဓိပ္ပာယ်အများအပြား ရှိပါတယ်။ 'က'နေတဲ့ ဥဒေါင်းငှက်ဖြစ်တာကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံသားများအားလုံး ကခုန်မြူးထူးပျော်ရွှင်နေစေလိုတဲ့ သဘောဆောင်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးရဲ့ မျှော်မှန်းချက်ဟာလည်း လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ဖွံ့ဖြိုးတိုးတက်ဝမ်းမြောက်ရွှင်လန်းခြင်းတို့ ဖြစ်ပါတယ်။ 'က'နေတဲ့ ဥဒေါင်းငှက်ကို အရွယ်တူကြယ် (၁၄) လုံး ဝန်းရံထားပါတယ်။ အဓိပ္ပာယ်ကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ် (၁၄) ခု တန်းတူညီမျှတဲ့ အခွင့်အရေးများရရှိစေရမယ့် သဘောဆောင်ပါတယ်။ မြေပေါ်၊ မြေအောက် သဘာဝသယံဇာတပစ္စည်း လှိုင်လှိုင်ပေါများပြီး ချမ်းသာကြွယ်ဝမှုကို ဖော်ညွှန်းတဲ့ ရွှေဝါရောင်နောက်ခံပေါ်မှာ 'က' ဒေါင်းစိမ်းနဲ့ အနီရောင်ကြယ်(၁၄) လုံးတို့ ငွားငွားစွင့်စွင့် ပေါ်လွင့်နေပါတယ်။

**ဒီမိုကရက်တစ်ပါတီ(မြန်မာ)ရဲ့အဓိက ဦးတည်ချက်ဟာ**

(၁) ပြည်ထောင်စုမြန်မာနိုင်ငံသားများအနေနဲ့ စည်းကမ်းပြည့်ဝမှု တန်းတူညီမျှမှုတို့ကို အခြေခံဒီမိုကရေစီအခွင့်အလမ်းများနဲ့အညီ ရရှိခံစားနိုင်ရေး
(၂) တည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းသာယာတဲ့ ပြည်ထောင်စုနိုင်ငံတော် ထူထောင်ရေး
(၃) အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ပြန်လည်သင့်မြတ်ရေးတို့အပေါ် အခြေခံပြီး ခိုင်မာတည်ငြိမ်မှုရှိတဲ့ နိုင်ငံတော်အဖြစ် မြင်တွေ့လိုခြင်းပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဒီမိုကရက်တစ်ပါတီ(မြန်မာ)ကနေ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မယ့်သူတွေကို ဘယ်လိုအရည်အချင်းနဲ့ ရွေးချယ်ထားသလဲလို့မေးရင် စိတ်ကောင်းရှိပြီး ရိုးသားဖြောင့်မတ်သူကို ဦးစားပေးရွေးချယ်ပါတယ်လို့ ပြောရမှာဖြစ်ပါတယ်။ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးရဲ့ နာယကဆရာတော် အရှင်ဇနက္ကာဘိဝံသ ဆရာတော်ဘုရားကြီးရဲ့ ကျောင်းတိုက်ကြီးမှာ ပညာသင်ကြားနိုင်တဲ့ ရဟန်းသံဃာတော်တွေကို ရွေးချယ်ရာမှာ အချက် (၁၀) ချက်ပေါ်မှာ မူတည်ပြီး ရွေးချယ်တယ်လို့ သိရပါတယ်။

အဲဒီအချက် (၁၀) ချက်ထဲမှာ စိတ်ကောင်းရှိဖို့ဆိုတဲ့ အချက်ကို နံပါတ်(၁) အချက်အနေနဲ့ ဦးစားပေး ဖော်ပြထားတာတွေ့ရပါတယ်။ စိတ်ကောင်းသာရှိမယ်ဆိုရင်တခြားအားနည်းချက်တွေရှိမယ်ဆိုရင်တောင် အဲဒီအားနည်းချက်တွေကို ပြင်ဆင်နိုင်ဖို့ ဒေါသမာန်မာန စိတ်တွေမဖြစ်စေဘဲ၊ သူတစ်ပါးကို ရိုသေလေးစားစိတ်၊ ပျော့ပျောင်းနူးညံ့တဲ့စိတ်ဓာတ်၊ စိတ်ထားရင့်ကျက်ပြီး တည်ငြိမ်သူများအဖြစ် လူဖြစ်ကျိုးနပ်စေရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ပေးမယ့်သူများ ဧကန်မလွဲဖြစ်ကြမှာပါ။ မဖြစ်မနေ ဆန္ဒမဲပေးကြဖို့လည်း မေတ္တာရပ်ခံပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

Music Producer YMW
Vocalist Kyi Naing Tun

V1: : ရောင်နီတွေလာခါနီးပြီ မှောင်မိုက်တဲ့ ညတွေအလွန်
နွေလယ်ခေါင် အပူဒဏ်တွေကို...အို ချွေးသိပ်ပေးချင်လို့
ရဲရင့်တဲ့ နှလုံးသားနဲ့ ဒို့တစ်တွေ ချီလာပြီ
ဒီမိုကရက်တစ်ပါတီ မြန်မာပြည်

V2: : ပူပန်စရာအချိန်တွေပြီးပြီ...အိပ်ပျက်ညတွေအလွန်
ဝေဒနာအိပ်မက်ဆိုးတွေ...မေ့ပျောက်သွားစေဖို့
နူးညံ့တဲ့နှလုံးသားနဲ့ ဒို့တစ်တွေ ချီလာပြီ
ဒီမိုကရက်တစ်ပါတီ မြန်မာပြည်

Cho: : အသည်းကြားက မဲတစ်ပြားနဲ့ တာဝန်သာပေး
ကျေပွန်စွာ ထမ်းဆောင်မယ်လေ
ဒီပြည်ထောင်စုကြီးအတွက် အသက်ပေးလို့ဆောင်ရွက်မည်
ဒီမိုကရက်တစ်ပါတီ မြန်မာပြည်

V3: : မြန်မာနိုင်ငံကြီး...
အံ့မခန်းဖြစ်စေမည်
ပြည်သူတွေစုစည်း...
တွဲလက်မြဲစေမည်
နွေးထွေးတဲ့
နှလုံးသားနဲ့ ဒို့တစ်တွေ
ချီလာပြီ
ဒီမိုကရက်တစ်ပါတီ
မြန်မာပြည်



Cho: : အသည်းကြားက
မဲတစ်ပြားနဲ့
တာဝန်သာပေး
ကျေပွန်စွာ ထမ်းဆောင်မယ်လေ
ဒီပြည်ထောင်စုကြီးအတွက် အသက်ပေးလို့ ဆောင်ရွက်မည်
ဒီမိုကရက်တစ်ပါတီ မြန်မာပြည်

Bridge: : သွေးစည်းကြစို့...စည်းလုံးကြစို့...ရိုင်းပင်းကြစို့...
ညီအစ်ကိုတွေ...

Cho: : ဒီပြည်ထောင်စုကြီးအတွက် အသက်ပေးလို့ဆောင်ရွက်ကြမယ်
(တို့အတူ)
ဒီမိုကရက်တစ်ပါတီ မြန်မာပြည်
ဒီမိုကရက်တစ်ပါတီ မြန်မာပြည်
ဒီမိုကရက်တစ်ပါတီ မြန်မာပြည်

V1: အလုပ်ကိုင်အခွင့်လမ်းတွေ ဖော်ဆောင်မယ်
ပြည်သူ့အကျိုး အတွက်လေ ခေတ်ရှေ့ပြေးတဲ့ နိုင်ငံတော်ကြီး
ကမ္ဘာနဲ့ရင်ပေါင်တန်းမည် စွန့်ဦးတီထွင် လုပ်ငန်းရှင်တွေ
ကူညီကာဖေးမပေးဖို့ ဆောင်ရွက်မယ်လေ စုပေါင်းအင်အားနဲ့
ဒီနိုင်ငံတော်အကျိုး အတူတူသယ်ပိုးမယ်လေ

Pre: ဒီပြည်ထောင်စုအတွက်

Cho: လာလေ လာကြဟေ့ မဲရုံဆီကိုသွားကြမယ်
လာလေ လာကြဟေ့ အသည်းကြားက မဲတစ်ပြားလေးကို
လာလေ လာကြဟေ့ လူဖြစ်ကျိုးနပ်စေမယ့်
ဒီမိုကရက်တစ်ပါတီ မြန်မာကို မဲပေးစို့

V2: နိုင်ငံတော်အတွက် မျိုးဆက်သစ်တွေ
ပညာအရည်အချင်း ပြည့်ဝဖို့လေ
ခေတ်မီပညာရေး စနစ်သစ်တွေ စီမံဖို့ကအဓိကပဲလေ
မနိမ့်ကျစေရဘူး ရင်သွေးတွေ ကမ္ဘာ့အလယ်မှာ
မျက်နှာ မငယ်စေဖို့လေ
မြန်မာ့သားကောင်းဇာနည်တွေ ပေါ်ထွန်းဖို့ကြိုးစားမယ်လေ

Pre: ဒီပြည်ထောင်စုအတွက်

Cho: လာလေ လာကြဟေ့ မဲရုံဆီကိုသွားကြမယ်
လာလေ လာကြဟေ့ အသည်းကြားက မဲတစ်ပြားလေးကို
လာလေ လာကြဟေ့ လူဖြစ်ကျိုးနပ်စေမယ့်
ဒီမိုကရက်တစ်ပါတီ မြန်မာကို မဲပေးစို့

V3: လူကျန်းမာရင် စိတ်ကျန်းမာတယ် ပြည်သူတွေ ကိုယ်ရောစိတ်ရောချမ်းသာစေမယ်
ကျန်းမာရေးစောင့်ရှောက်မှုတွေ ပြည်နယ်နဲ့တိုင်း ဖွံ့ဖြိုးစေမယ်

Pre: ဒီပြည်ထောင်စုအတွက်

Cho: လာလေ လာကြဟေ့ မဲရုံဆီကိုသွားကြမယ်
လာလေ လာကြဟေ့ အသည်းကြားက မဲတစ်ပြားလေးကို
လာလေ လာကြဟေ့ လူဖြစ်ကျိုးနပ်စေမယ့်
ဒီမိုကရက်တစ်ပါတီ မြန်မာကို မဲပေးစို့

Bridge: အဝါရောင်လေး အဝါရောင်လေး အဝါရောင်လေးနဲ့ ကဒေါင်းဟေ့
ကြယ်နီဆယ့်လေးလုံးကာရံထားတဲ့ အစိမ်းရောင် ကဒေါင်းလေး
အဝါရောင်လေး အဝါရောင်လေး အဝါရောင်လေးနဲ့ ကဒေါင်းဟေ့
ကြယ်နီဆယ့်လေးလုံးကာရံထားတဲ့ အစိမ်းရောင် ကဒေါင်းလေး

Cho: လာလေ လာကြဟေ့ မဲရုံဆီကိုသွားကြမယ်
လာလေ လာကြဟေ့ အသည်းကြားက မဲတစ်ပြားလေးကို
လာလေ လာကြဟေ့ လူဖြစ်ကျိုးနပ်စေမယ့်
ဒီမိုကရက်တစ်ပါတီ မြန်မာကို မဲပေးစို့။

# ခွဲခြားဆက်ဆံခြင်း မဟုတ်



ရခိုင်ပြည်နယ်နှင့် ပတ်သက်၍လည်း မိမိတို့အနေဖြင့် အရေးပေါ်စီမံကိန်းများ ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဖြစ်ပွားသည့်အခါ ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိပါကြောင်း၊ ထိုသို့လုပ်ဆောင်ချက်များတွင် အရေးအကြီးဆုံးကိစ္စသည် ရောဂါမပြန့်ပွားရေးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ ပြည်သူများကို အပြင်မထွက်ကြရန် ပြောကြားသည်မှာ ဒဏ်ပေးခြင်းမဟုတ်ပါကြောင်း၊ တစ်နိုင်ငံလုံးသို့ ရောဂါပြန့်ပွားသွားလျှင် အားလုံးကို ထိထိရောက်ရောက် စောင့်ရှောက်မှုပေးရန် များစွာခက်ခဲပါကြောင်း၊ တစ်နေရာတည်းတွင် စောင့်ရှောက်မှုပေးရသည်မှာ ပိုမိုထိရောက်လွယ်ကူပါကြောင်း၊ မိမိတို့တွင်ရှိသည့် အရင်းအမြစ်များဖြင့် ပို၍ ပိုင်ပိုင်နိုင်နိုင် လုပ်ဆောင်နိုင်ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်မှ ပြင်ပသို့ မသွားရောက်ကြရန် ပိတ်ပင်ထားခြင်းသည် ရောဂါရှိသူများကို ခွဲခြားဆက်ဆံခြင်း မဟုတ်ပါကြောင်း၊ ထိထိရောက်ရောက် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးနှင့် အုပ်ချုပ်မှုအရ စီမံမှုပေးနိုင်ရန် ဖြစ်ပါကြောင်း ။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၈ ရက်နေ့က ရခိုင်ပြည်နယ်အတွင်း COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

## ရန်ကုန်တိုင်းဒေသကြီးအတွင်း Stay at Home အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာသည့် မြို့နယ် စုစုပေါင်း ၂၈ မြို့နယ် ရှိသွားပြီ

**နေပြည်တော် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စက်တင်ဘာ ၁ ရက်တွင် ကြေညာထားသည့် မြို့နယ် ၇ မြို့နယ်ရှိပြီး ယနေ့တွင် ကြေညာသည့် မြို့နယ် ၂၁ မြို့နယ် ရှိသည့်အတွက် စုစုပေါင်း မြို့နယ် ၂၈ မြို့နယ် ရှိသွားပြီဖြစ်သည်။

စက်တင်ဘာ ၁ ရက်က ကြေညာထားသည့်မြို့နယ် ၇ မြို့နယ်မှာ သဃ်္ဃန်းကျွန်း၊ အင်းစိန်၊ မြောက်ဥက္ကလာပ၊ သာကေတ၊ လှိုင်၊ ပုဇွန်တောင်၊ မင်္ဂလာဒုံတို့ဖြစ်ပြီး ယနေ့ ထပ်မံ ကြေညာသည့် ၂၁ မြို့နယ်မှာ တောင်ဥက္ကလာပ၊ တာမွေ၊ မရမ်းကုန်း၊ ကမာရွတ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ လှိုင်သာယာ၊ စမ်းချောင်း၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ရန်ကင်း၊ ဒဂုံ၊ ကြည့်မြင်တိုင်၊ ကျောက်တံတား၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ အလုံ၊ ဗဟန်း၊ ဒဂုံဆိပ်ကမ်း၊ ဒေါပုံ၊ လမ်းမတော်နှင့် လှည်းကူးမြို့နယ် တို့ဖြစ်သည်။

ယင်းမြို့နယ်ပေါင်း ၂၈ မြို့နယ်ရှိပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် Stay at Home အစီအစဉ်များအတိုင်း တိကျစွာလိုက်နာကြရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထက်လျှံ

## ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ၁၈၀ ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၈၈၉ ဦး ရှိသွားပြီ

**နေပြည်တော် စက်တင်ဘာ ၉**

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၁၈၀ ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၈၈၉ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၈၈၉ ဦး အနက် သေဆုံးသူ ၁၂ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၅၅၃ ဦးနှင့် စက်တင်ဘာ ၈ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၉ ရက်မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၁၆၇ ဦး ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၇၉၄၇၁ | ၁၈၈၉ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၅၅၃ | ၁၂ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၈၃၉၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၅၅၃ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၉-၉-၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

## ၉-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၅၁၄၆၀၃ | ၃၇၉၇၅၀၄ | ၁၉၄၀၆၄ |
| ၂။ | အိန္ဒိယ | ၄၃၈၂၅၁၈ | ၃၄၀၆၂၇၀ | ၇၄၀၂၈ |
| ၃။ | ဘရာဇီး | ၄၁၆၅၁၂၄ | ၃၃၉၇၂၃၄ | ၁၂၇၅၁၇ |
| ၄။ | ရုရှား | ၁၀၄၁၀၀၇ | ၈၅၆၄၅၈ | ၁၈၁၃၅ |
| ၅။ | ပီရူး | ၆၉၆၁၉၀ | ၅၂၉၇၅၁ | ၃၀၁၂၃ |
| ၆။ | ကိုလံဘီယာ | ၆၇၉၅၁၃ | ၅၄၁၄၆၂ | ၂၁၈၁၇ |
| ၇။ | မက္ကဆီကို | ၆၄၂၈၆၀ | ၄၅၁၁၅၉ | ၆၈၄၈၄ |
| ၈။ | တောင်အာဖရိက | ၆၄၀၄၄၁ | ၅၆၇၇၂၉ | ၁၅၀၈၆ |
| ၉။ | စပိန် | ၅၃၄၅၁၃ | စိစစ်ဆဲ | ၂၉၅၉၄ |
| ၁၀။ | အာဂျင်တီးနား | ၅၀၀၀၃၄ | ၃၈၂၄၉၀ | ၁၀၄၅၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၉ - ၉ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၄၅၁၄၃ | ၁၈၅၅၄၃ | ၃၉၈၆ |
| အင်ဒိုနီးရှား | ၂၀၃၃၄၂ | ၁၄၅၂၀၀ | ၈၃၃၆ |
| စင်ကာပူ | ၅၇၁၆၆ | ၅၆၄၆၁ | ၂၇ |
| မလေးရှား | ၉၅၈၃ | ၉၁၄၃ | ၁၂၈ |
| ထိုင်း | ၃၄၄၇ | ၃၂၈၆ | ၅၈ |
| မြန်မာ | ၁၈၈၉ | ၅၅၃ | ၁၂ |
| ဗီယက်နမ် | ၁၀၅၉ | ၈၉၀ | ၃၅ |
| ကမ္ဘောဒီးယား | ၂၇၄ | ၂၇၃ | ၀ |
| ဘရူနိုင်း | ၁၄၅ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၂၁ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၉-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ (၉-၉ -၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၃၇၅)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၀၂) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၆၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၁၈၈) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉၆) ခု
- စုစုပေါင်း (၁,၂၂၆)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID -19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၂) ဦး တွေ့ရှိရပါသည်။

**(၉-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာစုစုပေါင်း (၁,၂၂၆) ခုအနက် အတည်ပြု လူနာ (၈၂) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး | မြင်းခြံမြို့နယ် | ၂ |
| | | အမရပူရမြို့နယ် | ၁ |
| | | တောင်ဥက္ကလာပမြို့နယ် | ၆ |
| | | လှိုင်သာယာမြို့နယ်* | ၃ |
| | | မရမ်းကုန်းမြို့နယ် | ၃ |
| | | စမ်းချောင်းမြို့နယ် | ၂ |
| | | သာကေတမြို့နယ် | ၂ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၂ |
| | | သဃ်န်းကျွန်းမြို့နယ် | ၂ |
| | | သန်လျင်မြို့နယ် | ၁ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | ဒေါပုံမြို့နယ် | ၁ |
| | | လမ်းမတော်မြို့နယ် | ၁ |
| | | ပုဇွန်တောင်မြို့နယ် | ၁ |
| | | ဒဂုံမြို့နယ် | ၁ |
| | | ဗိုလ်တထောင်မြို့နယ် | ၁ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၁ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁ |
| | | တာမွေမြို့နယ် | ၁ |
| | | ရန်ကင်းမြို့နယ် | ၁ |
| ၃ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ်* | ၂၇ |
| | | မင်းပြားမြို့နယ် | ၅ |
| | | မောင်တောမြို့နယ် | ၃ |
| | | ပေါက်တောမြို့နယ်* | ၅ |
| | | ပုဏ္ဏားကျွန်းမြို့နယ်* | ၄ |
| ၄ | မွန်ပြည်နယ် | မော်လမြိုင်မြို့နယ် | ၄ |
| ၅ | ဧရာဝတီတိုင်းဒေသကြီး | ငပုတောမြို့နယ် (ရွှေသောင်ယံ)* | ၁ |

* ရခိုင်ပြည်နယ်သို့ ခရီးသွားရာဇဝင်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် အသွားအလာကန့်သတ်ထားရှိသူ

၂။ (၉-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID -19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁,၈၈၉) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များအနက် ဆေးရုံးဆင်းလူနာ (၉၃) ဦးရှိသဖြင့် စုစုပေါင်း (၅၅၃) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၄။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၁၂)ဦး ရှိပါသည်။

၅။ (၈-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၉-၉-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၆၇) ဦးရှိပါသည်။

၆။ ဓာတ်ခွဲစစ်ဆေးမှုများပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၉-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၉-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၅) ခု |
| (၉-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၂) ခု |
| (၉-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၆၅) ခု |
| (၉-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၈) ခု |
| (၉-၉-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၈၂) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၉-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၈၂) ဦး | (၁,၈၈၉) ဦး |
| ဆေးရုံဆင်း (Discharge) | (၉၃) ဦး | (၅၅၃) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၁၂) ဦး |

# ရခိုင်ပြည်နယ်မှ ပြန်လာသော ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၀ ရက်နေ့နောက်ပိုင်း ရခိုင်ပြည်နယ်မှ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိလာသည့် ပြည်သူများ၏ အမည်စာရင်းကို သတင်းစာများတွင် ထည့်သွင်းကြေညာထားပြီးဖြစ်သည်။ ၎င်းတို့ကို သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးရန် ပြောဆိုထားသော်လည်း တစ်ဝက်ခန့်မှာ ယခုထိ မဆက်သွယ်ကြပါ။ မဆက်သွယ်သည့်အတွက် လိပ်စာများနှင့်ပါ ထပ်မံထည့်သွင်းကြေညာသွားမည်ဖြစ်ပါသည်။ သို့မှသာ ပတ်ဝန်းကျင်အိမ်နီးနားချင်းနှင့် မိတ်ဆွေများက မည်သူမည်ဝါဖြစ်သည်ကို သိရှိမည်ဖြစ်ပါသည်။ ရက်အပိုင်းအခြား၊ အချိန်အတိုင်းအတာတစ်ခုပေးမည်ဖြစ်ပြီး ထိုအချိန်အတွင်း မိမိသဘောဆန္ဒအရ မဆက်သွယ်ဘဲ နောက်ပိုင်းမှ မိမိပါမှန်း သိပါက အရေးယူခံရမည်။

၂။ ရခိုင်ပြည်နယ်မှ ပြန်လာသည့်ခရီးသည်များထဲမှ တစ်ဝက်ခန့်သည် ယနေ့အထိ မဆက်သွယ်သေးဘဲ လူဦးရေ ၄၅၀၀ ကျော် ဆက်သွယ်သတင်းပို့ရန် လိုအပ်နေ ပါသည်။

၃။ ၎င်းတို့အနေဖြင့် မိမိကိုယ်တိုင်အတွက်လည်းကောင်း၊ မိမိ၏မိသားစုအတွက်လည်းကောင်း၊ မိမိတို့နေထိုင်ရာ ရပ်ကွက်/ ကျေးရွာအတွက် လည်းကောင်း၊ မိမိမြို့နယ်နှင့် ဒေသ၊ နိုင်ငံသူ နိုင်ငံသားများအတွက် လည်းကောင်း နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ မိမိအသိစိတ်ဖြင့် ချက်ချင်းသတင်းပို့၍ ကျန်းမာရေးစစ်ဆေးမှုခံယူရန် လိုအပ်ပါသည်။

# ရွှေဘိုမြို့သို့ လာရောက်သည့် ပြည်သူများ ခရီးသွားထောက်ခံချက်ပါရှိမှသာ ဝင်/ထွက်ခွင့်ပြုမည်

**ရွှေဘို စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့သို့ လာရောက်သည့် ပြည်သူများ မိမိတို့ လာရောက်ခဲ့သည့် ဒေသ၏ သက်ဆိုင်ရာဌာနမှ ကျန်းမာရေးထောက်ခံချက် ပါရှိမှသာ ရွှေဘိုမြို့အတွင်း ဝင်/ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ် -၁၉ ကူးစက်ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ရွှေဘိုမြို့ ဝင်/ထွက် ဂိတ်များတွင် ကျန်းမာရေး စစ်ဆေးပေးခြင်း ဆောင်ရွက်လျက်ရှိပြီး ရွှေဘိုမြို့သို့ လာရောက်သည့်ပြည်သူများအနေဖြင့် မိမိနေထိုင်ခဲ့သောဒေသမှ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး (သို့) ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့်လုပ်ငန်းကော်မတီ၏ ကျန်းမာကြောင်းထောက်ခံချက် ယူဆောင်လာရန် လိုအပ်သည်။

ကျန်းမာရေး ထောက်ခံချက်ယူဆောင်မှုနှင့်ပတ်သက်၍ ရွှေဘိုမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေဇင်လတ်က "ရောဂါပိုးတွေ့ရှိတဲ့ ရန်ကုန်ခုနစ်မြို့နယ်နဲ့ ရခိုင်ကလာတာ ဟုတ်/မဟုတ် သက်သေပြနိုင်ဖို့ အတွက်ပါ။ ကိုယ်ဘယ်အရပ်ဒေသက လာတယ်ဆိုတာ သက်သေပြပြီးဖြစ်တာပေ့ါ။ အခုလို တစ်မြို့နယ်ချင်းစီ ခရီးသွားရာဇဝင်ကို ထောက်ခံချက်ရယူခြင်းဖြင့် တစ်နိုင်ငံလုံး ကြပ်မတ်ဆောင်ရွက်နိုင်ခဲ့ရင် ကိုဗစ်-၁၉ ကူးစက်ရောဂါကို အချိန်တိုအတွင်း ထိန်းချုပ်နိုင်မှာ ဖြစ်လို့ ပြည်သူတွေဘက်ကလည်း ခရီးသွားထောက်ခံချက် ရယူခြင်းဖြင့် ဝိုင်းဝန်းကူညီကြဖို့ တောင်းဆိုပါတယ်" ဟု ပြောသည်။

ရွှေဘိုမြို့မှ အခြားမြို့ရွာသို့သွားမည်ဆိုပါက မိမိရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ (အသွား) ထောက်ခံချက် ပါရှိရမည်ဖြစ်ပြီး ရွှေဘိုမြို့သို့ ပြန်လည်ဝင်ရောက်မည်ဆိုပါက မိမိသွားရောက်ခဲ့သောဒေသမှ သက်ဆိုင်ရာ ဌာန၏ (အပြန်) ထောက်ခံချက်နှင့် ရွှေဘိုမြို့မှ ယူဆောင်ခဲ့သော (အသွား) ထောက်ခံချက် နှစ်စောင်ပါရှိရမည် ဖြစ်ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**



ဇေယျာသီရိမြို့နယ် အိုင်စောက်ကျေးရွာအနီး လျှပ်စစ်လမ်းခွဲ၌ ရေဆင်းနယ်မြေရဲစခန်းမှ ဒုရဲအုပ်ကျော်စိုးလင်းနှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၈ ရက်က လမ်းသွားလမ်းလာများကို ရောဂါကူးစက်မှုနှင့်ပတ်သက်၍ ပညာပေးခြင်း၊ နှာခေါင်းစည်းတပ်ဆင်မှု မရှိပါက နှာခေါင်းစည်းများ ဝေငှပြီး ဂန်ခံကတိလက်မှတ်ရေး ထိုးစေခြင်းတို့ကို ဆောင်ရွက်ကြစဉ်။

**ဇော်ဘီ**

# မိန်းမလှကျွန်းဘေးမဲ့တောမှ သမိုင်းဝင် မျောက်တစ်ရာစေတီတော်ကို နှစ်နှစ်တာကာလအတွင်း ပြန်လည်ပြုပြင်မွမ်းမံမည်

**ဘိုကလေး စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မိန်းမလှကျွန်း ဘေးမဲ့တောအတွင်း တည်ထားကိုးကွယ်တော်မူသည့် မျောက်တစ်ရာ သိဒ္ဓိရှင်အောင်စေတီတော်ကြီးသည် ခေတ်အဆက်ဆက် ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံခဲ့ရပြီး ဇွန် ၂၃ ရက်က စေတီတော်ကြီး အက်ကွဲတိမ်းစောင်းသွားသဖြင့် **(ယာယီ)** စေတီတော်ကြီးကို ဒီဇင်ဘာ ၁ ရက်မှ စတင်၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်အထိ နှစ်နှစ်တာ ပြင်ဆင်မွမ်းမံရေး ကာလအဖြစ်သတ်မှတ်ကာ ပြန်လည် ပြင်ဆင်မွမ်းမံမည်ဖြစ်သည်။



အက်ကွဲတိမ်းစောင်းသွားသည့် စေတီတော်ကြီးအား အဆင်ပြေချောမွေ့စွာ အမြန်ဆုံး ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးလွင်တို့ ပါဝင်သည့် နာယကအဖွဲ့နှင့်အတူ ပြန်လည်ပြုပြင်နိုင်ရေး၊ ဘဏ္ဍာငွေရှာဖွေရေး၊ ပစ္စည်းဝယ်ယူပို့ဆောင်ရေး၊ ပြင်ဆင်ဆောက်လုပ်ရေး၊ လှူဒါန်းဆော်ပြန်ကြားရေး၊ လုံခြုံရေး ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိပြီးကြောင်း သိရသည်။

ဘိုကလေးမြို့နယ်တွင် တည်ရှိသည့် မိန်းမလှကျွန်းကြီးသည် ရှေးနှစ်ပေါင်းများစွာက ပေါ်ထွန်းခဲ့သော ကျွန်းကြီးဖြစ်ပြီး ကျွန်းပေါ်တွင် ကျုံတုံးခရိုင် မြို့စားမင်း ဗညားဓေယျက မူလပထမ မျောက်တစ်ရာ စေတီတော် (အောင်စေတီ) ကို တည်ထား ကိုးကွယ်ခဲ့ကြောင်း၊ ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက မိန်းမလှကျွန်းပေါ်တွင် သီတင်းသုံးနေသည့် ပထမဆရာတော် ဦးအာစရ၏ ဩဝါဒကို ခံယူကာ ပျက်စီးယိုယွင်းနေသည့် မူလစေတီတော် (မျောက်တစ်ရာအောင်စေတီ) ကို ဉာဏ်တော် ၁၈ တောင်၊ အောက်လိုဏ်ပေါက် ၁၆ ပေါက်၊ ၁၆ ခန်း လှေကားလေးစင်း၊ မုခ်လေးခုဖြင့် ၁၉၅၅-၁၉၅၆ ခုနှစ်တွင် ပြန်လည်ပြုပြင် မွမ်းမံကြောင်း ဘုရားသမိုင်းအရ သိရသည်။

**မိုးစက်(ဘိုကလေး)**

## ပင်လောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများ ဖြန့်ဝေ

**ပင်လောင်း စက်တင်ဘာ ၉**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့၌ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးအတွက် မြို့မဈေးအတွင်းနှင့် လူစည်ကားရာနေရာဖြစ်သည့် ပျံကျဈေးတို့တွင် နှာခေါင်းစည်းများ ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို ယမန်နေ့က ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ် စည်ပင်သာယာရေးဌာန၊ မြို့နယ် ရဲတပ်ဖွဲ့၊ မြို့နယ် မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ မြို့မဈေးအတွင်းနှင့် လူစည်ကားသော ပျံကျဈေးတို့တွင် နှာခေါင်းစည်းတပ်ဆင်ခြင်းမရှိသည့် ဈေးရောင်း ဈေးဝယ်သူများကို ခုဝယ်ခုတပ်စနစ်ဖြင့် လက်ဝယ်အရောက် ဖြန့်ဝေပေး၍ တပ်ဆင်စေခြင်း၊ ဈေးဆိုင်များတွင် ဆိုင်ရှင်များအား လက်သန့်ဆေးရည်ထားရှိပေးရန် ညွှန်ကြားခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ - ၉ - ၂၀၂၀

**ရွှေ**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၂၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၅/၅၈၀ | ကျပ် | ၅၆၅/၅၈၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၅/၅၉၀ | ကျပ် | ၅၈၀/၆၀၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၅/၅၂၅ | ကျပ် | ၅၄၅/၅၆၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၅/၆၄၀ | ကျပ် | ၆၇၀/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၆ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၇၂ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၅ . ၀၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၉ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၆၀ . ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၅ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၁၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၅၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၂ . ၅၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၀ . ၃၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၅၆၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၅၆၃ | ၅၅၇၃၇၀၀ |
| MTSH | ၃၇၅၀ | ၃၇၀၀ | ၃၀၄ | ၁၁၂၅၀၅၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၃ | ၆၄၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၃၃၈ | ၉၂၉၅၀၀ |
| EFR | ၃၀၀၀ | ၃၀၀၀ | ၂၂၅ | ၆၈၅၀၀၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - ဝင်းကျော် |
| **သတင်းထောက်ချုပ်** | - မြင့်ဆွေ |
| **စာတည်းများ** | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| **ဘာသာပြန်စာတည်း** | - ခြူးစန္ဒီဆွေ၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| **အကြီးတန်းသတင်းထောက်များ** | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| **အငယ်တန်းသတင်းထောက်များ** | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| **ဓာတ်ပုံသတင်းထောက်** | - တင်စိုး |
| **သုတေသန** | - အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မျိုးဗီဇပြောင်းလာသော ကိုဗစ်နှင့် အကြောက်အလန့်မရှိသော လူသားများ

**သိပ္ပံစာရေးဆရာကိုကိုအောင်**

၂၀၁၉ ခုနှစ်အတွင်းက တရုတ်နိုင်ငံ ဝူဟန်မြို့မှ စတင်ဖြစ်ပွားခဲ့သည်ဟု သတင်းမီဒီယာများက ဖော်ပြခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)က ကမ္ဘာ့ကပ်ရောဂါအဖြစ် တရားဝင်ကြေညာခဲ့သော ကိုဗစ်-၁၉ ခေါ် Corona-virus Disease 2019 သည် ယခုအခါ မျိုးဗီဇပြောင်းလဲကာ မျိုးဗီဇအဟောင်း ဗိုင်းရပ်စ်နှင့် မျိုးဗီဇအသစ် ဗိုင်းရပ်စ်များက ကမ္ဘာအနှံ့ ရောက်ရှိပြန့်ပွားကူးစက်ကာ လူပေါင်းများစွာတို့၏ ဇီဝိန်ကို ချုပ်ငြိမ်းစေခဲ့ပြီဖြစ်သည်။

ကမ္ဘာပေါ်၌ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားခဲ့မှုသမိုင်းကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် ၂၀၀၂ ခုနှစ်က SARS-CoV ဟုခေါ်သော Severe Acute Respiratory Syndrom Coronavirus ကူးစက်မှုဖြစ်ပွားခဲ့ရာ လူ ၈၀၀၀ ကူးစက်ခံရပြီး၊ အသက်သေဆုံးမှုက ၁၀ ရာခိုင်နှုန်း ရှိခဲ့သည်။

ယင်းနောက် ၂၀၁၂ ခုနှစ်တွင် MERS-CoV ဟုခေါ်ဆိုသော Middle East Respiratory Syndrome Coronavirus ကူးစက်မှုဖြစ်ပွားခဲ့ရာ လူ ၂၃၀၀ ကူးစက်ခံရပြီး ယင်းတို့အနက် ၃၅ ရာခိုင်နှုန်းမှာ အသက်ဆုံးရှုံးခဲ့ရသည်။

**ကမ္ဘာတစ်ဝန်းသို့ လျင်မြန်စွာ ပျံ့နှံ့**

ထိုမှတစ်ဖန် ၂၀၁၉ ခုနှစ်တွင် ပြင်းထန်သော Noval Coronavirus ပေါ်ပေါက်လာပြီး အချိန်တိုအတွင်း ကမ္ဘာတစ်ဝန်းသို့ အလွန် လျင်မြန်စွာ ပျံ့နှံ့ရောက်ရှိ ကူးစက်ဖြစ်ပွားခဲ့ရာ ထိုနှစ်ဒီဇင်ဘာလတွင်ပင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကမ္ဘာ့ကပ်ရောဂါ (World Pandemic Disease) အဖြစ် ထုတ်ပြန်ကြေညာခဲ့ရသည်။ ဗိုင်းရပ်၏အမည်ကိုလည်း အတိုကောက်အားဖြင့် ကိုဗစ်-၁၉ ဟု သတ်မှတ်ခေါ်ဆိုခဲ့သည်။

ကိုဗစ်-၁၉ သည် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လနှောင်းပိုင်းမတိုင်မီအထိ လူပေါင်း ၈၇၀၀၀၀၀ ကို ကူးစက် စေခဲ့ပြီး၊ လူပေါင်း ၄၆၀၀၀၀ ကျော်ကို သေဆုံးစေခဲ့သည်။ အသက်သေဆုံးမှုရာခိုင်နှုန်းမှာ ဖြစ်ပွားရာဒေသပေါ် မူတည်ပြီး ၀ ဒသမ ၈ ရာခိုင်နှုန်းမှ ၁၄ ဒသမ ၅ ရာခိုင်နှုန်းအထိရှိကြောင်း ဂျွန်ဟော့ကင်းဆေးတက္ကသိုလ်က ထုတ်ပြန်ကြေညာခဲ့သည်။

မူလစတင်ဖြစ်ပွားခါစက ကိုဗစ်-၁၉ ၏ Strain သည် D 614 ဖြစ်ပြီး၊ ကူးစက်ခံရသူ၏ အသက်အရွယ်နှင့် ကျန်းမာရေးအခြေအနေပေါ် မူတည်ကာ သိသာစွာ ရောဂါလက္ခဏာပြခြင်းမှသည် အပြင်းအထန်ခံစားရကာ အသက်သေဆုံးသည်အထိ ဖြစ်ပွားစေခဲ့သည်။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး၌ လူ့ခန္ဓာကိုယ်တွင်း ဆဲလ်များတွင် ဝင်ရောက်ကပ်ငြိနိုင်ရန်အတွက် Spike ခေါ် ပရိုတင်း အချွန်အတက်ကလေးများ ပါဝင်ကာ ၎င်းပရိုတင်းထဲတွင် Amino Acid ဓာတ်ပစ္စည်း ၁၃၀၀ ခန့် ပါဝင်ဖွဲ့စည်းထားသည်။ ယင်းတို့အနက် Amino Acid နံပါတ် ၆၁၄ ၏ မျိုးဗီဇမှာ Aspartic Acid (D) မှ Glycine (G) သို့ ပြောင်းလဲသွားသည်ကို သိပ္ပံပညာရှင်တို့က ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် စတင်သတိပြုမိခဲ့ကြသည်။ D Strain မှ G Strain သို့ ပြောင်းလဲသွားခြင်းဖြစ်သောကြောင့် D614 -G14 ဟု အတိုကောက် မှတ်ချက်ပြုခဲ့ကြသည်။

**နိုင်ငံများ၌ တွေ့ရှိခဲ့သော ဗိုင်းရပ်အမျိုးအစားများ**

တရုတ်နိုင်ငံ ဝူဟန်မြို့၌ စတင်တွေ့ရှိခဲ့သော ဗိုင်းရပ်စ်က L-Strain ဖြစ်ပြီး ဥရောပတိုက်နှင့် အီတလီ၌ တွေ့ရှိခဲ့သော ဗိုင်းရပ်စ်က G-Strain နှင့် GR Strain များဖြစ်ကြသည်။ တောင်အမေရိကတိုက်၌ GR Strain ကို တွေ့ရှိခဲ့ပြီး၊ မြောက်အမေရိကတိုက်၌ GH Strain ကို တွေ့ရှိခဲ့သည်။ အမေရိကန်နှင့် စပိန်တို့တွင်မူ S Strain ကို အများဆုံးတွေ့ရှိခဲ့သည်။



ကိုဗစ်-၁၉ ဗိုင်းရပ်စ်၏ Strain မျိုးကွဲများထဲတွင် L နှင့် V တို့မှာ ပျောက်ကွယ်လုနီးပါး အနေအထား၌ ရှိနေပြီဖြစ်ကြောင်း သိပ္ပံပညာရှင်တို့က ဆိုကြသည်။ ၂၀၂၀ ပြည့်နှစ်၊ မတ်လနောက်ပိုင်း၌ တွေ့ရှိရသော ဗိုင်းရပ်စ်များ၏ ၇၀ ရာခိုင်နှုန်းကျော်မှာ G-Strain များသာ ဖြစ်ကြသည်။

**ရောဂါကူးစက်မှုအညွှန်းကိန်း**

Coronavirus များ၏ ရောဂါကူးစက်မှုအညွှန်းကိန်း (Reproduction Number-R.O) များကို ကြည့်လျှင် SARS-CoV သည် လူလေးဦးအထိ လည်းကောင်း၊ MERS-CoV သည် လူတစ်ဦးကို လည်းကောင်း၊ ကိုဗစ်-၁၉ (D 614) သည် လူနှစ်ဦးမှသုံးဦးကျော် (R.O 2 to 3.5) ကိုလည်းကောင်း ကူးစက်နိုင်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ယခုအခါ မျိုးဗီဇပြောင်းလဲပြီး G 614 ဖြစ်လာသော ကိုဗစ်ကမူ လူနှစ်ဆယ်အထိ ကူးစက်နိုင်သဖြင့် ကူးစက်နှုန်းက ဆယ်ဆ မြန်လာသည်ဟု ဆိုကြသည်။

စတွေ့တွေ့ချင်း လက္ခဏာမပြဘဲ ရက်သတ္တနှစ်ပတ် ကျော်ကျော် လောက်မှ ရောဂါလက္ခဏာ ပြလာခြင်းမျိုး ရှိနိုင်သလို၊ Quarantine ကာလ ရက်သတ္တသုံးပတ်ကို ကျော်လွန်သည်အထိ ရောဂါပိုးမရှိသော်လည်း စိတ်ချရပြီဟု တပ်အပ်သေချာ မပြောနိုင်ခြင်းများကလည်း ရှိလာနိုင်သောကြောင့်ပင် ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများ၌ ဖြစ်ပွားခဲ့သော သာဓကတချို့ဖြစ်သည့် ရောဂါပိုး စတွေ့ပြီးနောက် နှစ်လခန့်ကြာမှ ပြင်းထန်အဆုတ်ရောင်ဝေဒနာ ခံစားရခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ သွေးကြောပိတ်ခြင်း စသည်တို့ကို ကြည့်ကာ ဆင်ခြင်သင့်ကြသည်။

အမှန်စင်စစ် ကိုဗစ်-၁၉ ၏ မျိုးဗီဇပြောင်းလဲမှုက အံ့သြစရာမဟုတ်ပေ။ ဗိုင်းရပ်စ်ပိုးတိုင်းသည် မျိုးဗီဇပြောင်းလဲမှု ဖြစ်လေ့ဖြစ်ထရှိသည်မှာ ဓမ္မတာပင် ဖြစ်သည်။ တခြားသောဗိုင်းရပ်စ်များနှင့် နှိုင်းယှဉ်လျှင် ကိုဗစ်-၁၉ ၏ မျိုးဗီဇပြောင်းလဲမှုက နှေးကွေးသည့်သဘောပင် ရှိနေသည်။

ရာသီတုပ်ကွေးဗိုင်းရပ်စ်ဆိုလျှင် မျိုးဗီဇပြောင်းလဲမှု မကြာခဏဖြစ်သည့်အတွက် နှစ်စဉ် ရာသီချိန် ရောက်လာလျှင် ကာကွယ်ဆေးအသစ်ကို ထပ်မံထုတ်လုပ်ပေးနေကြရသည်။ စိတ်သက်သာစရာ အချက် တစ်ချက်မှာ ယခင်မျိုးဗီဇဟောင်း ကိုဗစ်-၁၉ (D 614) အတွက် ဖော်စပ်ထားသော ကာကွယ်ဆေးနမူနာများသည် ယခုဖြစ်ထွန်းလာသော မျိုးဗီဇအသစ် G 614 အတွက်ကိုလည်း အလားတူအာနိသင်မျိုး ပေးစွမ်းနိုင်သေးသည် ဆိုခြင်းပင်ဖြစ်သည်။

ယခင် ကိုဗစ်-၁၉ မျိုးဗီဇဟောင်းဖြစ်သော D 614 ၏ ကူးစက်ပြန့်ပွားမှုကို မြန်မာနိုင်ငံ၏ ပျမ်းမျှ အပူချိန်၊ လေထုအတွင်းရှိ ရေငွေ့ပါဝင်နှုန်းနှင့် ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းမြင့်မားမှုတို့က သဘာဝ အလျောက် ထိန်းချုပ်ကန့်သတ်ထားခဲ့သလို၊ တစ်ဖက်တွင်လည်း မြန်မာဆရာဝန်များ၊ ဆေးပညာရှင်များနှင့် သူနာပြုများ၏ စွမ်းစွမ်းတမံ ပြုစုကုသပေးမှုတို့က ရောဂါပြင်းထန်မှုနှင့် အသက်ဆုံးရှုံးရမှုတို့ကို များစွာလျော့ကျ စေခဲ့သည်။ မြန်မာနိုင်ငံသားတို့၏ စိုးရိမ်ပူပန်မှုများကိုလည်း လျော့ကျစေခဲ့သည်။

**ရောဂါပြင်းထန်နိုင်မှု အခြေအနေကိုမထုတ်နိုင်ကြသေး**

ရောဂါပြင်းထန်မှုက ယခင်မျိုးဗီဇထက် လျော့နည်းနိုင်သည်ဟု ယူဆချက်များ ရှိနေသော်လည်း လူ့ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်အမျိုးအစားများစွာအတွက် ရောဂါပြင်းထန်နိုင်မှု အခြေအနေနှင့်ပတ်သက်၍ ခိုင်လုံတိကျသောအဖြေကိုမူ မထုတ်နိုင်ကြသေးပေ။ G 614 ကူးစက်ခံထားရသော လူနာများတွင် ဗိုင်းရပ်စ်အကောင်ရေ (Viral Load) အများအပြားကို တွေ့ရသော်လည်း ရောဂါပြင်းထန်သည့် လက္ခဏာမတွေ့ရသေးခြင်းက ယူဆချက်များမှန်နိုင်ကြောင်း ထောက်ခံနေသကဲ့သို့ ဖြစ်နေသည်။

**စိုးရိမ်ကြောင့်ကြကင်းစွာသွားလာလှုပ်ရှားလျက်ရှိ**

ကမ္ဘာတစ်ဝန်း လက်ရှိကူးစက် ဖြစ်ပွားနေမှုများအနက် မြန်မာ့အိမ်နီးချင်း အိန္ဒိယနိုင်ငံတွင် တခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ မျိုးဗီဇပြောင်း G 614 ကိုသာ အများဆုံးတွေ့ရှိနေရသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ နောက်ပိုင်းကာလများတွင် ပြည်ပမှ ပြန်လည်ရောက်ရှိလာသော ကိုဗစ်လူနာများတွင် G 614 ကို အတွေ့များလာရသလို၊ ပြည်တွင်း၌ ကူးစက်နှုန်းကလည်း အလွန်မြန်ဆန် ကျယ်ပြန့်လာ နေသည်။ သို့ရာတွင် မြန်မာနိုင်ငံသား အများစုတို့က လက်ရှိကူးစက် ဖြစ်ပွားနေသော မျိုးဗီဇပြောင်းကိုဗစ် (G 614) သည် ရောဂါပြင်းထန်မှုမရှိသလို၊ အသက်သေဆုံးနိုင်ခြေလည်း မရှိဟုဆိုကာ စိုးရိမ်ကြောင့်ကြခြင်း ကင်းစွာ သွားလာလှုပ်ရှားလျက် ရှိနေကြသည်။

သိပ္ပံပညာရှုထောင့်မှဆိုရလျှင် မျိုးဗီဇပြောင်း ကိုဗစ် (G 614) ၏ ရောဂါပြင်းထန်မှု အတိမ်အနက်နှင့် အသက်ဆုံးရှုံးနိုင်ခြေ ရှိမှုအပေါ် ခိုင်လုံတိကျသော ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်နိုင်ရေးမှာ မျိုးဗီဇသစ် ဗိုင်းရပ်စ်ပိုး ကူးစက်ခံရခါစ မြန်မာနိုင်ငံအတွက် စောလွန်းနေသေးသည်။ အကြောင်းမူကား...ရောဂါပိုး



"ကိုဗစ်-၁၉ ဗိုင်းရပ်ပိုး၌ လူ့ခန္ဓာကိုယ်တွင်း ဆဲလ်များတွင် ဝင်ရောက်ကပ် ညိနိုင်ရန်အတွက် Spike ခေါ် ပရိုတင်း အချွန်အတက်ကလေးများ ပါဝင်ကာ ၎င်းပရိုတင်းထဲတွင် Amino Acid ဓာတ်ပစ္စည်း ၁၃၀၀ ခန့် ပါဝင်ဖွဲ့စည်းထားသည်။ ယင်းတို့အနက် Amino Acid နံပါတ် ၆၁၄ ၏ မျိုးဗီဇမှာ Aspartic Acid (D) မှ Glycine (G) သို့ ပြောင်းလဲသွားသည်ကို သိပ္ပံပညာရှင်တို့က ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် စတင်သတိပြုမိခဲ့ကြသည်။ D Strain မှ G Strain သို့ ပြောင်းလဲသွားခြင်းဖြစ်သောကြောင့် D614 -G14 ဟု အတိုကောက် မှတ်ချက်ပြုခဲ့"

**လူစုလူဝေးကိုလည်းမရှောင်၊ လက်ဆေးရာတွင် ဝတ်ကျေတန်းကျေမျှသာ**

ယခု ကိုဗစ်-၁၉ မျိုးဗီဇအသစ်ဖြစ်သော G 614 ကမူ ရောဂါပြင်းထန်မှုလည်းမရှိ၊ အသက်ဆုံးရှုံးနိုင်ခြေလည်းမရှိဟု ယူဆကာ နှာခေါင်းစည်းမတပ်ဘဲ လူစုလူဝေးရှိရာများသို့ ပူပန်ခြင်းကင်းစွာ သွားလာနေကြသည်ကို မြို့ရွာဒေသအနှံ့တွင် တွေ့မြင်နေကြရသည်။ ဆေးသိပ္ပံပညာရှင်များနှင့် သုတေသနပညာရှင်များက အကြီးအကျယ် ခေါင်းခဲနေကြချိန်တွင် မိမိကိုယ်မိမိ ယုံကြည်မှုလွန်ကဲပြီး အကြောက်အလန့်ကင်းစွာဖြင့် သွားလာလှုပ်ရှား ပြုမူနေထိုင်လျက်ရှိနေသူများကမူ နှာခေါင်းစည်းလည်းမတပ်၊ တစ်ဦးနှင့်တစ်ဦး နှစ်မီတာ (ခြောက်ပေခွဲ)လည်းမကွာ၊ လူစုလူဝေးကိုလည်းမရှောင်၊ လက်ဆေးရာတွင်လည်း စက္ကန့်နှစ်ဆယ်မကြာဘဲ ဝတ်ကျေတန်းကျေမျှသာ ရှိနေကြသည်။

ထိုထိုသောပုဂ္ဂိုလ်များကို အမေရိကန်နိုင်ငံ၏ ဖြစ်ရပ်များအား သိစေလိုသည်။ အမေရိကန်နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီကတည်းက မျိုးဗီဇပြောင်းနေခဲ့ပြီဖြစ်သော ကိုဗစ်-၁၉ ၏ဒဏ်ကို ခံနိုင်ရည် ရှိစေရန်ဟုဆိုကာ Herd Immunity ခေါ် အစုလိုက်အပြုံလိုက် ကိုယ်ခံအားမြင့်တက်စေရေးအတွက် နှာခေါင်းစည်းမတပ်ဘဲ ထင်သလိုသွားလာ လှုပ်ရှားခဲ့ကြသည့်အတွက် နိုင်ငံလူဦးရေ၏ ၂ ရာခိုင်နှုန်းနီးပါး ရောဂါကူးစက်ခံရကာ၊ အသေအပျောက်အများဆုံးသော နိုင်ငံများစာရင်းဝင် ဖြစ်ခဲ့သည်။

တကယ်တမ်းဆိုလျှင် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့် ကူးစက်ခံရပြီးသည့်တိုင် Herd Immunity ကို တပ်အပ်သေချာရမည်ဟု မပြောနိုင်သေးသည်ဖြစ်ရာ၊ မျိုးဗီဇပြောင်းလာသောကိုဗစ်နှင့် အကြောက်အလန့် မရှိသောလူသားတို့၏ အားပြိုင်ပွဲတွင် မည်သူကအနိုင်ရသွားခဲ့သည်ကို အထူးပင်ပြောပြရန် မလိုတော့ပြီ ဖြစ်ပေသည်။ ။

# ကူးစက်မှုနှုန်းတိုးလာမှုတွေနဲ့အတူ တစ်ကျော့ပြန်စည်းကမ်းတင်းကျပ်လာတဲ့ အစ္စရေး

ချူးစန္ဒီမွေး

ကမ္ဘာ့နိုင်ငံအသီးသီးဟာ လက်ရှိအချိန်မှာ ကိုဗစ် -၁၉ ကို ထိန်းချုပ်နိုင်ရေးဦးစားပေးအနေနဲ့ ဆောင်ရွက်နေကြပေမယ့် ထင်သလောက်တော့အောင်မြင်မှုတွေ မရကြသေးပါဘူး။ နိုင်ငံအချို့က ကူးစက်မှုအနည်းဆုံးနဲ့ နောက်ထပ်ကူးစက်မှုတွေ မရှိအောင်ထိန်းချုပ်လာနိုင်ပေမယ့် တချို့နိုင်ငံတွေကျပြန်တော့လည်း ကူးစက်မှုကို မထိန်းချုပ်နိုင်ဘဲ ရုန်းကန်နေရဆဲပါပဲ။

## စည်းကမ်းတွေပြန်လည်တင်းကျပ်

ကူးစက်မှုတွေပြန်လည်တိုးလာတဲ့အတွက် အသွားအလာပိတ်ဆို့ကန့်သတ်မှု အသစ်တွေနဲ့ စည်းကမ်းတွေ ပြန်လည်တင်းကျပ်တာမျိုး လုပ်ဆောင်လာကြပါတယ်။ အစ္စရေးနိုင်ငံမှာတော့ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းမှာ ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ ၁၀၀၀ ကျော် ရှိလာပါတယ်။ အစ္စရေးနိုင်ငံဟာလည်း ကမ္ဘာပေါ်မှာ နေ့စဉ်ကူးစက်မှုနှုန်းတိုးတဲ့နိုင်ငံတွေထဲမှာ အပါအဝင်ပါပဲ။ စက်တင်ဘာ ၆ ရက်မှာတော့ အစ္စရေးနိုင်ငံရဲ့ ကိုဗစ် –၁၉ ထိန်းချုပ်ရေးအဖွဲ့ဟာ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ အဲဒါကတော့ ကူးစက်မှုတိုးနေတဲ့ မြို့ပေါင်း ၄၀ မှာ တညီတညွတ်တည်း ညမထွက်ရအမိန့် ထုတ်ပြန်ဖို့ပါပဲ။

## အစီအစဉ်ဆွဲ

ကျောင်းတွေကိုလည်းပိတ်ထားပြီး အဲဒီမြို့တွေမှာ လူအနည်းငယ်သာ စုဝေးခွင့်ပေးထားပါတယ်။ ဒေသတွင်းမှာ သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရအမိန့် ထုတ်ပြန်ခြင်းဟာ အစိုးရအဖွဲ့ရဲ့ အချက်ပြမီးရောင်စုံအစီအစဉ်ထဲက တစ်ခုပါပဲ။ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ဖို့ ရည်ရွယ်ပြီးဆွဲခဲ့တဲ့ အစီအစဉ်ဆိုလည်း မမှားပါဘူး။ အချက်ပြမီးရောင်စုံအစီအစဉ်မှာ ကူးစက်မှုနှုန်းနိမ့်တဲ့ ဒေသတွေမှာ ကန့်သတ်ချက်စည်းမျဉ်းစည်းကမ်းတွေကို လျှော့ချထားပြီး ကူးစက်မှုနှုန်းတိုးနေတဲ့ဒေသတွေမှာတော့ ကန့်သတ်ချက်တွေ တိုးမြှင့်ထားပါတယ်။ ကူးစက်မှုတိုးတဲ့မြို့တွေကို အနီရောင်အဖြစ် သတ်မှတ်ထားပြီး အဲဒီမြို့တွေမှာ နေထိုင်တဲ့ပြည်သူတွေအပေါ် တင်းကျပ်တဲ့စည်းကမ်းတွေ၊ ကန့်သတ်မှုတွေချမှတ်ထားပါတယ်။

## ချီးမွမ်းခံခဲ့ရ

အစ္စရေးနိုင်ငံမှာ မေလအတွင်းကဆိုရင် နေ့စဉ်ကူးစက်မှုနှုန်းဟာ တစ်နေ့ ၁၀ ယောက်သာ ရှိခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ကိုဗစ် – ၁၉ ကို ထိန်းချုပ်နိုင်ခဲ့တဲ့အတွက် အစ္စရေးအစိုးရအပေါ် ချီးမွမ်းမှုတွေလည်း အများကြီးပါပဲ။ ဒါပေမယ့် စီးပွားရေးထိခိုက်မှာ ကြောက်တာကြောင့် စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ဖွင့်လှစ်ပေးဖို့ ဖိအားတွေဖြစ်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ အစ္စရေးအစိုးရဟာ ကန့်သတ်ချက်တွေမထားဘဲ စီးပွားရေးတွေ ပြန်လည်စတင်ခွင့်ပေးလိုက်တဲ့အခါမှာတော့ နေ့စဉ်ကူးစက်မှုနှုန်းဟာ လျင်လျင်မြန်မြန်ပဲ တိုးလာခဲ့ပါတယ်။ ကိုဗစ် – ၁၉ ကို နှိမ်နင်းတဲ့အခါမှာ ကြုံတွေ့ရတဲ့ အတားအဆီးတွေကလည်း အများကြီးပါပဲ။

## အတားအဆီးတစ်ခု

အတားအဆီးတွေကြားထဲက အကြီးဆုံး အတားအဆီးတစ်ခုကတော့ နိုင်ငံရေးမှာ မငြိမ်မသက်တွေဖြစ်တာကြောင့်ပါပဲ။ နိုင်ငံရေးမှာ တစ်ဖက်နဲ့တစ်ဖက်ပဋိပက္ခတွေဖြစ်နေတာကြောင့် ဆုံးဖြတ်ချက်ချတဲ့အပိုင်းမှာ အနှောင့်အယှက်အဟန့်အတားတွေ ဖြစ်ကုန်ရတာပါပဲ။ တစ်နိုင်ငံလုံးအနှံ့ အသွားအလာကန့်သတ်ထားဖို့ တောင်းဆိုမှုတွေ ဖြစ်ပေါ်လာပြီး အစိုးရနဲ့ ကျန်းမာရေးအရာရှိတွေက ဒီအခြေအနေကို ရှောင်ရှားဖို့ အဆင့်တိုင်းအဆင့်တိုင်းကို လုပ်ဆောင်နေကြတယ်လို့ ပြောပါတယ်။ မတ်လအတွင်း အစ္စရေးနိုင်ငံမှာ ကိုဗစ် –၁၉ စတင်ကူးစက်စဉ်အခါက လျင်လျင်မြန်မြန်ပဲ နယ်စပ်တံခါးတွေ ပိတ်ပစ်ခဲ့ပြီး တင်းကျပ်တဲ့ အသွားအလာပိတ်ဆို့ကန့်သတ်မှုတွေ ချမှတ်ခဲ့ပါတယ်။ အဲဒီနည်းလမ်းဟာ အောင်မြင်မှုတွေ ရရှိခဲ့တဲ့အတွက် အများက ဝိုင်းဝန်းပြီး ချီးမွမ်းကြပါတယ်။

## ဖိအားတွေဖြစ်လာ

ဒါပေမယ့်လည်း စီးပွားရေးမှာ ရိုက်ခတ်မှုတွေများလာပြီး အလုပ်လက်မဲ့ပမာဏဟာလည်း အဆမတန်များပြားလာပါတယ်။ ဒါကြောင့် ကန့်သတ်ထားမှုတွေကို ဖယ်ရှားပေးဖို့ ဖိအားတွေ ဖြစ်လာရပါတယ်။ ပထမလှိုင်းရိုက်ခတ်တုန်းက ပြတ်ပြတ်သားသားပဲ ဆုံးဖြတ်ချက်ချနိုင်ခဲ့ပါတယ်။ ဒုတိယလှိုင်းရိုက်ခတ်တဲ့အခါမှာတော့ ပြည်သူတွေရဲ့ဖိအားကို အလျှော့ပေးရတယ်လို့ အစ္စရေးနိုင်ငံအရေးပေါ်အခြေအနေဆိုင်ရာဝန်ကြီး ယူဗယ် စတိန်းနစ်က ရေဒီယိုအင်တာဗျူးမှာ ပြောခဲ့ပါတယ်။

## အမြင်တွေကွဲပြား

တိုင်းပြည်အတွင်းက ကျွမ်းကျင်သူတွေရဲ့ အမြင်ဟာလည်း ကွဲပြားလို့နေတယ်။ ကိုဗစ် –၁၉ ဟာ တစ်နိုင်ငံလုံးပျံ့နှံ့နေပြီဖြစ်လို့ ဒေသတွင်းမှာ ကန့်သတ်မှုနည်းလမ်းတွေဟာ သင့်လျော်တဲ့နည်းလမ်းမဟုတ်ဘူးလို့အချို့ကယုံကြည်ကြပါတယ်။ ကူးစက်မှုအသစ်တွေဟာ အနီရောင်အဆင့် သတ်မှတ်ထားတဲ့မြို့တွေက ဖြစ်တာမို့ ကူးစက်မှုတွေဟာ နေရာအနှံ့ကို ပျံ့နှံ့နေပြီး ဗိုင်းရပ်စ်ကို အနိုင်တိုက်နိုင်ဖို့ဆိုတာ ခက်ခဲသွားပြီလို့ ထောက်ပြကြပါတယ်။ ကူးစက်မှုနှုန်းကိုဘယ်လောက်ထိလျှော့ချနိုင်မယ်ဆိုတာကိုတော့ မသိသေးဘူး။ ဒါပေမယ့် အစ္စရေးကတော့ တစ်တိုင်းပြည်လုံးအနှံ့ အသွားအလာပိတ်ဆို့ကန့်သတ်မှုအောက် ပြန်ရောက်ရမယ်လို့ ဘာအီလန် တက္ကသိုလ်က ဌာနမှူးတစ်ဦးဖြစ်သူ ဆိုင်ရယ်လီကိုဟင်က ပြောပါတယ်။

## အလေးမထားကြ

သေဆုံးမှုနှုန်းကတော့ အကြောင်းအမျိုးမျိုးကြောင့် လျော့ကျနေပါတယ်။ ဒါကြောင့်လည်း ပြည်သူတွေအနေနဲ့ စည်းကမ်းတွေလိုက်နာမှုမှာ လျော့ရိလျော့ရဲဖြစ်လာပြီး ဆိုးကျိုးတွေ သက်ရောက်လာတာပါ။ တားမြစ်ချက်တွေထုတ်ထားပေမယ့် လူစုလူဝေးပွဲတွေ ဆက်လက်ကျင်းပကြပြီး ပြည်သူအများစုဟာလည်း နှာခေါင်းစည်းတပ်ဆင်ဖို့ အလေးမထားကြပါဘူး။

## အဖြေရှာဖို့လိုအပ်

ကူးစက်မှုနှုန်းကို လျှော့ချပြီး ပြည်တွင်းမှာ ဗိုင်းရပ်စ်နဲ့လိုက်လျောညီထွေဖြစ်အောင် ဘယ်လိုမျိုးနေထိုင်ကြမလဲဆိုတာကို အဖြေရှာဖို့လိုအပ်ပြီလို့ ဟီးဘရူးတက္ကသိုလ်က ကူးစက်ရောဂါဗေဒပညာရှင်ပါမောက္ခ ဟာဂိုင်လာဗင်းက ပြောပါတယ်။ အသွားအလာပိတ်ဆို့ကန့်သတ်မှုဆိုတာက ယာယီသာလုပ်နိုင်တဲ့အရာပါပဲ။ ပြည်သူတွေရဲ့အပြုအမူတွေကို ပြုပြင်ပြောင်းလဲမှုမလုပ်နိုင်ဘူးဆိုရင် အလားတူအခြေအနေမျိုးနဲ့ထပ်ကြုံရဦးမှာပဲလို့ သူကဆက်ပြောပါတယ်။

## နောက်ထပ်စိန်ခေါ်မှုတစ်ခု

နောက်ထပ်စိန်ခေါ်မှုတစ်ခုကတော့ လူတွေကို ကပ်ရောဂါနဲ့ ပတ်သက်ပြီး စည်းရုံးသိမ်းသွင်းနိုင်မှု အားနည်းလို့ပါပဲ။ နောက်ပြီးမကိုက်ညီတဲ့ မူဝါဒတွေနဲ့ စံနမူနာပြလုပ်ဆောင်မှုတွေ မရှိတာကြောင့်လည်း စိန်ခေါ်မှုတွေ ဖြစ်ရတယ်လို့သူက ဆက်ပြောပါတယ်။ ပထမတစ်ကြိမ် အသွားအလာပိတ်ဆို့ကန့်သတ်မှုတွေ ပြုလုပ်ကတည်းက လူတွေမှာ အထိနာခဲ့ပြီးပါပြီ။ ဒီလိုအခြေအနေမျိုးမှာ တစ်နိုင်ငံလုံးအနှံ့အသွားအလာပိတ်ဆို့ကန့်သတ်မှုတွေ ပြုလုပ်ဖို့မသင့်သေးဘူးလို့ ပြည်သူတွေနားလည်အောင်ရှင်းပြပေးဖို့လည်း လိုအပ်တယ်လို့ သူက ဆက်ပြောပါတယ်။ ယုံကြည်မှုကင်းမဲ့တာကြောင့် လူတွေရဲ့ အပြုအမူ ပြောင်းလဲသွားတာမျိုးကို မတွေ့ရသေးပါဘူး။ ကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းဖို့ လုံလောက်တဲ့ ပြောင်းလဲမှုတွေ မလုပ်ရသေးပါဘူး။ ဒါတွေကို လုပ်ဖို့ဆိုရင် အခုအချိန်မှာနောက်မကျသေးပါဘူး။ ။

ကိုးကား – ဆင်ဟွာ



အစ္စရေးနိုင်ငံ မိုဒင်မြို့ စူပါမားကတ်အဝင်ဝတွင် အပူချိန်တိုင်းတာနေသည်ကို တွေ့ရစဉ်။

"အစ္စရေးနိုင်ငံဟာလည်း ကမ္ဘာပေါ်မှာ နေ့စဉ်ကူးစက်မှုနှုန်းတိုးတဲ့ နိုင်ငံတွေထဲမှာ အပါအဝင်ပါပဲ။ စက်တင်ဘာ ၆ ရက်မှာတော့ အစ္စရေး နိုင်ငံရဲ့ ကိုဗစ် – ၁၉ ထိန်းချုပ်ရေးအဖွဲ့ဟာ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ အဲဒါကတော့ ကူးစက်မှုတိုးနေတဲ့ မြို့ပေါင်း ၄၀ မှာ တညီတညွတ်တည်း ညမထွက်ရအမိန့် ထုတ်ပြန်ဖို့ပါပဲ"

---

**နိုင်ငံတကာသတင်းတိုထွာ**

### ကိုဗစ်– ၁၉ ကူးစက်ခံရသည့်ကလေးငယ်များ၏ ၈၀ ရာခိုင်နှုန်းမှာ ၎င်းတို့၏ မိဘများထံမှ ကူးစက်ခံရခြင်းဖြစ်

တိုကျို စက်တင်ဘာ ၉

ဂျပန်နိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ခံရသည့် ကလေးများ၏ ၈၀ ရာခိုင်နှုန်းမှာ ၎င်းတို့၏ မိဘများထံမှဖြစ်ကြောင်း လေ့လာတွေ့ရှိချက်အသစ်တစ်ရပ်တွင် ဖော်ပြထားသည်။

ရောဂါကူးစက်ခံရသည့် မွေးကင်းစမှ အသက် ၁၉ နှစ်အောက်အရွယ်အထိ ကလေးငယ်များကို စစ်တမ်းကောက်ယူခဲ့မှုအတွင်း နိုင်ငံတစ်ဝန်းမှ ဆေးဘက်အဖွဲ့အစည်းများက အချက်အလက်များ ပေးအပ်ကာ ပူးပေါင်းပါဝင်ခဲ့ကြသည်။

လေ့လာမှုစစ်တမ်းအရ ရောဂါကူးစက်ခံရသည့်ကလေးငယ်များ၏ ၈၅ ရာခိုင်နှုန်း သို့မဟုတ် ၂၅၃ ဦးမှာ ဆေးကုသမှုခံယူရခြင်းမရှိဘဲ ပြန်လည်ကောင်းမွန်လာခဲ့ပြီး သေဆုံးသူမရှိကြောင်းသိရသည်။ ကလေးငယ်များအနက် ၁၉၈ ဦးမှာ ၎င်းတို့၏ မိသားစုဝင်များထံမှ ကူးစက်ခံရခြင်းဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

### အစ္စရေးနှင့် ယူအေအီးတို့ စက်တင်ဘာ ၁၅ ရက်တွင် ငြိမ်းချမ်းရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးမည်

ဒမတ်စကတ် စက်တင်ဘာ ၉

အစ္စရေးနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့သည် လာမည့်ရက်သတ္တပတ်တွင် ဆက်ဆံရေးအခြေအနေ ပြန်လည်ကောင်းမွန်စေရေးအတွက် ငြိမ်းချမ်းရေးသဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း အမေရိကန် အကြီးတန်းအာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးသဘောတူညီမှုလက်မှတ်ရေးထိုးမည့်အခမ်းအနားကို လာမည့်စက်တင်ဘာ ၁၅ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး အခမ်းအနားသို့ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၊ အာရပ်စော်ဘွားများ ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးရှိတ်ခ်အဗ္ဗဒူလာဘင်ဇေယက်အယ်လ်နာယန်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အစ္စရေးနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့အကြား ဆက်ဆံရေး ပြန်လည်သင့်မြတ်စေရေးအတွက် ပြီးခဲ့သည့်လက ပြုလုပ်ခဲ့သည့် သဘောတူညီမှုတွင် အမေရိကန်က ကြားဝင်စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ခဲ့သည်။

အင်န်အိတ်ချ်ကေ

# နည်းစနစ်ကျသော လယ်ယာလုပ်ငန်းခွင်သုံး ခေတ်မီနည်းပညာ အသုံးပြု၍ စိုက်ပျိုးရေးသုတေသနများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၉**

စိုက်ပျိုးရေးသုတေသနပညာရှင်များက သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ခေတ်မီစိုက်ပျိုးနည်းပညာများကို တောင်သူများ လက်ခံကျင့်သုံးနိုင်ရေးအတွက် ရှေ့ပြေးသုတေသနများ ဆောင်ရွက်လျက်ရှိကြောင်း ရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သိရသည်။

ထိုသို့ခေတ်မီ နည်းပညာသုတေသနများ ဆောင်ရွက်ရာတွင် လိုက်ပါဆောင်ရွက်မည့် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု ရည်ရွယ်ချက်အမျိုးမျိုးနှင့် လိုက်လျောညီထွေမှုရှိရန်အတွက် နည်းပညာအနိမ့် (Low–Tech)၊ အလယ်အလတ်နည်းပညာ (Medium–Tech) နှင့် အဆင့်မြင့် နည်းပညာ (Hi–Tech) များ အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ သုတေသနလုပ်ငန်းများအနေဖြင့် နည်းပညာအနိမ့်နှင့် အလယ်အလတ်နည်းပညာများ အသုံးပြု၍ အမိုးအကာအောက်တွင် ဟင်းသီးဟင်းရွက်သီးနှံများ တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် သုတေသနဆောင်ရွက်ထားရှိခြင်း၊ အဆင့်မြင့်နည်းပညာအသုံးပြု၍ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် သီးနှံမျိုးများ မွေးမြူရွေးချယ်ခြင်း သုတေသနလုပ်ငန်းများကို Controlled Green House အတွင်း ပဲမျိုးစုံသီးနှံသုတေသနများ ဆောင်ရွက်ထားရှိခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။



ခေတ်မီနည်းပညာ အသုံးပြု၍ စိုက်ပျိုးထားသော သီးနှံပင်များကို တွေ့ရစဉ်။

နည်းပညာအနိမ့် သုတေသနတွင် အပူချိန်ထိန်းညှိနိုင်ခြင်းနှင့် ရေပေးစနစ်ထိန်းချုပ်နိုင်ခြင်း အစရှိသော နည်းပညာများဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အလယ်အလတ်နည်းပညာ သုတေသနတွင် အပူချိန်နှင့် ရေပေးစနစ်များ ထိန်းညှိပေးခြင်းများ အပါအဝင် လေထုတ်စနစ်၊ အအေးပေးစနစ်များ ပါရှိသည်။ အဆင့်မြင့်နည်းပညာ သုတေသန အသုံးပြု၍ ဆောက်လုပ်ထားသော Controlled Green House သုတေသနတွင် အပူချိန်၊ စိုထိုင်းဆ၊ အလင်းရောင်၊ နေ့၊ ည ထိန်းချုပ်မှု၊ နေ့စဉ်သော်လည်းကောင်း၊ လအလိုက်သော်လည်းကောင်း ထိန်းချုပ်မှုများ ဆောင်ရွက်နိုင်သည့် ပရိုဂရမ်နှင့် ဂရပ်ဖစ်များထားရှိကာ ဇဟိုထိန်းချုပ်မှုစနစ်များ ပါရှိသည်ဖြစ်ရာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက နည်းပညာသုတေသနများ ဆောင်ရွက်ရန် အကူအညီရယူလိုပါက စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း ၎င်းကဆက်လက်ပြောသည်။

**မေမိုးသဲ**

# ဆင်ပေါင်ဝဲမြို့နယ် မွန်းညောင်ပင်သာကျေးရွာ၌ ကွန်ကရစ်လမ်း ရာနှုန်းပြည့်ပြီးစီး

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၉**

နိုင်ငံတော်က ချမှတ်ထားသော ကိုဗစ်–၁၉ စီးပွားရေး ကုစားမှုအစီအစဉ် (CERP) အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ပေါင်ဝဲမြို့နယ် မွန်းညောင်ပင်သာ ကျေးရွာ၌ အလုပ်ပေး ငွေပေး (Cash for Work) စီမံကိန်း ထောက်ပံ့ရန်ပုံငွေဖြင့် ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။



ကွန်ကရစ်လမ်း ရာနှုန်းပြည့်ပြီးစီးမှုကို တွေ့ရစဉ်။

ဆင်ပေါင်ဝဲမြို့နယ် မွန်းညောင်ပင်သာကျေးရွာ ကျေးရွာအဝင်လမ်း အရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မထု ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို Cash for Work စီမံကိန်း ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် ဇူလိုင်လ စတုတ္ထအပတ်မှ စတင်ဆောင်ရွက်ကြောင်း၊ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းဦးက ပြောသည်။

"လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ ခွင့်ပြုငွေရဲ့ ၆၀ ရာခိုင်နှုန်းကို လုပ်အားခ ပေးချေပါတယ်။ ကျန်တဲ့ ၄၀ ရာခိုင်နှုန်းကို လုပ်ငန်းသုံး ပစ္စည်းဝယ်ယူဖို့အတွက် အသုံးပြုပါတယ်။ လုပ်ငန်းကိုတော့ ရွာသူ ရွာသားတွေကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်တာပါ။ လုပ်အားခကို ချက်ချင်းပေးချေတဲ့ စနစ်နဲ့ ရွာသူ ရွာသားတွေ မိသားစုဝင်ငွေရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်တဲ့ စနစ်မျိုးဖြစ်ပါတယ်"ဟု မြို့နယ်ဦးစီးမှူးက ဆက်လက် ပြောသည်။

ဆင်ပေါင်ဝဲမြို့နယ်အတွင်း Cash for Work စီမံကိန်းကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် မွန်းညောင်ပင်သာအပါအဝင် ထောက်မ၊ ဇောင်းတန်းလေး၊ စာရပေ(အရှေ့)၊ လယ်ကြီးကိုင်း၊ သစ်တဖွဲ၊ အင်ပင်လှ၊ ဒဂုံမှော်၊ မြောက်မီးကုန်း၊ သပြေစမ်း စသည့် ကျေးရွာ ၁၀ ရွာ တို့တွင်လည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# မူဆယ်မြို့၌ တောင်သူ ၂၁ ဦးကို ဒုတိယကြိမ် ထောက်ပံ့ငွေကျပ် ၃၂ သိန်း ပေးအပ်

**မူဆယ် စက်တင်ဘာ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကိုဗစ်–၁၉ စီးပွားရေးကုစားမှု အစီအစဉ်(CERP)အရ ဒုတိယအကြိမ် မျိုးစေ့ထုတ် တောင်သူ စုစုပေါင်း ၂၁ ဦးအား တစ်ဦးလျှင် ငွေကျပ် ခြောက်သောင်းခွဲနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၃၂ သိန်း ထောက်ပံ့ပေးအပ်ခြင်းကို စက်တင်ဘာပထမပတ်က မူဆယ်မြို့ နောင်လောင်းကျေးရွာအုပ်စု နောင်လောင်းလူငယ်ဇရပ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်နန်းလွင်လွင်စိန်က အမှာစကားပြောကြားပြီး မျိုးကွဲနုတ်ပယ်ခြင်းနှင့် မျိုးသန့်စင်ခြင်းအတွက် မျိုးစေ့ထုတ်တောင်သူများအား ဧက ၅၀ စာအတွက် ထောက်ပံ့ငွေများကို တာဝန်ရှိသူများက တောင်သူများထံ ပေးအပ်သည်။

ထို့နောက် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး၊ ခရိုင်မြေအသုံးချတာဝန်ခံ၊ ခရိုင် မျိုးစေ့တာဝန်ခံ၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံနှင့် တာဝန်ရှိသူတို့က တောင်သူများနှင့်အတူ မျိုးစေ့ထုတ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှုများကို ကြည့်ရှုစစ်ဆေးသည်။

မူဆယ်မြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကိုဗစ်– ၁၉ စီးပွားရေး ကုစားမှုအစီအစဉ်အရ မျိုးစေ့ထုတ်တောင်သူများအား ပထမကြိမ်အဖြစ် ထောက်ပံ့ငွေကျပ် ၄၁ သိန်းကျော် ထောက်ပံ့ပေးအပ်ခြင်းကို ဩဂုတ် ၂၅ ရက်က မျိုးစေ့ထုတ်တောင်သူများထံ ပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

**ဆလိုင်းဇန်ရီးထန်(ပြန်/ဆက်)**

# ဟိုပုံးမြို့ မြို့ဦးရပ်ကွက်၌ နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်

**ဟိုပုံး စက်တင်ဘာ ၉**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေး ကွင်းဆင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို စက်တင်ဘာ ၇ ရက်က ဟိုပုံးမြို့ မြို့ဦးရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

ဆက်လက်၍ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သွင်ဦးနှင့် မြို့ဦးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းဆွေတို့က ဟိုပုံးမြို့ မြို့ဦးရပ်ကွက်ရှိ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသော ပြည်သူ ၃၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်သည်။ ဆက်လက်ပြီး ကျန်ရှိနေသေးသည့် ကျေးရွာများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် မဲဆန္ဒရှင်စာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ပါရှိနိုင်ရန် ကွင်းဆင်းစိစစ်မှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေမင်းထွန်း(ဟိုပုံး)**

# အထွေထွေရွေးကောက်ပွဲကာလ မဲပေးနိုင်ရေး မှတ်ပုံတင်ပြုလုပ်သူ များပြား

**ကသာ စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်း အထွေထွေရွေးကောက်ပွဲကာလ မဲပေးနိုင်ရေး အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား လက်ဝယ်မရှိသော ပြည်သူများ နေ့စဉ်လာရောက်ပြုလုပ်သူ လူဦးရေများပြားလာလျက်ရှိသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး၊ ပျက်စီးနှင့် မှတ်ပုံတင်မရှိသေးသူ တစ်နေ့လျှင် လူဦးရေ ၅၀ ခန့်ရှိကြောင်း။ ရုံးပိတ်ရက်စနေ့နေ့တွင်လည်း မှတ်ပုံတင်ကတ်ပြားရရှိရေး လုပ်ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ နေ့စဉ်မှတ်တမ်းအရ အမျိုးသား အမျိုးသမီးပေါင်း ၈၉၂ ဦးအထိ ပြုလုပ်ပေးနိုင်ခဲ့ပြီး အသစ်လဲခြင်း၊ အိမ်ထောင်စုပုံစံပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးသိန်းနိုင်က ပြောသည်။

ကသာမြို့နယ် ဧရာဝတီမြစ်အရှေ့ဘက်ရှိ ကျေးရွာပြည်သူများ အထွေထွေရွေးကောက်ပွဲပါဝင်မဲထည့်ပေးနိုင်ရေး၊ အသက် ၁၈ နှစ်ပြည့်ပြီးသူများ မဲစာရင်းပါဝင်နိုင်ရေး လာရောက်ပြုလုပ်သူများလျက်ရှိရာ ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်ပြုလုပ်သူများ နေပူဒဏ်ကာကွယ်နိုင်ရေး အမိုးများဖြင့် နေထိုင်နိုင်အောင် ဆောင်ရွက်ပေးထားလျက်ရှိသည်။

**ငွေအိုး(ကသာ)**

# နမ့်ဆန်မြို့နယ် လမ်းဆုံလမ်းခွနေရာများ၌ နှာခေါင်းစည်းဘူးများ တပ်ဆင်လှူဒါန်း

**နမ့်ဆန် စက်တင်ဘာ ၉**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် မြို့နယ်လျှပ်စစ်ရုံး (AE) ဦးရဲဝင်းက ဦးဆောင်၍ လျှပ်စစ်ရုံးဝန်ထမ်းများက ကိုဗစ်–၁၉ ကာကွယ်ရေးအတွက် ယမန်နေ့က မြို့အဝင် လမ်းဆုံလမ်းခွနေရာများ၌ နှာခေါင်းစည်းဘူးများ တပ်ဆင်ပေးထားပြီး လိုအပ်သောပြည်သူများ အသုံးပြုနိုင်ရန် ကုသိုလ်ပြုလှူဒါန်းမှု အစီအစဉ် ပြုလုပ်သည်။

နှာခေါင်းစည်းဘူးများ တပ်ဆင်ထားသည့် နေရာများမှာ မင်္ဂလာရပ်ကွက် ပြည်သူ့ဆေးရုံရှေ့ လမ်းခွ၊ မင်္ဂလာရပ်ကွက် နယ်မြေ(၄) ဒေါ်ငွေသိမ်းထမင်းဆိုင်ရှေ့ လမ်းဆုံ၊ မိုးဂဲလ်ရပ်ကွက် ရွှေပြည်စိုး လက်ဖက် စက်ရုံလမ်းခွဲ၊ နမ္မဝေါ ရပ်ကွက် Boss လက်ဖက်ရည်ဆိုင် နမ့်ဆန်–မိုင်းငေါ့လမ်းဆုံနှင့် တပ်မတော်လက်ဖက်ခြောက် စက်ရုံလမ်းခွဲ ငါးနေရာ၌ တပ်ဆင်ပေးထားကြောင်း သိရသည်။

အဆိုပါ နှာခေါင်းစည်းဘူးတစ်လုံးထဲတွင် နှာခေါင်းစည်းအခုရေ ၅၀ ခန့် ထည့်ထားပေးပြီး ကျေးရွာမှမြို့ထဲသို့ ဈေးဝယ်လာကြသည့် ပြည်သူများ၊ လမ်းသွားလမ်းလာ ပြည်သူများ အခမဲ့ယူသုံးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားကြောင်း၊ နှာခေါင်းစည်းဘူးထဲတွင် နှာခေါင်းစည်းကုန်သွားပါက ပြန်လည်ဖြည့်ပေးထားမည် ဖြစ်ကြောင်းနှင့် နှာခေါင်းစည်းဘူးထဲကို နှာခေါင်းစည်း လှူဒါန်းလိုသော အလှူရှင်များ ရှိပါကလည်း လှူဒါန်းပေးနိုင်ကြောင်း မြို့နယ် လျှပ်စစ်ရုံးမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# သန်လျင်၌ ဆိုင်ကယ်ကယ်ရီများအား ကိုဗစ်–၁၉ ကာကွယ်ရေးပစ္စည်းများ ပေးအပ်

**သန်လျင် စက်တင်ဘာ ၉**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်း ပြေးဆွဲလျက်ရှိသော ဆိုင်ကယ်ကယ်ရီဂိတ်များကို မြို့နယ် ကိုဗစ်– ၁၉ ရောဂါကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ရောဂါပျံ့နှံ့မှုမရှိစေရေး၊ ကယ်ရီစီးခရီးသွားများ လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးတို့အတွက် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများကို ယမန်နေ့က ပေးအပ်သည်။

ဆိုင်ကယ်ကယ်ရီမောင်းနှင်သူနှင့် ခရီးသွားများ ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် လက်သန့်ဆေး၊ နှာခေါင်းစည်းများ၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများကို ပေးအပ်သည်။

သန်လျင်မြို့နယ်တွင် ကိုဗစ်–၁၉ အတည်ပြုလူနာများရှိသောကြောင့် ရောဂါပြန့်ပွားမှုမရှိစေရေး၊ ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးလုပ်ငန်းများကို မြို့နယ် ကိုဗစ်–၁၉ ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက အရှိန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ကန့်ဘလူမြို့ အမှတ်(၁)ဘက်စုံကွက်သစ်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၇၀ ရာခိုင်နှုန်းပြီးစီး

**ကန့်ဘလူ စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်(၁)ရပ်ကွက် ဘက်စုံကွက်သစ်လမ်းတွင် ပြည်သူများသွားလာမှုလွယ်ကူအဆင်ပြေစေရန်အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လမ်းအရှည်ပေ ၈၀၀၊ အကျယ် ၁၄ ပေ၊ ထု ၆ လက်မကိုလည်းကောင်း၊ ပြည်သူလူထုက ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းအရှည် ပေ ၁၀၀၊ အကျယ် ၁၄ ပေ၊ ထု ၆ လက်မ စုစုပေါင်း ကွန်ကရစ်လမ်းအရှည် ပေ ၉၀၀ ကိုလည်းကောင်း စက်တင်ဘာ ၁ ရက်က စတင်ခင်းလျက်ရှိရာ ယခုအခါ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းသည် ယခင်က ပြည်သူများသွားလာရေးအတွက် အလွန်အခက်အခဲရှိခဲ့သော လမ်းဖြစ်ပြီး ယခုလို ကွန်ကရစ်လမ်းခင်းခြင်းကြောင့် လမ်းအသုံးပြုသူပြည်သူများ ရာသီမရွေးဖြတ်သန်းသွားလာနိုင်တော့မည် ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးအောင်နိုင်ဝင်းက ပြောသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှစိုက်ပျိုးစရိတ်ချေးငွေများကို Mobile Payment စနစ်ဖြင့် ရယူလိုသော တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်အစိုးရ၏ COVID-19 စီးပွားရေးကုစားမှုအစီအစဉ် (COVID-19 Economic Relief Plan – CERP) နှင့်အညီ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အနေဖြင့် COVID-19 ကပ်ရောဂါကြောင့် တောင်သူလယ်သမားများ၏ စီးပွားရေးထိခိုက်မှုများကို အတတ်နိုင်ဆုံး ကုစားနိုင်ရေးအတွက် ချေးငွေအပေါ် အတိုးနှုန်းများ လျှော့ချပြင်ဆင်ပေးခြင်း၊ မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို အချိန်မီထုတ်ချေးပေးခြင်း၊ COVID-19 ကုစားရေး အထူး ချေးငွေထုတ်ချေးခြင်း စသည့်အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများကို သက်ဆိုင်ရာဘဏ်ခွဲများသို့ ကိုယ်တိုင်လာရောက်၍ ချေးငွေထုတ်ယူရခြင်းကို ဖြေလျှော့နိုင်ပါက မိမိတို့ နေထိုင်ရာကျေးရွာများတွင်ပင် ငွေကြေးလွှယ်ကူ လျင်မြန်စွာရရှိနိုင်စေပြီး ကုန်ကျစရိတ်သက်သာစေခြင်း၊ ဘဏ်ခွဲများတွင် လူစုလူဝေးဖြစ်မှုကို ရှောင်ရှားနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ဖော်ပြပါ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲ (၂၂) ခုတွင် စိုက်ပျိုးစရိတ်ချေးငွေများကို Mobile Payment စနစ်ဖြင့် လွှဲပို့ပေးနိုင်ရန် ကြိုတင်စမ်းသပ်ထားပြီးဖြစ်ပါသည် –

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁ | နေပြည်တော် | ပုဗ္ဗသီရိ |
| ၂ | ကရင် | လှိုင်းဘွဲ့ |
| ၃ | စစ်ကိုင်း | မုံရွာ၊ ချောင်းဦး၊ မြင်းမူ |
| ၄ | တနင်္သာရီ | မြိတ် |
| ၅ | ပဲခူး | ပဲခူး၊ ညောင်လေးပင်၊ ကျောက်တံခါး |
| ၆ | မကွေး | မကွေး |
| ၇ | မန္တလေး | မိတ္ထီလာ၊ ပုသိမ်ကြီး၊ စဉ့်ကူး၊ ကျောက်ပန်းတောင်း |
| ၈ | မွန် | သံဖြူဇရပ်၊ ကျိုက်မရော |
| ၉ | ရန်ကုန် | သန်လျင်၊ ခရမ်း |
| ၁၀ | ရှမ်း | ညောင်ရွှေ၊ လားရှိုး |
| ၁၁ | ဧရာဝတီ | ကျုံပျော်၊ အိမ်မဲ |

၃။ အဆိုပါမြို့နယ်များရှိ တောင်သူများအနေဖြင့် KBZ Pay, OK Dollar, MPT Money, Shwe Bank Pay, Ongo စသည့် Mobile စနစ်များ အသုံးပြု၍ ချေးငွေထုတ်ယူလိုပါက သက်ဆိုင်ရာဘဏ်ခွဲများသို့ ဆက်သွယ် ဆောင်ရွက်နိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေး ကြေညာအပ်ပါသည်။

၄။ ကျန်ရှိသောမြို့နယ်ဘဏ်ခွဲများ၏ ကျင့်သုံးဆောင်ရွက်နိုင်မှုကို ထပ်မံကြေညာပါမည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

## YBS ခရီးသည်တင်ယာဉ်များ တစ်ရက်လျှင် ပျမ်းမျှမော်တော်ယာဉ်စီးရေ ၃၆၀၀ နီးပါး ပြေးဆွဲပေးလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော YBS ခရီးသည်တင်ယာဉ်များအနေဖြင့် စက်တင်ဘာ ၈ ရက်တွင် YBS ပြေးဆွဲလမ်းကြောင်း ၁၂၈ လိုင်းမှ မော်တော်ယာဉ်အစီးရေ ၃၅၉၉ စီးဖြင့် ခရီးသည်ပေါင်း ရှစ်သိန်းကျော်ကို သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



YBS ယာဉ်များ၏ ဩဂုတ်လအတွင်း ခရီးသည်သယ်ယူပို့ဆောင်မှုအနေဖြင့် နေ့စဉ် ကိုးသိန်းကျော်မှ ၁၂ သိန်းအထိ သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီး၌ ဩဂုတ် ၂၁ ရက်သည် ခရီးသွားလာမှု အများဆုံးဖြစ်ခဲ့ပြီး ၁၂ သိန်းကျော် သွားလာခဲ့ကြောင်း သိရသည်။ ယင်းနောက်ပိုင်းတွင် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလာသော ကိုဗစ်-၁၉ ရောဂါပြည်တွင်းကူးစက်မှုများကြောင့် ခရီးသွားဦးရေ တဖြည်းဖြည်း ပြန်လည်ကျဆင်းလာကြောင်း သိရသည်။

"ပြည်သူလူထုအပိုင်းမှာလည်း ရောဂါရဲ့ကူးစက်မှုအပေါ် မူတည်ပြီးတော့ စိုးရိမ်ပူပန်မှုနဲ့ သွားလာမှုတွေ လျော့သွားတဲ့အနေအထားလို့ သုံးသပ်လို့ရပါတယ်"ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ဩဂုတ် ၂၁ ရက် နောက်ပိုင်းတွင် ခရီးသွားဦးရေမှာ ကိုးသိန်းကျော်အထိ ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့၏ စီမံမှုအောက်ရှိ YBS ယာဉ်လိုင်းများအနေဖြင့် ဩဂုတ်လအတွင်း အမြင့်ဆုံး ၉၆ ရာခိုင်နှုန်းအထိ ယာဉ်များ ပြန်လည်ထွက်ရှိနိုင်ခဲ့ပြီး ကူးစက်ရောဂါပြန့်ပွားမှုကြောင့် ယာဉ်ထွက်ရှိမှု ၈၆ ရာခိုင်နှုန်းအထိ ပြန်လည်ကျဆင်းခဲ့ကာ ခရီးသွားပြည်သူများအနေဖြင့် ကိုးသိန်းကျော်အထိသာ သွားလာခဲ့ကြောင်း သိရသည်။

ဩဂုတ်လအတွင်း တစ်နေ့လျှင် ပျမ်းမျှမော်တော်ယာဉ်အစီးရေ ၃၉၀၀ ကျော် ပြေးဆွဲပေးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှသိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ – လင်းညွန့်**

## စွမ်းအားမြင့်မီးဖိုဖြန့်ဖြူးခြင်း စီမံကိန်းဝင် အိမ်ထောင်စုများနှင့် တွေ့ဆုံ ဆွေးနွေး

**လွိုင်လင် စက်တင်ဘာ ၉**

စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုဌာန (Korea Climate Change Center – CCC) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံတွင် စွမ်းအားမြင့်မီးဖိုများဖြန့်ဖြူးခြင်း စီမံကိန်းကို ၂၀၁၉-၂၀၂၀



ပြည့်နှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ခုနစ်နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းဝင်အိမ်ထောင်စုများနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်တွင် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ပန်ပိုးကျေးရွာခန်းမဆောင်၌ ကျင်းပရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ကွင်းဝန်ထမ်းများ၊ကျေးရွာတာဝန်ခံများနှင့် မီးဖိုသုံးစွဲသူ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးမှူးဒေါ်နန်းစောမြက စီမံကိန်း ရည်ရွယ်ချက်များ၊ လွိုင်လင်မြို့နယ်ဦးစီးမှူးဒေါ်အေးမို့မို့ထွန်းက စွမ်းအားမြင့်မီးဖိုများသုံးစွဲခြင်းဆိုင်ရာ သိကောင်းစရာများနှင့် လိုက်လျောညီထွေဖြစ်စေမည့်စိုက်ပျိုးသီးနှံများ၊ အထွက်နှုန်း တိုးတက်ရေးဆိုင်ရာနည်းပညာများ၊ ကျေးရွာအုပ်စုတာဝန်ခံဒေါ်ပိုးမျက်သွယ်အုဏ်းခင်က မီးဖိုသုံးစွဲရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် မီးဖိုသုံးစွဲသူများက ဖြည့်စွက်ရမည့်ပုံစံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့သည် ပန်ပိုးကျေးရွာအတွင်းရှိ စီမံကိန်းဝင် အိမ်ထောင်စုများထံသို့ ကွဲအက်ပျက်စီးသည့်မီးဖိုများလဲလှယ်ပေးခြင်းနှင့်စွမ်းအားမြင့်မီးဖိုသုံးစွဲမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုံသာကျောင်းတိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တဝါယမ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)မဟာထေရ်မြတ်ကြီးသည် သက်တော် (၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါအရ ၁၃၈၂-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ (၈-၉-၂၀၂၀)၊ အင်္ဂါနေ့၊ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် (၁၀-၉-၂၀၂၀) ကြာသပတေးနေ့ မွန်းလွဲ ၁ နာရီ အချိန်တွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## နိုင်ငံတော်ဩဝါဒါစရိယရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုံသာကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝါယမ(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ရှမ်းကန်ကျေးရွာ၊ ခမည်းတော် ဦးထွန်းမြင့်၊ မယ်တော် ဒေါ်အုန်း တို့မှ ၁၂၈၇-ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်နေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၇-ခုနှစ်၊ ပထမဝါဆိုလဆန်း(၄) ရက် နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒကို ဥပဇ္ဈာယ်ပြု၍ ခရမ်းမြို့၊ စက်သူဌေး ဦးတောဖေ ဒေါ်အေးကျင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ အဆိုပါ ကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဒဿန၊ ရန်ကုန်မြို့၊ ဘုရားဖြူကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဝံသ၊ မန္တလေးမြို့၊ ချမ်းသာကြီးကျောင်းတိုက်၊ ရတနာမဋ္ဌုကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒမဋ္ဌု ဘုရားကြီးကျောင်းတိုက်၊ သာသနာဇောတိကာရုံအုဌ် ကျောင်းဆရာတော် ဘဒ္ဒန္တနာရဒ၊ မိုးကောင်းကျောင်းတိုက်စာချဆရာတော် ဘဒ္ဒန္တ ဉာဏဝံသတို့ထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး သာသနာ့ဓဇသိရီပဝရဓမ္မာစရိယဘွဲ့ကို ရရှိခဲ့ပါသည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခြင်း၊ ရန်ကုန်မြို့၊ ဘုရားဖြူကျောင်း ဝိနယာနုဂ္ဂဟစာမေးပွဲကြီး၏ နာယက၊ ပထမပြန်နှင့်ဓမ္မာစရိယစာမေးပွဲ ကြီးကြပ်ရေးဆရာတော်အဖြစ် ဆောင်ရွက်တော်မူခြင်း၊ တမီးလ်လူမျိုးများကို နှစ်စဉ်ဒုလ္လဘရဟန်းခံပေးခြင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ စက်ကုန်းမြို့၊ ဘုန်းတော်ကြီးကျောင်းတွင် ကျပ် ၄၀၅သိန်းအကုန်ကျခံ၍ စေတီပုထိုးများ တည်ထားပေးခြင်း၊ သာသနိကအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခြင်း စသော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော အများပြည်သူရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမကဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း၊ သီလ၊ သမာဓိ၊ ပညာ(၃)ပါးတို့ဖြင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ၂၀၁၃-ခုနှစ်တွင် **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက** ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါအရ ၁၃၈၂-ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၆)ရက်၊ (၈-၉-၂၀၂၀)အင်္ဂါနေ့ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ဘဝနတ် ထံပျံလွန်တော်မူကြောင်းနှင့် (၁၀-၉-၂၀၂၀)ကြာသပတေးနေ့၊ မွန်းလွဲ ၁ နာရီအချိန်တွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

# ထီးချိုင့်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွားလမ်း၌ ယာဉ်တစ်စီးတိမ်းမှောက်၍ တစ်ဦးသေဆုံး

**ထီးချိုင့် စက်တင်ဘာ ၉**

ထီးချိုင့်မြို့နယ်အနောက်မြောက်ဘက် ၃၁ မိုင်ခန့်အကွာ ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းမပေါ်ရှိ ဒိုးပင်တောင်အဆင်း၌ ကြက်သွန်အိတ်များ တင်ဆောင်လာသော ဒိုင်နာယာဉ် တစ်စီးတိမ်းမှောက်၍ လူတစ်ဦး သေဆုံးကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

စက်တင်ဘာ ၉ ရက် နံနက် ၁ နာရီခွဲခန့်က ရွှေဘိုမြို့မှ မိုးညှင်းမြို့သို့ ပို့ရန် ကြက်သွန်နီပိဿာ ၃၀၀၀ တင်ဆောင်လာပြီး ယာဉ်မောင်းသူရထွန်း (ခ) ဖိုးသား မောင်းနှင်လာသည့် ဒိုင်နာယာဉ်သည် မိုင်တိုင်အမှတ် ၁၁၃-၁၁၄ ကြား နေပူတောင် (ဒိုးပင်တောင်) အဆင်း၌ ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ခြင်း ဖြစ်သည်။



ယင်းဖြစ်စဉ်ကြောင့် ရွှေဘိုမြို့ အမှတ် ၄ ရပ်ကွက်နေသူ ယာဉ်မောင်းသူရထွန်း (ခ)ဖိုးသား (၃၁)နှစ်တွင် ဒဏ်ရာများရရှိသဖြင့် အင်းတော်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားပြီး သေဆုံးသူ ဦးအေး (၅၅)နှစ်နှင့် ဒဏ်ရာရရှိသူ စိုးလင်း (၃၈)နှစ်တို့အား ထီးချိုင့်မြို့နယ် အလယ်တောတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ထားကာ ဖြစ်စဉ်နှင့်ပတ်သက်၍ ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

# ချမ်းမြသာစည်၊ ကွတ်ခိုင်နှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီက ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက် ၆၂ လမ်း ၁၀၃ လမ်းထောင့်တွင် ငြိမ်းချမ်းအောင်(ခ) မင်းပြည့်စုံအောင် မောင်းနှင်ပြီး ကျော်ဇောထက်ဝေ (ခ) သားကြီး လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၇၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့နံနက် ၁၁ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့နယ် နမ့်ဖက်ကာကျေးရွာ အုပ်စု မန်မောကျေးရွာနေ အိုက်ပီး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ ဘိန်းဖြူ ၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀၀ နှင့် ဘိန်းစိမ်း ၁ ကီလိုတို့ကိုလည်းကောင်း။



အိုက်ပီးအား ဖမ်းဆီးရမိသည့်မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ယင်းနေ့ မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် ဝမ်မိုင်လမ်းဟောင်း ဂေါက်ကွင်းအနီးတွင် ဆိုက်ကား မောင်းနှင်လာသည့် Vigo မော်တော်ယာဉ်နှင့် ၎င်းယာဉ်နောက်မှ အိုက်ကား မောင်းနှင်လာသည့် ကရောင်းယာဉ်တို့အား ရပ်တန့်ရှာဖွေရာ ကရောင်းမော်တော်ယာဉ်အတွင်း ကက်တမင်း ၃ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



○ ကျောဖုံးမှ

သွင်းယူနိုင်ခဲ့သောကြောင့် နိုင်ငံတကာသွင်းဂိုး ၁၀၁ ဂိုးအထိ ရှိလာခဲ့ပြီး ဒုတိယမြောက် နိုင်ငံတကာသွင်းဂိုး အများဆုံးသွင်းယူထားသူဖြစ်လာခဲ့သည်။ နိုင်ငံတကာသွင်းဂိုးအများဆုံးသွင်းယူထားသူအဖြစ် အီရန်၏ အလီဒါယီက ၁၀၉ ဂိုးဖြင့် စံချိန်တင်ထားသည်။ ၎င်းသည် ကစားသမားဘဝတွင် ၁၉၉၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အီရန်အသင်းတွင် ကစားခဲ့ပြီး ပွဲ ၁၄၉ ပွဲတွင် ၁၀၉ ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ စီရော်နယ်ဒိုက ၁၀၁ ဂိုးသွင်းယူနိုင်ခဲ့ရာတွင် ပွဲ ၁၆၅ ပွဲ ပါဝင်ကစားထားကြောင်း မှတ်တမ်းများအရ သိရသည်။ စီရော်နယ်ဒိုအနေဖြင့် အဆိုပါ ကစားသမား၏ စံချိန်ကို လိုက်မီရန် ဂိုးအနည်းငယ်သာ လိုအပ်တော့သည်။

လက်ရှိအချိန်အထိ ကစားလျက်ရှိသော ကစားသမားများအနက် နိုင်ငံအသင်းအတွက် ဂိုးအများဆုံးသွင်းယူထားသူများအဖြစ် အိန္ဒိယအသင်းမှ ဆူနေးလ်ချဟီထရီက ၇၂ ဂိုးသွင်းယူထားပြီး အာဂျင်တီးနားအသင်းမှ လီယွန်နယ်မက်ဆီက ဂိုး ၇၀ သွင်းယူထားသည်။

ပေါ်တူဂီအသင်းသည် နေးရှင်းလိဂ်၏ လက်ရှိချန်ပီယံအသင်းဖြစ်ပြီး ယခုနှစ်တွင် ယှဉ်ပြိုင်ကစားသည့် နေးရှင်းလိဂ် အဖွင့်နှစ်ပွဲစလုံးကို အနိုင်ရရှိထားသည်။ ၎င်းနှင့်တစ်အုပ်စုတည်းကျရောက်နေသော နာမည်ကြီးပြင်သစ်အသင်းကလည်း အဖွင့်ပွဲနှစ်ပွဲစလုံး အနိုင်ရရှိထားသည်။ သို့သော်လည်း အမှတ်ပေးဇယားကို ဂိုးကွာခြားချက်အသာဖြင့် ပေါ်တူဂီအသင်း က ဦးဆောင်ထားနိုင်သည်။ ပေါ်တူဂီ၊ ပြင်သစ်၊ ဆွီဒင်နှင့် ခရိုအေးရှားအသင်းတို့သည် နေးရှင်းလိဂ်ပြိုင်ပွဲ၌ လိဂ် (A) ၏ အုပ်စု (၃) တွင် ကျရောက်နေပြီး ဆွီဒင်နှင့် ခရိုအေးရှားအသင်းတို့အနေဖြင့် နှစ်ပွဲကစားပြီးရာတွင် နှစ်ပွဲစလုံးရှုံးနိမ့်ထားသည့်အတွက် အမှတ်မရရှိသေးပေ။

အချက်အလက်များအရ စီရော်နယ်ဒို၏ နိုင်ငံတကာသွင်းဂိုး ၁၀၁ ဂိုးတွင် ညာခြေဖြင့် ၅၄ ဂိုး၊ ဘယ်ခြေဖြင့် ၂၂ ဂိုးနှင့် ဦးခေါင်းဖြင့် ၂၅ ဂိုးသွင်းယူထားနိုင်ကြောင်း သိရသည်။ စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်းနှင့် ၂၀၁၆ ခုနှစ်တွင် ယူအီးအက်ဖ်အေ ဥရောပချန်ပီယံဖလားကို ဆွတ်ခူးရရှိထားသည်။ ထို့အပြင် ၂၀၁၈-၁၉ ခုနှစ်တွင်လည်း ပေါ်တူဂီအသင်းနှင့်အတူ ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ဖလားကို ဆွတ်ခူးရရှိထားသူဖြစ်သည်။ စီရော်နယ်ဒိုသည် ပြီးခဲ့သည့် ဘောလုံးရာသီ ဂျူဗင်တပ်စ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၄၆ ပွဲတွင် ၃၇ ဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းနှင့်လည်း အောင်မြင်မှုသရဖူ စိုက်ထူထားနိုင်သူဖြစ်သည်။

၎င်း၏ ပေါ်တူဂီအသင်းသည် လာမည့်နေးရှင်းလိဂ်ပြိုင်ပွဲအဖြစ် အောက်တိုဘာ ၁၂ ရက်၊ ၁၅ ရက်တို့တွင် ပြင်သစ်၊ ဆွီဒင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**အောင်ဇော်**

# ဘားအံမြို့နယ်၌ ခိုးမှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၉**

ကရင်ပြည်နယ် ဘားအံမြို့နယ် (၅)ရပ်ကွက်နေ ဒေါ်ခိုင်ခိုင်ရွှေစီသည် မဲဘောင်ကျေးရွာရှိ အထူးကုဆေးရုံ အခန်းအမှတ်(၁၀၅)တွင် စက်တင်ဘာ ၃ ရက် နံနက် ၅ နာရီ ၅၅ မိနစ်က အိပ်ရာမှနိုးလာစဉ် ၎င်း၏ရွှေထည်ပစ္စည်းများ ထည့်ထားသည့်အိတ်သည် အခန်းအပြင်သို့ ရောက်ရှိနေသဖြင့် စစ်ဆေးရာ ရွှေထည်ပစ္စည်းနှင့် ငွေစက္ကူကျပ် ၃၇၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၆၀၇၀၀၀၀ ပျောက်ဆုံးနေသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ စက်မှုနယ်မြေရဲစခန်းက အမှုရေးဖွင့်ခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် စက်မှုနယ်မြေရဲစခန်းမှူးနှင့် ပူးပေါင်းအဖွဲ့က CCTV မှတ်တမ်းများအရ စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူ ရန်ကုန်မြို့ ကျိုက္ကဆံရပ်ကွက်နေ ဇော်ဝင်းထိုက်(ခ) ကြည်ခိုင်(၄၇)နှစ်အား ပဲခူးမြို့၌ သက်သေခံပစ္စည်းများနှင့်အတူ ရက်ပိုင်းအတွင်း ဖမ်းဆီးရမိကြောင်း သိရသည်။ **ရဲပြန်ကြား**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးခဲ့ရာ စက်တင်ဘာ ၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၄၄ စီး၊ သွင်းကုန် ၄၀၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၇၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၇၅ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၂၂၅ သန်း စုစုပေါင်း တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၈၀၀ သန်း ဖမ်းဆီးရမိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့သည် လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်၌ ရှောင်တခင်လှည့်လည်စစ်ဆေးနေစဉ် ပိန်းဆာရွာကျေးရွာအထွက် ရေပူရှောင်ကွင်းလမ်းအတွင်းရှိ ချုံပုတ်တွင် စုပုံထားသော ပိတောက်ခွဲသား ၂၁ ချောင်း (၀ ဒသမ ၅၂၅ တန်) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၇၅ သန်း ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ချန်ပီယံမျှော်လင့်ချက်အတွက် ဇယားထိပ်ပိုင်းမှအသင်းများ အမှတ်ရှာမည့် MNL ပွဲစဉ် (၁၅)

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၅) ကို စက်တင်ဘာ ၁၁၊ ၁၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဇယားထိပ်ပိုင်းမှ အသင်းများချန်ပီယံမျှော်လင့်ချက်အတွက် အမှတ်ရှာရမည့် ရက်သတ္တပတ်လည်းဖြစ်သည်။

ယခုတစ်ပတ်ကစားမည့်ပွဲများတွင် ဇယားထိပ်ပိုင်းမှ အသင်းများ ထိပ်တိုက်တွေ့ဆုံခြင်းမရှိဘဲ ဇယားအောက်ပိုင်းမှ အသင်းများနှင့်သာ ကစားရမည်ဖြစ်သောကြောင့် အမှတ်ပြည့်ရှာဖွေရမည့်ပွဲများလည်းဖြစ်သည်။ ပွဲစဉ် (၁၅) အဖြစ် စက်တင်ဘာ ၁၁ ရက်တွင် သုဝဏ္ဏကွင်း၌ စစ်ကိုင်းအသင်းနှင့် ဟံသာဝတီအသင်း၊ ပဒုမ္မာကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် မကွေး အသင်း၊ YUSC ကွင်း၌ ရတနာပုံအသင်းနှင့် ရခိုင်အသင်း၊ စက်တင်ဘာ ၁၂ ရက် တွင် သုဝဏ္ဏကွင်း၌ ရန်ကုန်အသင်းနှင့် Southern အသင်း၊ YUSC ကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရောဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ် (၁၄) အပြီးတွင် ဟံသာဝတီနှင့် ရောဝတီအသင်းတို့ ရမှတ် ၃၀ စီ ရထားပြီး ဂိုးကွာခြားချက်တွင်လည်း (+၂၀) စီ တူညီနေသော်လည်း ဟံသာဝတီအသင်းက သွင်းဂိုးသာသဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိသည်။ ယင်း နှစ်သင်း၏ နောက်တွင် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းက ၂၆ မှတ်စီ၊ ရခိုင်အသင်းက ၁၇ မှတ်၊ ရတနာပုံနှင့်စစ်ကိုင်းအသင်းက ၁၀ မှတ်စီ၊အား/ကာသိပ္ပံအသင်းက ရှစ်မှတ်၊ မကွေးအသင်းက ခုနစ်မှတ်၊ Southern အသင်းက လေးမှတ်ရရှိထားသည်။

ပွဲစဉ် (၁၅) အပြီး အနေအထားအရ ချန်ပီယံဆုအတွက် လေးသင်းအပြိုင်ဖြစ်နေပြီး လက်ကျန်ပွဲများမှာ အရေးပါလာမည်ဖြစ်သည်။ ဇယားထိပ်ပိုင်းမှ အသင်းများသည် ပြိုင်ပွဲပြီးဆုံးခါနီးတွင် ထိပ်တိုက်တွေ့ဆုံမှုများရှိနေရာ ထိပ်တိုက်မတွေ့ဆုံမီ အမှတ်ပြည့်ရယူထားရမည်ဖြစ်သည်။ အဓိက ကစားသမားသုံးဦး ပွဲပယ်ခံထားရသည့် ရောဝတီအသင်းသည် ကစားပုံမာကျောသည့် အား/ကာ သိပ္ပံနှင့်ပွဲတွင် ရုန်းကန်ရနိုင်ပြီး ထိပ်ဆုံးမှ ဟံသာဝတီအသင်းမှာလည်း စစ်ကိုင်းနှင့်ပွဲတွင် နိုင်ပွဲပြန်ရရန် ကြိုးပမ်းရမည်ဖြစ်သည်။ လေးမှတ် အကွာဖြင့် ဖိအားပေးနေသည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ပွဲများကိုလည်းစောင့်ကြည့်ရမည်ဖြစ်ပြီး လေးသင်းစလုံး အနိုင်ရခဲ့ပါက လာမည့် ပွဲများမှာ ပိုမိုစိတ်ဝင်စားဖွယ်ရှိလာမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

TMR 004815(0320) / (အဆေး)TMR 000394(0320)
RE GD.
ဝမ်းပြည့်ပြည့်နဲ့ အိပ်ယာဝင်ချင်ရင် ကြမ်းရှက်ပုံ ဆေးကောင်း
မြန်မာ့တိုင်းရင်း ဆေးဖက်ဝင် စစ်မှန်သော ပရဆေး ပစ္စည်းများဖြင့်
ဖော်စပ်ထားသောကြောင့် အုံ့ဩလောက် အောင်အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

များနားကိုက်ခဲ တုပ်ကွေးပျောက်လို့ နာမည်ကျော်
ဆေးစွမ်းထက်လို့နာမည်ကျော် ပြည်သူ့ကျန်းမာရေးအကျိုးမျှော်
စိန်ဘယက် ငန်းနီကျော်
အမျိုးသမီးများသွေးသားနှင့်ပတ်သက်၍ ကိုက်ခဲခြင်းကင်းပြီး သွေးသားစိုပြည် လှပစေပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ဗိုလ်ထွန်းဇံ)၊ မြေကွက်အမှတ် (ခ/၁၈)၊ ဧရိယာ (၂၅'x၅၀')=(၁၂၅၀)စတုရန်းပေ=(၀ ဒသမ ၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်(ခ/၇၃)၊ ဗိုလ်တေဇလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးအောင်သိန်း ၁၂/ဒပန(နိုင်)၀၂၆၆၉၃ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်သိန်း(ဖခင်)နှင့် ဒေါ်သန်းစိန်(မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးတင်ဝင်း ၁၂/ဒပန(နိုင်)၀၂၅၇၆၀၊ ဦးတင်ဆင့် ၁၂/ဒပန(နိုင်)၀၂၅၉၂၃၊ ဒေါ်သင်းကြည် ၁၂/ဒပန(နိုင်)၀၂၆၆၉၆ တို့ထံမှ GP ၂၅၁၁/၂၀၂၀ (၁၄-၂-၂၀၂၀)၊ ၂၅၁၂/၂၀၂၀ (၁၄-၂-၂၀၂၀)ဖြင့်ရရှိသူ GP ဒေါ်အိအိသော် ၁၄/ဒဒရ(နိုင်)၀၉၀၃၃၅ မှ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ နှစ် (၆၀)ဂရန်မူရင်း၊ သေစာရင်းများ၊ GP ၂၅၁၁/၂၀၂၀(၁၄-၂-၂၀၂၀)၊ ၂၅၁၂/၂၀၂၀(၁၄-၂-၂၀၂၀)တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ၂/ရပ်ကွက်၊ ယုဇန (၃)လမ်း၊ အမှတ် (၁၆၈)တွင် နေထိုင်သူ ဒေါ်ရင်ရင်အေး ၁၂/ဥကမ(နိုင်)၂၁၈၄၁၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရင်ရင်အေးမှ ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊ ၂/ရပ်ကွက်၊ သုမာလာလမ်းမ၊ မြေကွက်အမှတ် (၆၀၆)ဟု ခေါ်တွင်သော ဧရိယာ (၂၅'.၈"x၆၀')ရှိ မြေကွက်နှင့်နေအိမ်သုံးလျှပ်စစ်မီတာ၊ စည်ပင်ရေပိုက်လိုင်း၊ အဝီစီရေတွင်းအပါအဝင် ဆက်စပ်စာရွက်စာတမ်းများနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ကြူကြူ ၁၂/ဥကမ(နိုင်)၀၄၅၁၄၅ မှ တရားဝင်ပိုင်ဆိုင်လာပြီး လိုအပ်သလို စီမံရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် အဆိုပြုကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန် လက်ခံသဘောတူညီခဲ့ပြီး ၈-၉-၂၀၂၀ရက်တွင် ယင်းမြေကွက်၏ ရောင်းဖိုးငွေအနက်မှ အာမခံစရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေ၍ စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ -** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်ရင်ရင်အေး** | **ဦးကိုကိုအောင်(တရားလွှတ်တော်ရှေ့နေ)** |
| **၁၂/ဥကမ(နိုင်)၂၁၈၄၁၀** | **LL.B,D.B.L,D.I.L,WIPO(Switzerland)** |
| | **အမှတ်(၅၂၅)၊အာသာဝတီလမ်းမ၊(၂)ရပ်ကွက်၊** |
| | **မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး** |
| | **ဖုန်း-၀၉-၅၆၆၁၂၀၂၊၀၉-၉၇၅၆၆၁၂၀၂၊** |
| | **၀၉-၇၉၅၆၆၁၂၀၂** |

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၂/၁၃)၊ မြေကွက်အမှတ်(၄၈၈-G)၊ မြေဧရိယာ ၆ ဒသမ ၆၁၄ ဧက အနက်မှ တရားဝင်ခွဲစိတ်ထားသောမြေကွက်အမှတ်(၄၈၈-G-၇)၊ အကျယ်အဝန်း (အလျားပေ ၅၀xအနံပေ ၁၁၀)ရှိ နှစ်(၆၀)ဂရန် ဦးစိုးမြင့် ၁၂/ဗတထ(နိုင်)၀၂၃၅၄၉ အမည်ဖြင့် အမည်ပေါက်ထားပြီး ၎င်းထံမှ ဦးဝင်းဦး(ဘ)ဦးကျော်ဝင်း ၁၂/သကတ(နိုင်)၁၂၈၉၉၆ က စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားပြီး ရောင်းချခွင့်ရှိကြောင်း အခိုင်အမာဝန်ခံကတိပြုသူ ဦးဝင်းဦးထံမှ ကျွန်မ မသီ ၁၂/ပဘတ(နိုင်)၀၁၅၂၅၂ က ဝယ်ယူရန် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူ တစ်ဦးတစ်ယောက်အနေဖြင့် အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် ပစ္စည်းနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအထောက်အထားများရှိပါက ယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်တော်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုသို့မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မသီ ၁၂/ပဘတ(နိုင်)၀၁၅၂၅၂**
**အမှတ်(၁၀၅)၊ ရွှေဘုံသာလမ်းအောက်လမ်း၊**
**(၃)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊**
**ဖုန်း-၀၉-၅၀၀၂၈၁၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၉)ရပ်ကွက်၊ ဗိုလ်စောအောင်လမ်း၊ မြေကွက်အမှတ်(၆၅၄)နေ (ဘ)ဦးစံရွှေ၏သား ဦးသန်းဌေး V/RGN -003632 ၁၂/ဒဂန(နိုင်)၀၁၁၅၇၆ က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ ၇-၇-၁၉၉၉ ရက်စွဲဖြင့် ၎င်းအမည်ဖြင့် ဂရန်အမည်ပေါက် ရရှိထားသော အထက်ဖော်ပြပါနေရပ်လိပ်စာရှိ မြေအကျယ်အဝန်း အလျား ၄၀ပေxအနံ ၆၀ပေ ကို လက်ရောက်ပြန်လည် ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာသည့်အတွက် ဦးထွန်းထွန်းဝင်း ၁၂/လမတ(နိုင်)၀၂၅၈၈၆ က ၆-၅-၂၀၀၆ ရက်တွင် နှစ်ဦးသဘောတူ မြေကွက်လက်ရောက် အရောင်းအဝယ်ငွေပေးငွေယူ ကတိစာချုပ်ချုပ်ဆို၍ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး အဆောက်အအုံဆောက်လုပ်နေထိုင်လျက်ရှိပါသည်။ ယခုအခါ အထက်ဖော်ပြပါမြေကွက်အကျယ်အဝန်းအား လက်ရောက်ဝယ်ယူနေထိုင်သူ၏ ဂရန်အမည်ပြောင်း လျှောက်ထားမည်ဖြစ်သည့်အတွက် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤသတင်းစာတွင် ကြေညာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်သတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေဘောင်အတွင်းမှ ဝယ်သူ၏ ဂရန်အမည်ပေါက်ရရှိသည်အထိ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းထွန်းဝင်း ၁၂/လမတ(နိုင်)၀၂၅၈၈၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ကြီး**
**B.A Eco, DA, RL,DBL,DML,DIL,DIPL,MA (Business Law $P_1$), DL $_{101}$ WIPO (Switzerland)**
**(တရားလွှတ်တော်ရှေ့နေ-စဉ်-၁၄၄၇၁)**
**(၄၈၇)၊ဒူးယား(၄)လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၈၀၁၉၆၉၇၊ ၀၉-၇၉၆၂၇၉၂၆၆**

**မိဘအမည်မှန်**

ကျိုက်မရောမြို့နယ်၊ အလက-ဖားပျောက်၊ ဆဋ္ဌမတန်း(သင်ရိုးသစ်)အောင်မှ မောင်ခိုင်မျိုးလင်း၏ မိဘအမည်မှန်မှာ ဦးမသန်းနှင့် ဒေါ်သန်းအေး ဖြစ်ပါကြောင်း။ **ဦးမသန်း-ဒေါ်သန်းအေး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၂/၁၃)၊ မြေကွက်အမှတ်(၄၈၈-G)၊ မြေဧရိယာ ၆ ဒသမ ၆၁၄ ဧကအနက်မှ တရားဝင် ခွဲစိတ်ထားသောမြေကွက်အမှတ်(၄၈၈-G-၆)၊ အကျယ်အဝန်း (အလျားပေ ၅၀xအနံပေ ၁၁၀)ရှိ နှစ်(၆၀)ဂရန် ဦးစိုးမြင့် ၁၂/ဗတထ(နိုင်)၀၂၃၅၄၉ အမည်ဖြင့် အမည်ပေါက်ထားပြီး ၎င်းထံမှ ဦးဝင်းဦး(ဘ)ဦးကျော်ဝင်း ၁၂/သကတ(နိုင်)၁၂၈၉၉၆ က စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားပြီး ရောင်းချခွင့်ရှိကြောင်း အခိုင်အမာဝန်ခံကတိပြုသူ ဦးဝင်းဦးထံမှ ကျွန်တော် ဦးဂန်နေဆာ ၁၂/ဖပန(ဧည့်)၀၀၀၁၅၄ က ဝယ်ယူရန် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူ တစ်ဦးတစ်ယောက်အနေဖြင့် အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် ပစ္စည်းနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများရှိပါက ယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်တော်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုသို့မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဂန်နေဆာ ၁၂/ဖပန(ဧည့်)၀၀၀၁၅၄**
**အမှတ်(၁၀၄)၊ ရွှေဘုံသာလမ်း၊ အောက်လမ်း၊ (၆)ရပ်ကွက်၊**
**ပန်းဘဲတန်းမြို့နယ်၊**
**ဖုန်း-၀၉-၅၀၀၂၈၁၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၂/၁၃)၊ မြေကွက်အမှတ်(၄၈၈-G)၊ မြေဧရိယာ ၆ ဒသမ ၆၁၄ ဧက အနက်မှ တရားဝင်ခွဲစိတ်ထားသောမြေကွက်အမှတ်(၄၈၈-G-၂)၊ အကျယ်အဝန်း (အလျားပေ ၅၀xအနံပေ ၁၁၀)ရှိ နှစ်(၆၀)ဂရန် ဦးစိုးမြင့် ၁၂/ဗတထ(နိုင်)၀၂၃၅၄၉ အမည်ဖြင့် အမည်ပေါက်ထားပြီး ၎င်းထံမှ ဦးဝင်းဦး(ဘ)ဦးကျော်ဝင်း ၁၂/သကတ(နိုင်)၁၂၈၉၉၆ က စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားပြီး ရောင်းချခွင့်ရှိကြောင်း အခိုင်အမာဝန်ခံကတိပြုသူ ဦးဝင်းဦးထံမှ ကျွန်တော် ဦးကျော်မင်းထွန်း ၁၂/အစန(နိုင်) ၁၉၁၀၄၈ က ဝယ်ယူရန် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူ တစ်ဦးတစ်ယောက်အနေဖြင့် အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် ပစ္စည်းနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများရှိပါက ယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်တော်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုသို့မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မင်းထွန်း ၁၂/အစန(နိုင်)၁၉၁၀၄၈**
**အမှတ်(၅၁၈)၊ ၅ လမ်းထောင့်၊**
**ကြို့ကုန်းအရှေ့၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၅၀၁၄၃၆၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၂/၁၃)၊ မြေကွက်အမှတ်(၄၈၈-G)၊ မြေဧရိယာ ၆ ဒသမ ၆၁၄ ဧကအနက်မှ တရားဝင်ခွဲစိတ်ထားသောမြေကွက်အမှတ်(၄၈၈-G-၃)၊ အကျယ်အဝန်း (အလျားပေ ၅၀xအနံပေ ၁၁၀)ရှိ နှစ်(၆၀)ဂရန် ဦးစိုးမြင့် ၁၂/ဗတထ(နိုင်)၀၂၃၅၄၉ အမည်ဖြင့် အမည်ပေါက်ထားပြီး ၎င်းထံမှ ဦးဝင်းဦး(ဘ)ဦးကျော်ဝင်း ၁၂/သကတ(နိုင်)၁၂၈၉၉၆ က စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားပြီး ရောင်းချခွင့်ရှိကြောင်း အခိုင်အမာဝန်ခံကတိပြုသူ ဦးဝင်းဦးထံမှ ကျွန်တော် ဦးဇော်ထွန်းအောင် ၁၂/အစန(နိုင်)၁၉၀၆၁၅ က ဝယ်ယူရန် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူ တစ်ဦးတစ်ယောက်အနေဖြင့် အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် ပစ္စည်းနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအထောက်အထားများရှိပါက ယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်တော်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုသို့မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ထွန်းအောင် ၁၂/အစန(နိုင်)၁၉၀၆၁၅**
**အမှတ်(၅၁၈)၊ ၅ လမ်းထောင့်၊**
**ကြို့ကုန်းအရှေ့၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၅၁၃၇၅၉၂**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9H/7400 Forland Dump Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးလွင်ဖြိုးအောင် ၇/တငန(နိုင်)၁၄၀၂၈၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ၊ ရွာသာကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၆၂၉၁ ယာဉ်လက်ဝယ်ရှိသူ ဦးညီလင်းထွန်း ၁၀/ဘလန(နိုင်)၁၅၂၀၃၁ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

**မွေးသက္ကရာဇ်အမှန်**

ကျုံပျော်မြို့နယ်၊ တေဇရပ်ကွက်၊ ပိတောက်ရွှေဝါလမ်းနေ ဦးမြတင်၏သမီး ဒေါ်အေးဝင်းခိုင် ၁၄/ကပန(နိုင်)၀၁၀၃၇၆ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၁၁-၁၉၆၇ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၆၉၁၄၄ ယာဉ်အမည်ပေါက်သူ KHWAR NYO Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မအူပင်)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/1527 TOYOTA KLUGER ACU 20 STATION WAGON (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နေခြည်ဝင်း ၅/မရန(နိုင်)၁၇၁၂၅၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/1375 TOYOTA VITZ SCP 90 HATCH BACK (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းကျော် ၁၂/ဒဂမ(နိုင်)၀၁၉၈၃၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၁၇၆၁)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်ရီရီလွင် အမည်ပေါက် ပါမစ်မြေကွက်အား ဦးနိုင်ဝင်းထွန်း (ဘ)ဦးကိုကြီး ၉/မခန(နိုင်)၁၅၂၆၆၂ မှ မြေပေးမိန့်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ ဒက္ခိဏခရိုင် တရားရုံးကျမ်းကျိန်လွှာအမှတ်(၂၁၂၇/၂၀၂၀)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၅၂၆)၊ ဧရိယာ ၀ဒသမ၀၈၂ ဧကရှိ ဦးဝေဖြိုး အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်သီဂီဝင်း (ဘ)ဦးထွန်းစိန် ၁၂/ရကန(နိုင်)၀၅၉၄၀၇ မှ မြေပေးမိန့်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ စည်ပင်သာယာတရားရုံးကျမ်းကျိန်လွှာအမှတ် (၁၅၇၉/၂၀၂၀)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧက၊မြေကွက်အမှတ်(ဒ-၃၀၇၃၀)၊ ဗိုလ်မှူးမိုးဆန်းဝင်း(ငြိမ်း)(ဘ)ဦးတင်အေး ၁၀/ကထန(နိုင်)၀၈၄၃၁၉ အမည်ပေါက် (ပါမစ်) မြေကွက်ကို ဒေါ်မိုးမြင့်နွယ်(ဘ)ဦးခင်မောင်မြင့် ၉/မရတ(နိုင်)၀၀၀၁၆၈ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆၁ယ/၃၃၇၉ Honda Wave 100 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်စိုး ၁၀/မလမ(နိုင်)၁၃၈၂၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၁၆၆၇ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6P/1257 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/8751 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆၉ယ/၃၆၅၆ Honda Click 125 i ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းနှင်းအေး ၁၀/မလမ(နိုင်)၁၄၀၅၂၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## မွေးသက္ကရာဇ်အမှန်

ဦးကြူလွင်၏သမီး မြိတ်မြို့၊ မြိတ်ခရိုင် စာရင်းစစ်ရုံးမှ လက်ထောက်စာရင်းစစ်မှူး ဒေါ်သီသီလွင်၏ မွေးသက္ကရာဇ်အမှန်မှာ ဝန်ထမ်းကတ်အရ ၁၁-၆-၁၉၈၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ရေဖြူကျေးရွာနေ အထက(ရေဖြူ)မှ ဒုတိယတန်းအောင် မောင်ဖွဲ့ထက်မြတ်၏ ဖခင်ဦးနေယံထွေး၏ အမည်မှန်မှာ ဦးတင်နီ ၆/လလန(နိုင်)၀၈၂၀၂၈ ဖြစ်ပါကြောင်း။ **ဦးတင်နီ**

## အမည်ပြောင်း

ကျွန်းစုမြို့နယ်၊ အမှတ် (၅၆) စစ်ရေယာဉ်စခန်းစု/ ကမ်းခြေစောင့်တပ်ရေယာဉ်(၄၂၄)မှ ဦးအောင်ကျော်ထွန်း၏သား ကိုယ်ပိုင်အမှတ်-၄၁၁၆၈ တပ်သား မောင်စည်သူလင်းအား ယနေ့မှစ၍ မောင်ကျော်ဇေယျာလင်း ၁၁/ကဖန(နိုင်)၁၁၃၂၂၄ ဟု ပြောင်းလဲခေါ်ပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/5716 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
## စက်ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းကို မြန်မာကျပ်ငွေနှင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

| | | |
|---|---|---|
| (က) | Convergence News Room အဆင့်မြှင့်တင်ခြင်းလုပ်ငန်း အတွက် နှစ်စဉ်ထိန်းသိမ်းခြင်းလုပ်ငန်း | (1 Lot) |
| (ခ) | MRTV Radio Playout Automation | (1 Lot) |
| | System Upgrade & Maintenance လုပ်ငန်း | (1 Lot) |
| (ဂ) | Presentation I ရှိ HD Playout System အား Service Level Agreement လုပ်ငန်း | (1 Lot) |
| (ဃ) | 50W DVB-T2 လွှင့်စက်ဝယ်ယူခြင်း (လေရှီးစက်ရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး) | (1 Set) |
| (င) | 150 W FM လွှင့်စက်ဝယ်ယူခြင်း (နမ္မားစက်ရုံ၊ ကချင်ပြည်နယ်) | (1 Lot) |
| (စ) | အသံလွှင့်လုပ်ငန်းသုံးပစ္စည်း | (1 Item) |
| (ဆ) | ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ | (25 Items) |
| (ဇ) | ရုံးလုပ်ငန်းသုံးပစ္စည်းများ | (16 Items) |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၉-၂၀၂၀ ရက်မှ ၈-၁၀-၂၀၂၀ ရက်ထိ နေ့စဉ် နံနက် ၀၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၉-၁၀-၂၀၂၀ ရက် နံနက် ၀၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလ ထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် စက်ပစ္စည်းစာရင်း အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
ဖုန်း-၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တာချီလိတ်ခရိုင်တရားရုံး
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၅

| | | |
|---|---|---|
| ၁။ ဦးစိုင်းခမ်း | နှင့် | ၁။ ဒေါ်အီခမ်းအွေ့ |
| ၂။ ဦးစိုင်းလုံ | | ၂။ ဦးအိုက်ပရား |
| **တရားလိုများ** | | **တရားပြိုင်များ** |

တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ အာခါဈေးလမ်း၊ အမှတ်(၂၆၆)နေ ဒေါ်အီခမ်းအွေ့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများ ဦးစိုင်းခမ်းနှင့် ဦးစိုင်းလုံတို့က ဒေသသုံး ထိုင်းဘတ်ငွေ(၁၇)သိန်းနှင့်ညီမျှသော မြန်မာကျပ်ငွေသိန်း ၇၃၀ နှင့် နစ်နာကြေးငွေ သိန်း(၂၇၀)၊ စုစုပေါင်းကျပ်ငွေသိန်း(၁၀၀၀)တိတိရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၄ ရက် (၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်) နံနက် ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများ၏ဆွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မင်းအောင်)**
**ခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်မြင့်မြင့်ညွန့် ၁၂/အစန(နိုင်)၁၆၄၄၅၉ မှ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ် (၁)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ် ၂၂၁၊ မြေညီထပ်ခြေရင်းခန်း (၁၅x၅၀)ပေအား ၁၈-၁၁-၂၀၁၅ ရက်တွင် ဒေါ်တင်တင်အေး ၁၂/ဥကမ(နိုင်)၀၈၂၅၅၀ ထံမှ သိန်း(၁၅၀၀)နှင့် ဝယ်ယူထားပြီးဖြစ်ပါကြောင်း ထပ်မံကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ညွန့်**
**၁၂/အစန(နိုင်)၁၆၄၄၅၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ပိုင်းမော်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၈/သာဂရကျောင်း)၊ ဦးပိုင်အမှတ်(၁၂၃)၊ မြေဧရိယာ ၀ ဒသမ ၂၀၆ ဧကရှိ နေအိမ်မြေကွက်သည် ဦးလာတားအမည်ဖြင့် ၂၀၀၅-၂၀၀၆ ခုနှစ်မှ ယနေ့အထိ မြေခွန်ပြေစာထွက်ရှိကာ မြို့မြေငှားရမ်းခပေးဆောင်နေသည့် မြေကွက်ဖြစ်ပြီး လျှောက်ထားမြေကွက်ပေါ် (၃x၂)ခန်းပတ်လည် သွပ်မိုး၊ အုတ်ကာ၊ (၂)ထပ်နေအိမ်(၁)လုံး ဆောက်လုပ်ကာ လက်ရှိမိသားစုနေထိုင်လျက်ရှိပါကြောင်း၊ အိမ်ခြံမြေကွက်နှင့်ပတ်သက်ပြီး အရှုပ်အရှင်း တစ်စုံတစ်ရာမရှိပါကြောင်း၊ ၁၃-၇-၂၀၂၀ ရက် ကျမ်းကျိန်လွှာအမှတ် စဉ် ၂၂၉/၂၀၂၀ ကို ပိုင်းမော်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနတွင် ၁၄-၇-၂၀၂၀ ရက်စွဲပါ မှတ်ပုံတင်အမှတ်(၂၈/၂၀၂၀)ဖြင့် ပြုဆိုတင်ပြကာ ဦးလာတား ၁/ဝမန(နိုင်)၀၅၇၄၇၅ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိနိုင်ရေး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုမြေငှားဂရန်လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူ ဦးလာတားအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပိုင်းမော်မြို့**

## နယ်စပ်ရေးရာဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်ကာလအတွင်း အချိန်မီပြီးစီးရန်အလို့ငှာ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့်ကယားပြည်နယ်ဒေသများရှိလုပ်ငန်းများ။

(ခ) **ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန**
ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဧရာဝတီတိုင်းဒေသကြီးများရှိ လုပ်ငန်းများ။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၉-၉-၂၀၂၀ ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး တင်ဒါလျှောက်လွှာများကို ၉-၁၀-၂၀၂၀ရက် ညနေ ၁၆:၃၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများ ရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ်(၄၂)၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၆၇-၄၀၉၄၀၀၊ ၀၆၇-၄၀၉၁၈၆ နှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဖုန်း-၀၆၇-၄၀၉၅၇၈၊ ၀၆၇-၄၀၉၃၆၃၊ ၀၆၇-၄၀၉၄၁၇ နေပြည်တော်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန Website (www.moba.gov.mm)တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ တင်ဒါဖွင့်လှစ်မည့်ရက်အား သီးခြားထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**နယ်စပ်ရေးရာဝန်ကြီးဌာန**
**ရုံးအမှတ်(၄၂)၊ နေပြည်တော်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၆၁၅

| | | |
|---|---|---|
| မနွယ်နီစိုး | နှင့် | ၁။ ဦးကျော်ကျော် |
| | | ၂။ မောင်အောင်မျိုးသန်း |
| | | ၃။ မောင်အောင်မျိုးဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

(၂)တရားပြိုင် မောင်အောင်မျိုးသန်း၊ (၃)တရားပြိုင်မောင်အောင်မျိုးဝင်း၊ ဗိုလ်စိန်လေထိုးကျွတ်ဖာဆိုင်၊ ၆၅ လမ်း၊ စံပယ်လမ်းနှင့် သရဖီလမ်းကြား၊ ချမ်းမြသာစည်မြို့နယ် မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံစီမံခန့်ခွဲပေးစေလိုမှုနှင့် တရားလိုရထိုက်သော ငွေကျပ်(၈၇၆၃၂၀၈.၇၅)ကို ထုတ်ယူခွင့်ပြုစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၈ ရက် (၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မာလာထွဋ်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ် (တ/၂၂၀/၂)၊ မြေပေအကျယ် (၅၀x၁၀၀)ပေ၊ ဧရိယာစတုရန်းပေ (၅၀၀၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ရာဇာဓိရာဇ်လမ်း၊ မြေကွက်အမှတ် (ထ/၂၂၀/၂)၊ မြေပေအကျယ် (၅၀x၁၀၀)ပေ၊ ဧရိယာစတုရန်းပေ (၅၀၀၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်တို့၏ အမည်ပေါက်များမှာ ဦးဇာနီထွန်း ၁၂/ရကန(နိုင်)၀၅၇၄၉၄ နှင့် ဒေါ်ခင်သန္တာစိုး ၁၂/ဗဟန(နိုင်)၀၇၇၇၅၂ တို့ဖြစ်ပြီး၊ ဦးဇာနီထွန်းမှာ ၂၆-၁၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားသောကြောင့် ၎င်း၏တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ခင်သန္တာစိုးက မြေကွက်အမှတ်(တ/၂၂၀/၂)ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၇၁၅/၂၀၂၀)ဖြင့်လည်းကောင်း၊ မြေကွက်အမှတ် (ထ/၂၂၀/၂)ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၇၁၄/၂၀၂၀)ဖြင့်လည်းကောင်း အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပြီး အဆိုပါခြံမြေကွက်များနှင့်ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် (အလင်္ကာ Law Firm)**
**LL.B, D.B.L, D.M.L, D.I.L တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား သတိပေးကြေညာချက်
## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား




**မှတ်ပုံတင်စာချုပ်အမှတ် (၄၅၃/၂၀၂၀)**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ဦးသိန်းဌေးနှင့်ဒေါ်ခင်ဌေးရီတို့မှ မိမိတို့တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ မြစ်ကြီးနားမြို့၊ မြို့မရပ်ကွက်၊ အိမ်အမှတ်(၉၉)တွင် ဖွင့်လှစ်၍ လက်လီ/လက်ကားဖြန့်ဖြူးရောင်းချနေသော ငါးခြောက်ကြော်၊ လက်ဖက်နှင့် ပဲနှစ်ပြန်ကြော် စားသောက်ကုန်တို့ကို ထည့်သွင်း/ထုပ်ပိုးရာ၌ အသုံးပြုသည့် လုပ်ငန်းဆက်စပ်ပစ္စည်းအမျိုးမျိုးတို့အပေါ်တွင်လည်းကောင်း၊ လက်ဆောင်မွန်အဖြစ် ပေးအပ်သည့် ပစ္စည်းအမျိုးမျိုးတို့အပေါ်တွင်လည်းကောင်း ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ မြစ်ကြီးနားမြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည့်အပြင် အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့်ပင် ဆိုင်းဘုတ်၊ ဗီနိုင်းကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ရုပ်ရှင်ဆလိုက်ကြော်ငြာ၊ တီဗွီ၊ ဗီဒီယိုကြော်ငြာ၊ မဂ္ဂဇင်းကြော်ငြာနှင့် ဆိုင်တံဆိပ်တုံး၊ ဒီဇိုင်းတံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်း၊ Internet,Website,E-mail အစရှိသည်တို့တွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေသုံးစွဲ၍ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားမပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ တုပပြုလုပ်သုံးစွဲကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသိန်းဌေး ၉/နထက(နိုင်)၀၅၃၀၅၇ နှင့် ဒေါ်ခင်ဌေးရီ ၉/နထက(နိုင်)၀၀၀၀၄၄တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးကျော်စိုးမိုး (LL.B)**
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၀၉၈၅
အမှတ် (၃၉၆)၊ ရွှေညောင်ပင်ရပ်ကွက်၊ မြစ်ကြီးနားမြို့
ဖုန်း-၀၉-၄၃၁၆၄၄၈၃၊ ၀၉-၇၉၃၀၈၇၄၆၄

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၅၉၇

| | | |
|---|---|---|
| ဒေါ်နွယ်နီဝင်း ပါ-၄ | နှင့် | ဦးမောင်ကောင်း |
| **တရားလိုများ** | | **တရားပြိုင်** |

ဦးမောင်ကောင်း (ဘ)ဦးမေဒါ၊ MMO-၂၆၂၀၉၅၊ (ခ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "ကတိပဋိညာဉ်အတိုင်း တရားဝင်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၆ ရက် မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လင်းအောင်သူ)**
**ဒုတိယခရိုင်တရားသူကြီး (၆)**
**မန္တလေးခရိုင်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/6078 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/7648 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅ အီး^၈၊ မြေကွက်အမှတ် IV ၉ D/၃၊ မြေကွက်တည်နေရာအမှတ် ၆/၅၁၅၊ အောက်ကြည့်မြင်တိုင်လမ်း၊ ဧရာဝတီဝင်း၊ ကရင်အမျိုးသားရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် ဦးစောနော်မန်ဒွေး ၁၃/ကတန(နိုင်)၀၁၁၆၈၆ အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား အမည်ပေါက် ဦးစောနော်မန်ဒွေးသည် (၁-၁၂-၂၀၁၉)ရက်တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်နော်ပေးဒီ ၁၂/ကမတ(နိုင်)၀၀၅၆၃၇ မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ဒဂုံမြို့နယ်တရားရုံး၏ ကတိသစ္စာပြုလွှာမှတ်ပုံတင်အမှတ် ၃/၂၂၈၀/၂၀၂၀(၁၇-၃-၂၀၂၀)၊ ထောက်ခံကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် ၃/၂၂၈၁/၂၀၂၀(၁၇-၃-၂၀၂၀) နှင့် ၃/၂၂၈၂/၂၀၂၀(၁၇-၃-၂၀၂၀)၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ပိုင်ဆိုင်စာချုပ်အမှတ် ၃၉၀၃/၁၆-၆-၂၀၁၅ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပွဲတော်အုပ်
ဆန်ဆိုင်
အရောက်ပို့
:01512443, 0973017656, 095055574

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အင်ဒိုင်းကုန်းရပ်ကွက်၊ အမှတ် (၂/၈၀) နေ မစန္ဒာချော၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဝင်း ၅/ကလထ(နိုင်)၀၉၆၀၂၉ ဖြစ်ပါကြောင်း။ **ဦးမြင့်ဝင်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အထက(ရာဇဂြိုဟ်) အဌမတန်း(အောင်)မှ မောင်ဝေဖြိုးထွန်းနှင့် စတုတ္ထတန်း(အောင်)မှ မောင်အောင်အောင်ထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းဆွေ ၅/ကလဝ(နိုင်)၀၅၈၈၄၁ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4J/1134 Toyota RAV 4 S/W ယာဉ်လက်ဝယ်ရှိသူ ဦးရဲသူအောင် ၁၂/လသန(နိုင်)၀၂၀၂၀၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13U/2672 Kamax-250 Three Wheel ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းနိုင် ၁၂/သလန(နိုင်)၀၉၉၅၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၈၉၁၀၂ kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၉/ခမစ(နိုင်)၀၄၆၂၄၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

SEVEN
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/8124 Toyota Belta SCP 92, S/L(4x2)(R) ယာဉ် လက်ဝယ်ရှိသူ ဦးနှင်းဦး ၁၂/ဗတထ (နိုင်)၀၀၄၁၅၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9H/7643 Forland, Dump Truck(4x2)(L) ယာဉ်လက်ဝယ်ရှိသူ ဦးတန်ဘီ ၁၀/မလမ(နိုင်)၁၇၇၉၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

## ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၊ ဂေါပကအဖွဲ့
## ရွှေမိုက်ပစ္စည်းများနှင့်ရွှေစစ်ကန်မှရွှေမြေများရောင်းချရန် စျေးပြိုင်ကြော်ငြာစာ

၁။ ပုသိမ်မြို့၊ သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ ရွှေသင်္ကန်းကပ်လှူခဲ့စဉ်က ကျန်ရှိခဲ့သော ရွှေပါဝင်သည်ဟု ယူဆရသည့် ရွှေမိုက်ပစ္စည်းများနှင့် အောက်ပစ္စယာရှိရွှေစစ်ကန်များအတွင်းရှိသော ရွှေမြေများအား စျေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

၂။ စျေးပြိုင်အဆိုပြုလွှာနှင့်စည်းကမ်းချက် (၁) စုံလျှင် ငွေကျပ် ၁၀၀၀ဝိ/ (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံးတွင် ဝယ်ယူတင်သွင်းရန် ဖြစ်ပါသည်။ ရွှေမိုက်ပစ္စည်းများအား မျက်မြင်ကြည့်ရှုနိုင်ပါသည်။

၃။ စျေးပြိုင်အဆိုပြုလွှာများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID – 19 ကာလစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ၈–၁၀–၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ဂေါပကအဖွဲ့မှ စျေးပြိုင် အဆိုပြုလွှာတင်သွင်းသူများ၏ ရှေ့မှောက်၌ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း ၀၄၂– ၂၄၂၇၇ ၀၉–၄၂၈၅၅၂၀၀၉
၀၄၂ –၂၅၂၉၈ ၀၉–၇၈၉၃၉၀၃၁၈

ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး
ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့




### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1C/ 8331 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

### မွေးသက္ကရာဇ်အမှန်

စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်းနေ ဦးခင်မောင်ထွန်း၏သား ဒလမြို့ ဟာမိုနီကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်အံ့ဘွယ်ထွန်း ၁၂/စခန(နိုင်) ၀၈၃၇၇၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂–၁၀–၂၀၀၅ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2D/4258 Toyota RAV 4 ACA 21 Station Wagon (4x4) R ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ဦး ၉/ပသက(နိုင်) ၁၁၅၁၅၆ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ ဇန္နလရပ်ကွက်(ကော်လပြ)၊ အကွက်အမှတ်နှင့်အမည် (၃၂၈–က၊ ကျီကုန်း)၊ ဦးပိုင်အမှတ် (၆၊ ၇၊ ၈) ဧရိယာ ဝ.၁၁၁ဧ၃၀၉ ဧကရှိမြေအား ဦးခင်မောင်မြင့် အမည်ဖြင့် မြေငှားစာချုပ် (အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### ဖခင်အမည်မှန်

မင်းဘူးမြို့နယ်၊ အထက(ခွဲ)ဖြူကုန်း၊ Grade –10 (စနစ်သစ်) မှ မလှယမင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်း ၈/မဘန(နိုင်)၀၆၁၀၂၇ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6G/6426 Toyota Hilux Surf KZN –185 ပ/မ (4x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာမိုး ၈/မလန(နိုင်) ၀၄၅၄၂၈ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 71W/98075 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1P/4363 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/7644 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မူဆယ်)မူဆယ်မြို့

## လုပ်ငန်းအမည်အမှတ်အသားအသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အမှတ်–၁၅၀(ခ)တွင် တည်ရှိသော SHIN RAI COMPANY LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ်–၁၁၈၉၈၅၆၆၄ သည် မြန်မာနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်ထားသောကုမ္ပဏီဖြစ်ပြီး အောက်ဖော်ပြပါ လုပ်ငန်းအမည်အမှတ်အသားကို ကုမ္ပဏီ၏တစ်ဦးတည်းမူပိုင်လုပ်ငန်း အမည်အမှတ်အသားအဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ၇–၈–၂၀၂၀ ရက်စွဲပါ စာချုပ်အမှတ်(၇၈၈၆/၂၀၂၀)ဖြင့် တရားဝင်မှတ်ပုံတင် သွင်း၍ မြွက်ဟကြေညာခဲ့ပြီးဖြစ်ပါသည်။

**SHIN RAI INTERNATIONAL VOCATIONAL INSTITUTE**

**(SRIVI)**

၄/၇၈၈၆/၂၀၂၀ (၇–၈–၂၀၂၀)

SHIN RAI COMPANY LIMITED သည် ပူးတွဲဖော်ပြပါ လုပ်ငန်းအမည်အမှတ်အသား SHIN RAI INTERNATIONAL VOCATIONAL COLLEGE (အတိုကောက်အားဖြင့် SRIVI )ဖြင့် အပြည်ပြည်ဆိုင်ရာအဆင့်သတ်မှတ်ချက်အမှတ်–၄၁ အောက်တွင် ကျရောက်သည့် ကုမ္ပဏီမှဆောင်ရွက်နေသော ပညာရေးဆိုင်ရာလုပ်ငန်းများ၊ ကုမ္ပဏီနှင့်သက်ဆိုင်သော အသက်မွေးဝမ်းကျောင်း ပညာသင်ကြားရေးဆိုင်ရာလုပ်ငန်းများ၊ အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးသင်တန်းကျောင်း အပါအဝင် အခြားဆက်စပ်သောသင်တန်းများဖွင့်လှစ်ခြင်း၊ သင်တန်းသားများ ရှာဖွေစုဆောင်းခြင်းနှင့် အခြားပတ်သက်ဆက်နွယ်သောလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင်သော်လည်းကောင်း၊ သင်ရိုးညွှန်းတမ်းများ၊ သင်တန်းကျောင်းမှ ထုတ်ဝေဖြန့်ချိသောစာရွက်စာတမ်းများ၊ စာစောင်များ၊ ဘာသာရပ်ဆိုင်ရာ မှတ်ပုံတင်စာအုပ်များ၊ သင်တန်းကျောင်းတွင် အသုံးပြုသောဆိုင်းဘုတ်များ၊ ဗွီနိုင်းများ စသည်တို့တွင်လည်းကောင်း၊ သင်တန်းကျောင်းနှင့်ရုံးပိုင်းဆိုင်ရာကိစ္စများတွင်လည်းကောင်း၊ မည်သည့်စာလုံး၊ ပုံသဏ္ဌာန်၊ မည်သည့်စာလုံးအရွယ်အစား၊ မည်သည့်အရောင်ဖြင့်မဆို၊ အသုံးပြုခြင်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အဆိုပါဤလုပ်ငန်းအမှတ်အမည် အမှတ်အသား ကို ကုမ္ပဏီ၏ လုပ်ငန်းများနှင့် ဆက်နွယ်လျက် ဆိုင်းဘုတ်၊ စာရွက်စာတမ်း၊ ကြော်ငြာ၊ စာစောင်ကြော်ငြာ၊ ပိုစတာ၊ စတေကာ၊ ဗွီနိုင်း နေ့စဉ်သတင်းစာ၊ ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်း၊ တီဗွီ၊ ဗီဒီယို၊ ဘလောက်၊ တံဆိပ်တုံး၊ ငွေရပြေစာ၊ ဖြတ်ပိုင်း၊ ဘောက်ချာ၊ Letter Head Business Card အင်တာနက်စာမျက်နှာ (Internet Website) နှင့် Facebook Page များတွင်လည်း ထည့်သွင်းရိုက်နှိပ်၍ နိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ SHIN RAI COMPANY LIMITED က တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် လုပ်ငန်းအမည်အမှတ်အသားကို မိမိတို့ကုမ္ပဏီမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါလုပ်ငန်းအမည်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်၍ဖြစ်စေ၊ လုပ်ကိုင်ဆောင်ရွက်အသုံးပြုခြင်းများ မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက SHIN RAI COMPANY LIMITED ၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာ ဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ထွေးမြင့်**
**တရားလွှတ်တော်ရှေ့နေ(အမှတ်စဉ်–၇၄၂၉)**
**KST Legal**
**အမှတ် ၄၂ ဘီ၊ ခုနစ်လွှာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

## လုပ်ငန်းအမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အမှတ်–၁၅၀(ခ)တွင် တည်ရှိသော SHIN RAI Co.,Ltd.(ကုမ္ပဏီမှတ်ပုံတင်အမှတ်–၁၁၈၉၈၅၆၆၄)သည် မြန်မာနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်ထားသောကုမ္ပဏီဖြစ်ပြီး အောက်ဖော်ပြပါလုပ်ငန်း အမှတ်တံဆိပ်ကို ကုမ္ပဏီ၏တစ်ဦးတည်းပိုင်အမှတ်တံဆိပ်အဖြစ် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ၂၈–၇–၂၀၂၀ ရက်စွဲပါစာချုပ်အမှတ် (၇၄၉၀/၂၀၂၀)ဖြင့် တရားဝင်မှတ်ပုံတင်သွင်း၍ မြွက်ဟကြေညာပြီးဖြစ်ပါသည်။

SRC

၄/၇၄၉၀/၂၀၂၀(၂၈–၇–၂၀၂၀)

SHIN RAI Co.,Ltd.သည် ပူးတွဲဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်ဖြင့် အပြည်ပြည်ဆိုင်ရာအဆင့်သတ်မှတ်ချက်–၄၁ အောက်တွင် ကျရောက်သော ကုမ္ပဏီမှဆောင်ရွက်နေသည့် ပညာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းအားလုံးနှင့် အခြားဆက်နွယ်သောလုပ်ငန်းများ၊ ကုမ္ပဏီနှင့်သက်ဆိုင်သောလုပ်ငန်းများအားလုံးတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ဆောင်ရွက်ခြင်းများသာမက ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များပါ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အဆိုပါ ဤလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီ၏လုပ်ငန်းများနှင့် ဆက်နွယ်လျက် ဆိုင်းဘုတ်၊စာရွက်စာတမ်း၊ ကြော်ငြာ၊ စာစောင်ကြော်ငြာ၊ ပိုစတာ၊ စတေကာများ၊ ဗီနိုင်း၊ နေ့စဉ်သတင်းစာ၊ ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်း၊ တီဗွီ၊ ဗီဒီယို၊ ဘလောက်၊ တံဆိပ်တုံး၊ ငွေရပြေစာ၊ ဖြတ်ပိုင်း၊ ဘောက်ချာ၊ လက်တာဟက်၊Business Card၊internet website နှင့် Facebook page များတွင်လည်း ထည့်သွင်းရိုက်နှိပ်အသုံးပြု၍ နိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပူးတွဲဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်သည် SHIN RAI Co.,Ltd.က တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသားဖြစ်ပါ၍ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါအမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ဆင်တူယိုးမှားဖြစ်စေ၊တုပပြုလုပ်၍ဖြစ်စေ စသည်တို့ကို လုပ်ကိုင်ဆောင်ရွက်အသုံးပြုခြင်းများ မပြုလုပ်ကြရန် နှင့် ပြုလုပ်ပါက SHIN RAI Co.,Ltd. ၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ထွေးမြင့်**
**တရားလွှတ်တော်ရှေ့နေ(အမှတ်စဉ်–၇၄၂၉)**
**KST Legal**
**အမှတ်၄၂ ဘီ၊ ခုနစ်လွှာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

## သံဃာတော်(၁၆၆၀)ကျော် သီတင်းသုံးတော်မူသော မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ရေ–မီး ထာဝရငွေပဒေသာပင်

### ကျပ်သိန်း(၁)သောင်း စီမံကိန်း ဆက်သွယ်လှူဒါန်းရန်– မစိုးရိမ်တိုက်သစ် ဂေါပကအဖွဲ့

ဦးလှအောင်(ဥက္ကဋ္ဌ)၊ ဖုန်း–၀၉–၂၀၀၃၂၂၉　　ဦးမြဇော်(အတွင်းရေးမှူး) ဖုန်း–၀၉–၂၀၀၇၃၆၄
ဦးကျော်ဇေယျ(အဖွဲ့ဝင်) ဖုန်း–၀၉–၂၀၀၃၈၅၅　　ဦးသိန်းဌေးအောင်(အဖွဲ့ဝင်) ဖုန်း–၀၉–၂၀၀၉၇၉၀
ဦးကင်းဝန် (အဖွဲ့ဝင်) ဖုန်း–၀၉–၅၃၀၂၁၃၇

မန္တလေးမြို့၊ ၈၉ လမ်း၊ ၃၈x၄၁ လမ်းကြား၊ မစိုးရိမ်တိုက်သစ်သို့လည်း လူကိုယ်တိုင်လာရောက် လှူဒါန်းနိုင်ပါသည်။

**မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် ရေ၊ မီး ပဒေသာပင် ၈–လ ပိုင်း အလှူရှင်စာရင်း**

ယခင်နေ့မှအဆက်

| စဉ် | အလှူရှင် | အလှူငွေ |
|---|---|---|
| ၆၂ | ဦးမောင်ကို–ဒေါ်အုန်းရင်မိသားစု ပြည်ကြီးပျော်ဘွယ်အနောက်၊ မန္တလေးမြို့ | 100000 |
| ၆၃ | ဦးကြည် မွေးနေ့ကုသိုလ် | 100000 |
| ၆၄ | ဦးမန်းငွေအား ရည်စူး၍ ဒေါ်အုန်းရီမိသားစု ဂေါဝိန် ၃၂၄၊ စိန်ပန်း၊ မန္တလေးမြို့ | 100000 |
| ၆၅ | မနန်းမိုး၏ (၄၄)နှစ်ပြည့်မွေးနေ့အလှူ ကိုထက်မိုးလွင်–မနန်းမိုးသီတာနွယ်၊ သား–မောင်ကောင်းခန့်ဝင်းလွင်မိုးမိသားစု၊ ဩစတြေးလျနိုင်ငံ | 100000 |
| ၆၆ | ဦးထူး–ဒေါ်ဟန်ငွေ စိန်ပန်း အကွက် ၃၄၅၊ ဖောင်တော်ရပ်၊ မန္တလေးမြို့ | 100000 |
| ၆၇ | ဦးမောင်အေး–ဒေါ်မိုး ခေတ္တ ထိုင်းနိုင်ငံ(လစဉ်) | 100000 |
| ၆၈ | ကွယ်လွန်သူ (ဘ)ဦးကျော်အေး– (အမိ)ဒေါ်နှင်းတို့အား ရည်စူး၍ ဒေါ်နုနုငယ် သားသမီးမြေးတစ်စု | 100000 |
| ၆၉ | ကွယ်လွန်သူ ဦးဝင်းသန်းနှင့် သား မောင်နေခြည်ဝင်းသန်းတို့အား ရည်စူး၍ ဒေါ်နုနုငယ် သားသမီးမြေးတစ်စု | 100000 |
| ၇၀ | ကွယ်လွန်သူ (ဘွား)ဒေါ်သိန်းခင်၊ ဖခင်ကြီး ဦးကျော်မြင့်၊ မိခင်ကြီး ဒေါ်အုံးမေတို့အား ရည်စူး၍ ကျန်ရစ်သူမိသားစု၊ စတီးဝင်းရပ်၊ မန္တလေးမြို့ | 100000 |
| ၇၁ | အရှင်တေဇဝန္တ B.A သီရိရတနာကျောင်း၊ အနောက်တိုက်တော်ကျောင်းတိုက်၊ မန္တလေးမြို့ | 100000 |
| ၇၂ | ဦးနေမျိုးလွင်–ဒေါ်လှိုင်လှိုင်ဦး ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ | 100000 |
| ၇၃ | ဦးတင်လှိုင်–ဒေါ်ခင်မြင့် ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ | 100000 |
| ၇၄ | ဒေါ်တင်တင်အေး သိန်းရိပ်စံဂေဟာ၊ တပ်ကုန်းမြို့ မိခင်ကြီး(ဇာမရီရွှေမန်းဆေးလိပ်)၊ ဒေါ်ဒေါ်သိန်းအား ရည်စူးအလှူ | 100000 |
| ၇၅ | ဦးဝင်းမြင့်–ဒေါ်ချိုချိုမိသားစု လင်းစက်သုံးဆီနှင့် လင်းရေသန့်လုပ်ငန်း၊ ဘုရင့်နောင်ရပ်ကွက်၊ တပ်ကုန်းမြို့ | 100000 |
| ၇၆ | ဦးကိုကြီး–ဒေါ်စန်းစန်း သား–ဒေါက်တာတင်ကိုကို၊ သမီး–ဒေါက်တာဝင်းပပစန်း မဟာမြိုင်(၂)၊ မန္တလေးမြို့ | 100000 |
| ၇၇ | ဒေါ်အေးကြည် သား–ကိုဇော်မင်းလတ်–မသက်ထားဦးမိသားစု အောင်ဇေယျရပ်ကွက်၊ တပ်ကုန်းမြို့ မိဘများဖြစ်ကြသော (ဦးညီပု–ဒေါ်ပု)တို့အား ရည်စူးအလှူ | 100000 |
| ၇၈ | ဒေါ်မွေးမာ (မောင်နှမတစ်စု) ခလေးမုန့်တိုက်၊ တပ်ကုန်းမြို့ | 100000 |
| ၇၉ | ဖခင်ဦးထွန်းဖေ–မိခင်ဒေါ်မြပိုင်နှင့် ခင်ပွန်းဦးထွန်းချိုတို့အား ရည်စူး၍ ဒေါ်ခင်မေ၊ သမီး–မေချိုဦးမိသားစု ဘုရင့်နောင်ရပ်ကွက်၊ တပ်ကုန်းမြို့ | 100000 |
| ၈၀ | ဦးရွှေဝ–ဒေါ်ခင်နွဲ့ရီမိသားစု၊ ဘုရင့်နောင်ရပ်ကွက်၊ တပ်ကုန်းမြို့ | 100000 |
| ၈၁ | ဒေါ်ခင်သိန်းကြည်၊ မောင် ဦးတင်ထွန်း တပ်ကုန်းမြို့ (ဦးပါ)မိသားစု ဗိုလ်မင်းရောင်ရပ်ကွက်၊ တပ်ကုန်းမြို့ | 100000 |
| ၈၂ | မူလအာဘိဓမ္မိက ပဋ္ဌာန်း ဦးဘသွယ်–ဒေါ်အေးမိုတို့အား ရည်စူး၍ သမီး ဒေါ်တင်မူ မန္တလေးမြို့ | 100000 |
| ၈၃ | (ဦးလှသော်)–ဒေါ်သန်းကြည် ၂၇၊ ၇၂x၇၃ ကြား၊ မန္တလေးမြို့ | 100000 |

ဆက်လက်ဖော်ပြသွားပါမည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ မြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၄/ရှောက်ခါးတောင်)၊ ဦးပိုင်အမှတ် (၁၆–ခ)၊ ဧရိယာ ၀ ဒသမ ၂၂၂ ဧကရှိမြေအား ဦးကျော်စိုးအမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ထန်းတောရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၈၈/နန်းဦး)၊ ဦးပိုင်အမှတ်(၄၄၂)၊ ဧရိယာ ၀ ဒသမ ၀၄၉ ဧကရှိမြေအား ဦးကျော်မင်းထွန်းအမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## မယဉ်ယဉ်အေး ၁၁/စတန(နိုင်)၀၅၆၉၆၉ နှင့် သက်ဆိုင်သူများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ်(၅၈၅)၊၈၂ လမ်း၊ ၂၉x၃၀ လမ်းကြားနေ ဦးအောင်ကျော်မိုး ၉/ပသက(နိုင်) ၀၀၂၅၈၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်ကျော်မိုးနှင့် မယဉ်ယဉ်အေးတို့သည် ၂၄–၆–၁၉၉၇ ကတည်းက တရားဝင်လက်ထပ်ပေါင်းသင်းပြီး အထက်ပါလိပ်စာတွင်နေထိုင်၍ သားသမီးနှစ်ဦးထွန်းကားခဲ့ပါသည်။ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ဧပြီလအထိ ဦးအောင်ကျော်မိုးမှ နေအိမ်တွင်မရှိခိုက် ၁၆–၆–၂၀၁၇ ရက်တွင် အထက်လိပ်စာပါနေအိမ်မှ မယဉ်ယဉ်အေးသည် ၎င်း၏သဘောဖြင့် ထွက်ခွာသွားပါသည်။ ဦးအောင်ကျော်မိုးမှာ ၂၀၂၀ ဧပြီလတွင် နေအိမ်သို့ပြန်လည်ရောက်ရှိပြီး တရားဝင်ဇနီးမယားဖြစ်သူ မယဉ်ယဉ်အေးကို နေအိမ်သို့ ပြန်လည်လာရောက်နေထိုင်ရန် ဆွေမျိုးသားချင်းများ၊ မိတ်ဆွေအပေါင်းအသင်းများမှတစ်ဆင့် အကြောင်းကြားခေါ်ဆောင်သော်လည်း မယဉ်ယဉ်အေးမှာ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိသကဲ့သို့ ဆက်သွယ်ခြင်းမရှိပါ။ မယဉ်ယဉ်အေးသည် ယနေ့ထိတိုင် ဦးအောင်ကျော်မိုး၏ တရားဝင်ဇနီးမယားတစ်ဦးဖြစ်ပြီး ကွာရှင်းပြတ်စဲထားခြင်းလည်းမရှိပါ။

မယဉ်ယဉ်အေးအနေဖြင့် ဤသတင်းစာကြေညာသည့်ရက်မှစပြီး ၁၅ ရက်အတွင်း တရားဝင်ခင်ပွန်းဖြစ်သော ဦးအောင်ကျော်မိုးထံသို့လည်းကောင်း၊ ကျွန်ုပ်တို့ထံသို့လည်းကောင်း၊ အမြန်ဆုံးဆက်သွယ်အကြောင်းကြားလာရောက်ပါရန် အသိပေးကြေညာအပ်ပါသည်။

ကြေညာချက်ပါ သတ်မှတ်ထားသောရက်အတွင်း မယဉ်ယဉ်အေးသည် အကြောင်းကြားဆက်သွယ်အသိပေးလာရောက်ခြင်းမရှိပါက မယဉ်ယဉ်အေးအား လက်ခံထားရှိသူများ၊ ဖြားယောင်းသွေးဆောင်ထားသူများ၊ မတရားတားဆီးထိန်းသိမ်းထားသူများ၊ ခြိမ်းခြောက်တားဆီးထားသူများ၊ တစ်နည်းနည်းဖြင့် လက်ခံထားရှိသူများကို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း၊ မယဉ်ယဉ်အေးနှင့် သက်ဆိုင်သူများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဦးအောင်ကျော်မိုး**
**၉/ပသက(နိုင်)၀၀၂၅၈၇**

**လွှဲအပ်ညွှန်ကြားချက်အရ–**

| ဦးချစ်ညီညီ | ဦးနေဝင်းသန့် | ဦးမြင့်ဝင်း |
|---|---|---|
| (LL.B) | (LL.M) | (LL.B) |
| စဉ်–၄၄၂၉ | စဉ်–၈၀၃၇ | စဉ်–၁၀၂၉၀ |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၂၂၁)၊ ၆၃ လမ်း၊ ၂၆x၂၇ လမ်းကြား၊ မန္တလေးမြို့**
**ဖုန်း–၀၂–၄၀၃၃၉၉၀၊ ၀၉–၂၀၂၄၅၁၅၊ ၀၉–၂၀၃၈၇၈၆**




## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၁၃၁၂၂ New 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟေနိုင်ဦး ၉/ခမစ(နိုင်)၀၆၅၈၀၉ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ် (၁၆–ခ/၂)၊ ဦးပိုင်အမှတ် (၁၁၁)၊ မြေဧရိယာ (၀ ဒသမ ၁၁၀) ဧကရှိမြေကွက်အား ဦးမရန်နော်အမည်ဖြင့် ၃၀–၆–၂၀၂၀ ရက်ထိ မြေငှားဂရန်သက်တမ်းရှိခဲ့ပြီး ဦးမရန်နှစ်သည် ၁၄–၄–၁၉၉၃ ရက်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီး ၅–၂–၁၉၉၅ ရက်တွင် ၎င်း၏တစ်ဦးတည်းသောဇနီး ဒေါ်ဇင်ဝါနှင်းထံမှ ဒေါ်စန်းစန်းမြင့်က နှစ်ဦးသဘောတူစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်စန်းစန်းမြင့် ၁/မကန(နိုင်)၀၀၁၁၉၅ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း အသစ်ရရှိရေးအတွက် ၂၈–၁–၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၆၈/၂၀၂၀)ကို ၃၀–၁–၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၂၉/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃–သုဝဏ္ဏ၊ မြေကွက်အမှတ် ၁၅၃၊ မြေကွက်တည်နေရာအမှတ် (၁၅၈)၊ ကျွန်းရွှေမြိုင်(၃)လမ်း၊ (၂၃–သုဝဏ္ဏ)၊ သဃ်န်းကျွန်းမြို့နယ်၊ ဗိုလ်မှူးကြီးဖေအောင် ၆/ထဝန(နိုင်)၀၂၈၁၆၀ အမည်ပေါက် နှစ်(၆၀)မြေအား အမည်ပေါက် ဗိုလ်မှူးကြီးဖေအောင်(ဖခင်)သည် ၅–၅–၂၀၀၅ ရက်တွင်လည်းကောင်း၊ ဒေါ်ခင်ကြည်(မိခင်)သည် ၅–၆–၁၉၉၇ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် (၁)ဒေါ်အေးအေးကြည် ၁၂/သဃက(နိုင်)၀၁၂၈၂၂၊ (၂) ဦးအောင်နိုင်လွင် ၆/ထဝန(နိုင်)၀၂၈၁၆၂၊ (၃)ဦးလေးအောင် ၁၂/သဃက(နိုင်)၁၆၃၇၁၀၊ (၄)ဦးထွေးအောင်(ခ)ဦးသန်းထွေးအောင် ၁၂/သဃက(နိုင်)၀၁၃၃၈၁၊ (၅)ဒေါ်ခင်မေဦး ၁၂/သဃက(နိုင်)၀၅၅၇၈၂ တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသော သား/သမီးများဖြစ်ကြောင်း၊ ၎င်းတို့မောင်နှမ(၅)ဦးမှလွဲ၍ အခြားသောအမွေဆက်ခံသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာအမှတ် (၁/၁၈၈၉/၁၅–၁–၂၀၂၀)၊ သေစာရင်းနှင့် သေဆုံးကြောင်း၊ ထောက်ခံချက်များ၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ၎င်းတို့(၅)ဦးထဲမှကိုယ်တိုင်နှင့် ကျန်(၄)ဦး၏ (GP)ရသူ ဦးထွေးအောင်(ခ)ဦးသန်းထွေးအောင်မှ ပါဝါပေးသူများ ယနေ့ထိတိုင် သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာအမှတ် (၂/၁၃၁/၃–၂–၂၀၂၀) GP အမှတ် (၂၅၉၃၀/၁၂–၉–၂၀၁၉)၊ (၆၆၈၆/၂၅–၆–၂၀၁၈)၊ (၁၁၂၂၉/၁၉–၁၀–၂၀၁၈)၊ (၆၆၈၇/၂၅–၆–၂၀၁၈)များ ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၈၊ မြေကွက်အမှတ်–၄၈၁၊ မြေဧရိယာ (၄၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်–၄၈၁၊ နဝရတ်လမ်းကျယ်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစိန် ၁၂/သကတ(နိုင်)၀၀၇၆၀၅ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးစိန်(ဖခင်)နှင့် ဒေါ်စိန်ရင်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးစန်းမောင် ၁၂/သကတ(နိုင်)၀၅၃၁၈၇၊ ဒေါ်သန်းသန်းဆင့် ၁၂/သကတ(နိုင်)၁၉၄၇၈၀ တို့မှ ကျမ်းကျိန်လွှာများ၊ သေစာရင်းများ၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့နေ ဦးမြင့်ဦးနှင့် ဒေါ်အေးအေးဝင်းတို့၏သား မောင်ကောင်းခန့်ကျော် ၁၂/ကတတ(နိုင်)၀၃၂၀၅၀ သည် မိဘများ၏ဆုံးမစကားကို မနာခံဘဲ မိဘများစိတ်ဆင်းရဲစေရန် လုပ်ဆောင်မှုများကြောင့် ဤကြေညာသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြတ်သန္တာငြိမ်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၅၈၈)**
**အမှတ် (၁၈၉/၁၉၅)၊ (၁၀)လွှာ–အေ၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ဖုန်း–၀၉–၄၂၁၀၈၇၀၄၃**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/2384 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/7997 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/7760 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/မြောက်၊ မြေကွက်အမှတ် ၉၆/က၊ မြေဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ် ၉၆/က၊ မြို့မ(၁၃) လမ်း၊ ၄/မြောက် တိုးချဲ့ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်စန်းရီ (CI–၀၃၁၆၃၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဒေါ်စန်းရီထံမှ GP ရသူ ဒေါ်အိသွယ်ရှင်း ၁၂/သကတ(နိုင်)၁၄၂၈၇၁ မှ ဒေါ်စန်းရီအမည်ပေါက် နှစ်(၆၀)ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ ၂၀၁၅ ခုနှစ်တွင် ဒေါ်မျိုးမျိုးဆွေမှ ဂရန်သစ်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဒေါ်စန်းရီမှ ၎င်းအနေဖြင့် ဒေါ်မျိုးမျိုးဆွေ ဂရန်သစ်လျှောက်ထားခဲ့ခြင်းအား လုံးဝမသိရှိကြောင်းနှင့် အဆိုပါမြေကွက်အား မိမိသာလျှင် ယနေ့အချိန်ထိ အရှုပ်အရှင်းလုံးဝမရှိ အမည်ပေါက်ပိုင်ဆိုင်ထားသည်မှာ မှန်ကန်ကြောင်း၊ နှစ်(၆၀)ဂရန်မူရင်းမှာလည်း မိမိလက်ဝယ်ရှိကြောင်း ကျမ်းကျိန်လွှာဖြင့် ရှင်းလင်းတင်ပြလာသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## အမည်မှန်

ဦးဝင်းလှိုင်၏သား နမ့်လန်မြို့ အထက Grade–10 တွင် ပညာသင်ကြားနေသော စိုင်းဝင်းလှိုင်၏ အမည်မှန်မှာ စိုင်းဝင်းနိုင် ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5A/8353 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး**
**(လားရှိုး)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၁ မြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အမိန့်အမှတ်၊ ၁၀၂ /၂၀၂၀
၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၉ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများ ထပ်မံတွေ့ရှိရမှု၊ ခရီးသွားရာဇဝင်မရှိသည့်အပြင် ဓာတ်ခွဲအတည်ပြု လူနာများနှင့်လည်း ထိတွေ့ခြင်းမရှိခဲ့သည့် လူနာများတွေ့ရှိရမှု များပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် အချို့သောမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း အောက်ပါမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည် –

(က) တောင်ဥက္ကလာပမြို့နယ်၊
(ခ) တာမွေမြို့နယ်၊
(ဂ) မရမ်းကုန်းမြို့နယ်၊
(ဃ) ကမာရွတ်မြို့နယ်၊
(င) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
(စ) လှိုင်သာယာမြို့နယ်၊
(ဆ) စမ်းချောင်းမြို့နယ်၊
(ဇ) ဗိုလ်တထောင်မြို့နယ်၊
(ဈ) မင်္ဂလာတောင်ညွန့်မြို့နယ်၊
(ည) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
(ဋ) ရန်ကင်းမြို့နယ်၊
(ဌ) ဒဂုံမြို့နယ်၊
(ဍ) ကြည့်မြင်တိုင်မြို့နယ်၊
(ဎ) ကျောက်တံတားမြို့နယ်၊
(ဏ) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊
(တ) အလုံမြို့နယ်၊
(ထ) ဗဟန်းမြို့နယ်၊
(ဒ) ဒဂုံဆိပ်ကမ်းမြို့နယ်၊
(ဓ) ဒေါပုံမြို့နယ်၊
(န) လမ်းမတော်မြို့နယ်၊
(ပ) လှည်းကူးမြို့နယ်။

၃။ အဆိုပါ မြို့နယ် ၂၁ မြို့နယ်ရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်–

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ)
(ခ) မဖြစ်မနေ ဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊
(ဂ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊
(ဃ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း (mask) တပ်ရန်၊
(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

စာမျက်နှာ ၁၂ ကော်လံ ၂ ◆

## ဒီမိုကရက်တစ်ပါတီ(မြန်မာ)၏ ပြည်သူများသို့ စည်းရုံးဟောပြောချက် ဖော်ပြပါရှိ

နေပြည်တော် စက်တင်ဘာ ၉

ဒီမိုကရက်တစ်ပါတီ(မြန်မာ)၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို စက်တင်ဘာ ၁၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြပါရှိပါသည်။

မြန်မာ့အလင်း

## ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ နှင့် ကရင်ပြည်သူ့ပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၉

ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ နှင့် ကရင်ပြည်သူ့ပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၀ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV) ၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၁ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ၊ The Global New Light of Myanmar သတင်းစာတို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်

## နိုင်ငံတကာသွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် ပထမဆုံးဥရောပကစားသမား စီရော်နယ်ဒိုဖြစ်လာ



ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲအဖြစ် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ပေါ်တူဂီအသင်းနှင့် ဆွီဒင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပေါ်တူဂီအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ပေါ်တူဂီအသင်းအတွက် အနိုင်ဂိုး နှစ်ဂိုးစလုံးကို သွင်းယူပေးနိုင်ခဲ့သည့် စီရော်နယ်ဒိုအနေဖြင့် အမျိုးသားလက်ရွေးစင်ဘောလုံးအသင်းတွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် ပထမဆုံး ဥရောပကစားသမား ဖြစ်လာခဲ့သည်။

စီရော်နယ်ဒိုသည် အဆိုပါပွဲတွင် ၎င်း၏ နိုင်ငံတကာသွင်းဂိုး ၁၀၀ ပြည့်မြောက်စေမည့်ဂိုးကို ပွဲကစားချိန် ၄၅ မိနစ်တွင် ရရှိခဲ့သော အလွတ်တည်ကန်ဘောမှတစ်ဆင့် ကန်သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ပွဲကစားချိန် ၇၂ မိနစ်တွင်လည်း တစ်ဂိုး

စာမျက်နှာ ၂၄ ကော်လံ ၁ ❍

## အီရတ်နှင့် အာဖဂန်နစ္စတန်တို့မှ အမေရိကန်တပ်ဖွဲ့ဝင်များ ပြန်လည်ဆုတ်ခွာသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ပြော

စာမျက်နှာ – ၁၃

## ကဘူးလ်မြို့၌ ဖြစ်ပွားသည့် ဗုံးခွဲတိုက်ခိုက်မှုမှ အာဖဂန်ဒုတိယသမ္မတ အသက်ရှင်လွတ်မြောက်

စာမျက်နှာ – ၁၄


